www.burmeseclassic.com



**အဂမနီယ ဝတ္ထု-၂၀။** ။ယောကျ်ားတို့ မသွားလာ မမှီဝဲအပ်သော မိန်းမမျိုး ၂၀-ဟူလို။ အဖြေကို (အုပ်ထိန်းခြင်း-၂၀) မှာ ရှုပါ။

**အဂ္ဂ သာဝက ၄-ပါး။** ။အမြတ်ဆုံးသော တပည့်သာဝက ၄-ပါး၊ ဂေါတမ ဗုဒ္ဓ၏ လက်ဝဲတော်ရံ နှင့် လကျ်ာတော်ရံများ၊ (၁) ရှင်သာရိပုတ္တရာ၊ (၂) ရှင်မောဂ္ဂလာန၊ ယောကျ်ားရဟန်း ၂-ပါး၊ (၃) ဥပ္ပလဝဏ်ဘိက္ခုနီ၊ (၄) ခေမာဘိက္ခုနီ၊ မိန်းမ ရဟန်းနှစ်ပါးတို့ ဖြစ်၏၊ အကျယ်ကို ဗုဒ္ဓဝံသ ဥဂါ-၌ ကြည့်ပါ။

**အဂ် မဂ် လေမျိုး ၁၁-ပါး။** ။အင်္ဂါအစိတ်အပိုင်းနှင့် သက်ဆိုင်သော လေစု၊ ၎င်းအဖြေ (လေမျိုး - ၁၀ [င] ပိုဒ်) ၌ ရှုပါလေ။

**အဂ် မဂ် ဝိကာရ လေမျိုး ၁၃-ပါး။** ။အင်္ဂါကြီးငယ်ကို ဖေါက်ပြန်စေတတ်သော လေများ၊ ၎င်းအစဖြေ (လေမျိုး - ၁၀ [ဆ] ပိုဒ်) ၌ ရှုပါလေ။

**အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း။** ။၎င်းအဖြေ (နိကာယ်၅ - ရပ် [ဿ] ပိုဒ်) ၌ ကြည့်ပါ။

**အဃောသ အက္ခရာ ၁၁-လုံး။** ။ဂါထာ မန္တန် စသည်တို့၌ ညင်ညင် သာသာ ရွတ်ဖတ်ရသော သက္ကဋကျမ်းလာ အက္ခရာများ။

က, ခ, စ, ဆ, ဋ, ဌ, တ, ထ, ပ, ဖ, သ, (သဒ္ဒါနည်း),

က, ဂ, စ, ဇ, ဋ, ဍ, တ, ဒ, ပ, ဗ, သ, (ဗျဥ္ဇနဗုဒ္ဓိနည်း)

**အင်း၊ အိုင်၊ ခါးလွဲ၊ လက်ဖွဲ့၊ မန္တရားမျိုး ၇-ပါး။** ။ဘားနဒ် ပိဋကတိုက် လောကီ ပရပိုဒ်တစောင်မှ -

(၁) အင်း-အကွက်မှန်ချ၍ ဂဏန်းရေးသွင်းသော အရာဝတ္ထုကို ခေါ်ဆိုသည်။

(၂) အိုင် - အကွက်မှန်ချ၍ စ-ဓ-ဗ-ဝ စသည့် အက္ခရာ ရေးသွင်းထားသည့် အရာကို ဆိုသည်။

(၃) ခါးလွဲ - ရွှေပြား ငွေပြား ထန်းရွက် ယေရွတ် စသည်တို့၌ စာတန်း ရေး၍ ခါး၌ ပတ်စည်းရသည့်အရာကို ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



**အင်းပေါက်ခြင်း ၇-ပါး။** ။ပေါက်ထွက်နေသော အင်းကား တန်ခိုးမရှိ ဟူ၏၊ (၁)အင်းပေါက်ချင်း မထိစပ်ခြင်း၊ (၂)အင်းပေါင် အင်းကွက်ကို မျဉ်းဖောက်ထွက်နေခြင်း၊ (၃) အင်းချ မမှန်ခြင်း၊ (၄) အင်းပေါင်နှင့် အင်းဆန် ထိစပ်နေခြင်း၊ (၅) ဂဏန်းထောင့် မကိုက်ခြင်း၊ (၆) အက္ခရာ မပြီသ မမှန်ခြင်း၊ (၇) အင်းကွက်ချ မညီခြင်း။

**မှတ်ချက်။** ။အင်းကွက်ကို ဝက်ခေါင်းထိုးလျှင် ကိုက်နေရမည်ဟူ၏။

**အင်း 'နဝ'ဖို့တည်၊ အဝပြည်၊ ၉-မည် အင်းတို့ အဘယ်နည်း?။** ။သဘင်ဝန် ဦးသော် မေး၍ တောင်ဖီလာ ဆရာတော် ဖြေ မှတ်တန်းကဗျာနှင့် အင်းဝ မြို့ ခတ်ပေါင်းမဥ္ဇူဘုရား ကျောက်စာတော်တို့မှ ထုတ်ယူ ဖြေကြား လိုက်သည်၊ ထိုမြို့ကို သက္ကရာဇ် ၇၂၆ - ခုနှစ်တွင် သတိုးမင်းဖျားက အောက်ပါ အင်းများကို ဖြည့်ဖို့ တည်ထောင်သည် ဟူ၏၊ (အင်းနဝ, အင်းဝ၊ ယခုသော် အဝ) ခေါ်ကြသည်။ (၁) ရွှေကြာပင်အင်း၊ (၂) ဇနီအင်း၊ (၃) ညောင်စောက်အင်း၊ (၄) ဝက်ချေးအင်း၊ (၅) အုန္ဒွဲ အင်း၊ (၆) အင်းမ အင်း၊ (၇) လင်းစံအင်း၊ (၈) ဘေးမဲ့အင်း၊ (၉) ဝမ်းဘဲအင်း။

**အငြိမ့်မျိုး ၆-ပါး။** ။ငြိမ့်ညောင်းသာယာသော မြန်မာ့ ပန်တျာမျိုး ၆-ပါး၊ (၁) စောင်း၊ (၂) ငြင်း၊ (၃) မိကျောင်း၊ (၄) အောင်းကလေး၊ (၅) ပတ္တလား၊ (၆) တရော၊ ရာဇဝင်ကြီး။

မဃဒေဝ လင်္ကာ၌ "စောင်း, ငြင်း, မိကျောင်း၊ အောင်း, ပတ္တလား၊ တရော အားဖြင့် ခြောက်ပါးငြိမ့်မျိုး နာဘွယ်ပျိုးသား"ဟု စပ်ဆိုသည်။

**အစပ် ၃-ပါး။** ။အဘိဓမ္မာ ပဋ္ဌိစ္စသမုပ္ပါဒ် ဝေါဟာရဖြစ်သည်၊ အဖြေကို (အခြင်းအရာ - ၂၀)၌ ကြည့်ပါလေ။

**အစပ် ၆-ပါး။** ။ရှေးကဝိစာဆိုတို့ စပ်ဆိုသီကုံး ဖော်ပြလေ့ရှိသော ဇလေးလုံး တပိုဒ် ကဗျာလင်္ကာ စပ်နည်းများ—

(၁) သတ်စွေနှက် သုံးချက်ညီခေါ် သုံးပိုဒ်တွင် ကာရန်သတ်ပုံ သုံးချက် ညီအောင် စပ်နည်း၊ ဥပမာ— ပြည်သာနိဗ္ဗာန်၊ ရှိသင့်တန်ဟု၊ ကေန်တိတိ။ ။သုံးဘော်လှူ ထံ၊ တည်ပွဲခံအံ့၊ ကြံသားခပင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



**အစားကြူးသူ ၅-မျိုး။** ။ဇင်းသရုပ် (အစားကြီးသူ ၅-မျိုး)၌ ပြခဲ့ပြီ။

**အ စိန္တေယျ ၄-ပါး။** ။သုတ်သီလက္ခန် အင္ဂုတ္တရ ၂၃-၌ အကျယ်ရှုပါ။ မကြံစည် မယုံမှားအပ်သော တရားလေးပါး- ဣမာနိ အစိန္တိယာနိ အစိန္တေယျာနိ ဥမ္မာဒဿ ဝိဃာတဿ ဘာဂီဟောတိ - ဤလေးပါးတို့ကို ကြံစည်သောသူအား ရူးသွပ်ခြင်း ဖောက်ပြန်ခြင်း အဖို့ရှိ၏ ဟူလို။ (၁) ဗုဒ္ဓဝိသယော အစိန္တိယော- ဘုရား၏ အရာကို မကြံစည်အပ်၊ (၂) ဈာနဝိသယော အစိန္တိယော - ဈာန် တန်ခိုး၏ အရာကို မကြံစည်အပ်၊ (၃) ကမ္မဝိပါကော အစိန္တိယော- ကံ၏ အကျိုးကို မကြံစည်အပ်၊ (၄) လောကစိန္တာ အစိန္တိယော-လောကဓာတ် တည်ခြင်းကို မကြံစည်အပ်။

**အစေးမျိုး ၅-ပါး။** ။ဘာယဆေးကျမ်း ဝေါဟာရ။ (၁) ပဉောင်စေး၊ (၂) သဖန်းစေး၊ (၃) ဗောဓိညောင်စေး၊ (၄) ညောင်ကျပ်စေး၊ (၅) ညောင်ချဉ်စေး။

**အစွန်း ၃-ပါး၊ ကင်းလွတ်ငြား၊ သားငါး စားရန်အပ်။** ။ရဟန်းတော်များသည် အစွန်းသုံးပါးမှလွတ်သော သားငါးတို့ကို စားသောက်ကောင်းသည်ဟု ဘုရားရှင် ခွင့်ပြုတော်မူ၏၊ အစွန်း ၃-ပါးကား- (၁) ဒိဋ္ဌ-မိမိအကျက် ရည်စူး၍ သတ်ဖြတ်နေသည်ကို ကိုယ်တိုင်မြင်ရခြင်း၊ (၂)သုတ-မိမိအတွက် ကြက်ပက်စသည်တို့ကို သတ်ဖြတ်နေကြောင်းဖြင့် ကြားသိရခြင်း၊ (၃) ပရိသင်္ကိတ- တိုသားငါးအတွက် သင်္ကာမကင်းရှိနေခြင်းမျိုး။

**အဆင်းတန်းဆာ၊ ဆင်ရာအပြား၊ ၁၄-ပါး၊ ကျမ်းများ မည်သို့မိန့်သနည်း ?** ။ ။စိန္တကျော်သူ ဦးသြရေး သြဝါဒထူး ပျို့၌ ဤသို့မိန့်၏၊ တဆယ့်လေးဖြာ၊ ဆင်းတန်းဆာကား (၁) ရာဇာဘုန်းရှိ၊ ပြည်လုံးမိကို၊ နီတိကျမ်းလျှင်၊ တန်းဆာဆင်၏၊ (၂) ဂုဏ်အင်အထူး၊ ကျေးဇူးရှိသူ၊ ထိုထိုလူကို၊ မပြုဒေါသ၊ မာန်မထဘဲ၊ နှိမ့်ချခြင်းလျှင်၊ တန်းဆာဆင်၏၊ (၃) ရှယ်သွင်ပျိုထွား၊ မိန်းမအားမူ၊ တည်ငြားစောင့်ရှောက်၊ ယွင်းမဖောက်ဘဲ၊ ရှက်ကြောက်ခြင်းလျှင်၊ တန်းဆာဆင်၏၊ (၄) လင်နှင့်မယား၊ သူစိုးအားမူ၊ မုန်းထားမလို၊ ချစ်ကြည်ညို၍၊ လှုပိုလ်ထကာ၊ ရှိသေရာသည်၊ သစ္စာခိုင်ကျည်၊ တည်ကြည်ခြင်းလျှင်၊ တန်းဆာဆင်၏

www.burmeseclassic.com



မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ၊ (၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

**အဋ္ဌဇယ မင်္ဂလာ ဂ-ပါး**။ ။အချို့ဆရာတို့က "အောင်ခြင်းရှစ်ပါး" ကိုပင် အဋ္ဌဇယ မင်္ဂလာ ရှစ်ပါးဟု ခေါ်ဆိုကြသည်၊ အဖြေ (အောင်ခြင်း ဂ-ပါး)၌ ကြည့်ပါ။

**အဋ္ဌာရသ သိပ္ပ**။ ။တဆယ့်ရှစ်ရပ်သော အတတ်ပညာမျိုး ဟူလို၊ ယောကျ်ားတို့အတတ် (၁၈) ရပ်လည်း ဟူ၏၊ ၎င်း (၁၈) ရပ်သော အတတ်တို့ကို သက္ကဋကျမ်း၌ တမျိုး၊ မိလိန္ဒပဥှာပါဠိတော်၌ တဖုံ၊ လောကနီတိကျမ်းက တဖြာ၊ ဤသို့ အနည်းနည်း လာရှိကြရာ ကျွန်ုပ်တို့အဖို့လည်း သုတကာမီများ အတွက် အသီးသီး ဆက်လက်ဖော်ပြဘို့ ဝတ္တရားရှိလေသည်၊ အဋ္ဌာရသ သိပ္ပ၊ အဋ္ဌာရသ ဝိဇ္ဇာ ဟူ၍ ပါဠိ သုံးနိုင်ကြ၏။ (၁) ဗာပ္ပတ္တ-တခုသော ဗေဒင်၏ အခက်အလက် သာခါကျမ်း၏ အထူးထူးသော အပိုင်း၌ ဆိုအပ်သော မန္တန်နည်းအားဖြင့် သိအပ်သော သာခါတပါး၌ တည်သော မန္တန်တို့အား သုံးစွဲပုံ အစီအရင်ကို ပြသော "ဗောခာယန" စသော ရသေ့တို့ စီရင်အပ်သော ကျမ်းအတတ်၊ (၂) ဗျာကရဏ-ပါဏိနီ စသော သဒ္ဒါကျမ်းအတတ်၊ (၃) ဇောတိသတ္ထ-ဂြိုဟ် နက္ခတ်တို့၏ အသွားအလာ သရုပ်သဏ္ဌာန်နှင့် တကွ အကြောင်း အဆိုးကို ပြဆိုသော ကျမ်းအတတ်၊ (၄) သိက္ခာ-သရ,ဗျည်း, ဋ္ဌာန်, ကရိုဏ်း,ပယတ်တို့ကို ပြဆိုသော ပါဏိနီ သိက္ခာ, နာရဒသိက္ခာ စသော ကျမ်းအတတ်၊ (၅) နိရုတ္တိ- ဝဏ္ဏာဂမ စသော လက္ခဏာငါးပါးတို့ဖြင့် ပကတိ ပစ္စယတ္ထ နိဗ္ဗစနတ္ထ တို့ကို ပြဆိုရာသော ဗျာကရဏ ပရိသိဋ္ဌဟု ဆိုထိုက်သော ယာသကရသေ့ စီရင်သော ကျမ်းအတတ်၊ (၆) ဆန္ဒော-ဝိစိတိ ဇဂတီ စသော ဆန်းတို့ကို ပြဆိုသော ပိင်္ဂလ စသော ကျမ်းအတတ်၊ (၇) သာမ-သာမ ခေါ် ဗေဒင်ကျမ်းအတတ်၊ (၈) ယဇု-ယဇု ခေါ် ဗေဒင်ကျမ်း အတတ်၊ (၉) ဣရု-ဣရု ခေါ် ဗေဒင်ကျမ်းအတတ်၊ (၁၀) အာထဗ္ဗဏ-အာထဗ္ဗဏ ခေါ် ဗေဒင်ကျမ်းအတတ်၊ (၁၁) မီမံသာ-ကံ၏ အကြောင်း အရာတို့ကို စိစစ်၍ ဆုံးဖြတ်သော ဇေမိနိရသေ့ စီရင်သော ပုဗ္ဗမီမံသာဟု ထင်ရှားသောကျမ်း၊ ဗြဟ္မာ၏ အကြောင်း အရာကို စိစစ်၍ ဆုံးဖြတ်သော 'ဗေဒန္တ'ဟု ထင်ရှားသော ကျမ်းစုအတတ်၊ (၁၂) ဉာယ-ဂေါတမစသော ရသေ့တို့ စီရင်အပ်သော တက်ကျမ်း အမျိုးမျိုး အတတ်၊ (၁၃) ဓမ္မသတ္ထ-

www.burmeseclassic.com



အံ့။ဂဃ ဘေဒအား ဖြင့် ၄-ပါးဟူသော်ကား - (၁) ဂေါရီ-ရှစ်နှစ်ရွယ် အပျိုစဉ်၊ (၂) ကုမာရီ-ဆယ်နှစ်ရွယ် အပျိုစဉ်၊ (၃) ကညာ-ဆယ့်နှစ်နှစ်ရွယ် အပျိုစဉ်၊ (၄) မဟလ္လိကာ-ထို့ထက်လွန်သော အပျိုစဉ်။

တနည်း အမျိုးဝံသ ဘေဒအားဖြင့် ၉-ပါးကား- (၁) ဒါရိကာ-၇-နှစ်အပျိုစဉ်၊ (၂)ဂေါရီ-၈-နှစ်အပျိုစဉ်၊ (၃)ကညာ- ၁၀-နှစ်အပျိုစဉ်၊ (၄) ကုမာရီ-၁၂-နှစ် အပျိုစဉ်၊ (၅) သွေးစုန်း- ၁၃-နှစ်အပျိုစဉ်၊ (၆) မျက်မည်း-၁၅-နှစ် အပျိုစဉ်၊ (၇) မျက်ဝန်း- ၂၀-နှစ် အပျိုစဉ်၊ (၈) မျက်ညွတ်- ၂၅-နှစ် အပျိုစဉ်၊ (၉) မျောင်းတူး- ၄၀-နှစ်အထက် အပျိုစဉ်။

တနည်း မနုစိတ္တရ မေ့သတ်ကျမ်းလာ အပျိုစဉ် ၇-ပါးကား- (၁) ဂေါရီ-ရှစ်နှစ်အပျိုစဉ်၊ (၂) ကလျာဏီ- ၁၀-နှစ် အပျိုစဉ်၊ (၃) ကုမာရီ-၁၂-နှစ် အပျိုစဉ်၊ (၄) သွေးစုန်း- ၁၃-နှစ်အပျိုစဉ်၊ (၅) မျက်မည်း-၁၅-နှစ်အပျိုစဉ်၊ (၆) မျက်ဝန်း-၂၀-နှစ်အပျိုစဉ်၊ (၇) မျောင်းတူး-၄၀-နှစ် အထက် အပျိုစဉ်။

တနည်း အဘိဓာန်ဋီကာကျမ်းလာ အမျိုစဉ် ၃-ပါးကား- (၁) ဂေါရီ- ၈-နှစ် အပျိုစဉ်၊ (၂) ကညာ- ၁၀-နှစ် အပျိုစဉ်၊ (၃) ကုမာရီ-၁၂ နှစ် အပျိုစဉ်၊ ထို့အပြင် အပျိုစဉ် ၂၁-ရပ် ၂၈-ရပ်ရှိသေးကြောင်းနှင့် ဘော်ပြထားလေသည်။

**အပျိုတော် ၁၂-ထွေ အက။** ။(၁) နတ် အက၊ (၂)မြင်း အက၊ (၃) မျော အက၊ ( ) အိုးစည် အက၊ (၅) မျောက် အက၊ (၆) ဘီလူး အက၊ (၇) ဇော်ဂျီ အက၊ (၈)ဝန် အက၊ (၉)ဒိုးပတ် အက၊ (၁၀)အပြောင် အရွှမ်း အက၊ (၁၁)သူငယ်တော် အက၊ (၁၂)အဘိုးအို အက၊ အနုသဘင် ပညာရှင် ဦးဘိုးစိန်ကြီးထံမှ။

အပျိုတော် ကကြိုး ၁၂-မျိုး။ ။(၁) မျက်ခုံး ပလ္လို၊ (၂) ခမေး ပလ္လို၊ (၃) ပခုံး ပလ္လို၊ (၄) ရင် ပလ္လို၊ (၅) လက်ရိုး ပလ္လို၊ (၆) လက်စုံ ပလ္လို၊ (၇) ခါးမြှမ်း ပလ္လို၊ (၈) အရုပ်ကြိုးလိမ် ပလ္လို၊ (၉) ဘယ် ခြ ညာလက် ပလ္လို၊ (၁၀) စုံ ပလ္လို၊ (၁၁) လက်ခုံ ပလ္လို၊ (၁၂) နတ်ယိုင်အက။ပလ္လို?။ ပလ္လို ဂျီ။ ပလ္လို ဂျီ။

www.burmeseclassic.com

www.burmeseclassic.com



တရားဝန်ကြီး အမတ်၊ (၄) ဒေါဝါရိကော- တံခါးမှူး အမတ်၊ (၅) အာကနိဋ္ဌော-ကိုယ်ရံတော် ဗိုလ်မှူး အမတ်၊ (၆) မလ္လကော-လက်ပမ်းသည် လက်ဝှေ့တော်သတ် အမတ်၊ (၇) သောဝကော-မင်းခစား အဆောင်တော်မြဲ အမတ်၊ (၈) ဂေဟညီကော- ရွှေတိုက်စိုး ငွေတိုက်တော်မှူး (စံကိုင်ပွဲစားအမတ်၊) (၉) အဓိကတော-ကာလန် ခေါ် တရွာတည်းကို ကြီးကဲသော အမတ်၊ (၁၀) ဂေါပေါ-သံပျင် ခေါ် သို့မဟုတ် မြို့သူကြီး ခေါ် ရွာအများကို ကြီးကဲသော အမတ်၊ (၁၁) စရော-သူလျှိုစုံထောက်အမတ်၊ (၁၂) ဒူတော-တမန်တော် အမတ်၊ (သံအမတ်၊) (၁၃) ဂဏကော-ဂဏန်း ဟူးရားတတ် အမတ်, စာရင်းစစ်မင်းကြီး၊ (၁၄) လေခကော-စာရေးကြီး အမတ်။

**အမတေမျိုး ၉-ပါး။** ။ငင်းအဖြေ (အမြုတေမျိုး ၉-ပါး) ၌ ရှုလေ။

**အမေး ၄-ထွေ၊ အဖြေ ၅-ပါး။** ။ယမိုက်ပါဠိတော် ။ပ။ အုပ်။ ၃၁။ ဋ္ဌ။ ၂၉၈-၌ အကျယ်ရှုပါ။

အမေး (၁) ပုရေပဉ္စာ၊ (၂) ပစ္ဆာပဉ္စာ၊ (၃) ပရိပုဏ္ဏပဉ္စာ၊ (၄) မောဃပဉ္စာ။

အဖြေ (၁) ပါဠိဂတိ ဝိသဇ္ဇနာ၊ (၂) ပဋ္ဌိဝစန၊ (၃) သရူပဒဿန၊ (၄) ပဋ္ဌိကွေပ၊ (၅) ပဋ္ဌိသေခ ဝိသဇ္ဇနာ။

**အဓမး ၅-ထွေ။** ။ပဋ္ဌိသမ္ဘိဒါမဂ် ။ပါ။ ၅ ။ဋ္ဌ။ ပ-အုပ်- ၅၆။ မေးပုံမေးနည်း ပုစ္ဆာမျိုး ၅-ပါး။ အဋ္ဌသာလိနီမှ ယူဖြေသည်။ (၁) အဒိဋ္ဌ ဇောတနာ ပုစ္ဆာ-မသိမမြင်သော အနက်အဓိပ္ပါယ်ကို သိမြင်ချင်၍ မေးခြင်းမျိုး၊ (၂) ဒိဋ္ဌ သံသန္ဒနာ ပုစ္ဆာ-သိမြင်ပြီးသော အနက်အဓိပ္ပါယ်ကို မိမိနှင့်အယူအဆ တူမတူ နှိုင်းယှဉ်လို၍ မေးမြန်းခြင်းမျိုး၊ (၃) ဝိမတိစ္ဆေဒန ပုစ္ဆာ-အယူအဆ သံသယရှိနေသည်ကို ရှင်းပြတ်စေလို၍ မေးမြန်းခြင်းမျိုး၊ (၄) အနုမတိ ပုစ္ဆာ-မိမိနှင့် သဘောတူဖြစ်ရန် မိမိအလိုသို့ လိုက်ပါစေလိုသောကြောင့် မေးမြန်းခြင်းမျိုး၊ (၅) ကထေတု ကမျတာ ပုစ္ဆာ-မိမိပင်လျှင် ဖြေကြားပြောဆိုလိုသောကြောင့် မေးမြန်းခြင်းမျိုး။

**အမိုက် အပြား အင်္ဂါ ၄-ပါး ၂-နည်း။** ။မူလပဏ္ဏာသ ပါဠိတော် ။၂။ ငင်း ။ဋ္ဌ။ ပ-အုပ်။ ၁၃၄-၌ အကျယ်ရှု။ လူမိုက်တို့၏ စံချိန်ပြသော

www.burmeseclassic.com

www.burmeseclassic.com



တူသော သား၊ (မိဘကို ရန်သူကဲ့သို့ ကျင့်သော သားမျိုး ဟူလို) (၆) ဆာတာဘတ္တ သား-ထမင်းတော်သည့်အခါ မှီခိုလာသည့် သားမျိုး။

**အမွှေးမျိုး ၄-ပါး**။ ။ဘယဆေးခေါ် အပေါင်းစကား၊ ရှင်းဆေးကို သွေး၊ လေ ချုပ်သောအနာ ချွေးခြောက်ခန်းသော အနာ မူးဝေသောအနာ မုတ္တကိတ်နာ ရေဝတ်နာတို့အတွက် သုံးသည်။ (၁) သစ်ကြံပိုးခေါက်၊ (၂) ဖာလာစေ့၊ (၃) ကရဝေးရွက်၊ (၄) ကံ့ကော်ဝတ်ဆံ။

**အယာဉ် ၂-ပါး**။ ။နေမင်း၏ သွားလမ်း လာလမ်း ၂-ပါးကို ဆိုသည်၊ အကျယ် (ယာဉ် ၂-ပါး) မှာ ကြည့်ပါ။

**အယုတ်တရား ၂-ပါး**။ ။သတ္တဝါတို့အား ယုတ်ညံ့ရိုင်းစိုင်း ရှာန်မက်ဖိုလ်သို့ ကျောခိုင်းစေသော တရား ၂-ပါး။ (၁) အတ္တ ကိလမထာ နုယောဂ-မိမိကိုယ်ကို ဆင်းရဲအမျိုးမျိုးတို့နှင့် ယှဉ်စေ၍ ကျင့်သော အကျင့်ယုတ်တရား ဟူသမျှ၊ (၂) ကာမ သုခလ္လိကာ နုယောဂ-မိမိကိုယ်ကို ကာမဂုဏ်ချမ်းသာ အမျိုးမျိုးတို့နှင့် ယှဉ်တွဲကျင့်ကြံ၍ နေခြင်းမျိုး။

**အယွယ် ၃-ပါး**။ ။လူသတ္တဝါတို့အဘို့ အရေးကြီးသော ဝယကာလ ၃-ပါး ဟူ၏။ (၁) ပဌမ အယွယ် အသက် ၂၀-နှစ်အတွင်း ဥစ္စာရကြောင်း နည်းကောင်းပညာများကို ရှာမှီးရန် အယွယ်၊ (၂) ဒုတိယအယွယ်- အသက် ၅၅-နှစ်ထိ ပစ္စည်းဥစ္စာ ရှာဖွေဆည်းပူးရန် အယွယ်၊ (၃)တတိယ အယွယ်-အသက် ၅၅-နှစ်ကျော်ကစ၍ ဘဝသံသရာရေးအတွက် ကိုယ်ကျိုးသက်သက် တရားဓမ္မပြုကျင့်အားထုတ်ရန် အယွယ်။

**အယွယ် ၁၀-ပါး**။ ။ဇာတကပါဠိတော်။ ပ-အုပ်။ ၁၁၃။ ရှင်းအဋ္ဌကထာစတုတ္ထအုပ် ၁၉၇-၌ အကျယ်ရှုပါ။ ဤသည်တို့၌ ဝယဘုယျ အခေါ်များ ရာသီလိုက်၍ ယူရသည်၊ အပွကခေါ် အနည်းငယ်အားဖြင့်ကား ဤပြအံ့ လက္ခဏာနှင့် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များလည်း ရှိသေး၏။ (၁) မန္ဒအယွယ်-၁၀-နှစ်အတွင်း ပညာနုံ့နှေးသော အယွယ်၊ (၂)ခိဍ္ဍအယွယ်-၂၀ အတွင်း စိတ်ပျံ့လွင့်သော အယွယ်၊ (၃) ဝဏ္ဏအယွယ်-၃၀ အတွင်း အဆင်းလှသော အယွယ်၊ (၄) ဗလအယွယ်-၄၀ အတွင်း အားကောင်းသော အယွယ်၊ (၅) ပညာအယွယ်-၅၀ အတွင်း ပညာဉာဏ် ကောင်းသော အယွယ်၊ (၆) ဟာယနအယွယ်-၆၀ အတွင်း အားအင် ဆုတ်ယုတ်သော အယွယ်၊ (၇) ပဗ္ဘာရအယွယ်-၇၀ အတွင်း လေးလံထိုင်းမှိုင်း

www.burmeseclassic.com

www.burmeseclassic.com



**အ ဆဗ္ဗနိယတရား ၅-ပါး။** ။ငင်းသရုပ် (တောင့်တ၍ မရကောင်းသော အရာမျိုး ၅-ပါး) ၌ ရှုပါ။

**အလောင်းအစား၊ ထူသူများ၊ ၆-ပါး အပြစ်ရ။** ။ငင်းသရုပ်ကို (ကစားသမားတို့ အပြစ် ၆-ပါး) ၌ ကြည့်ပါ။

**အလောင်းစည်သူ၊ တည်တော်မူ၊ ၉-ဆူ မုဋ္ဌောမြတ်။** ။ငင်း၏ သချပ်များကို (မုဋ္ဌော ၉-ဆူ) ဟူသော သုတေသန၌ ရှုပါ။

**အလိုလိုက်ရာသည် ၁၃-ပါး။** ။ကိုယ်ကျိုး တိုးတက်ရေးအတွက် သူ့အလိုသို့ လိုက်၍ ကျင့်ရခြင်းမျိုး ၁၃-ပါး ဟူ၏၊ စာဏကျမှ။ (၁) အဆွေခင်ပွန်းကို နှလုံး ဖြောင့်မတ်သဖြင့်ငင်း၊ (၂) ရန်သူကို ဥပါယ်တမျဉ်ဖြင့်ငင်း၊ (၃) အလိုရမ္မက် ကြီးသူကို ဥစ္စာပေးသဖြင့်ငင်း၊ (၄) အစိုးရသူကို သူ့အမှုကိစ္စ ဆောင်ရွက်ပေးသဖြင့်ငင်း၊ (၅) ရသေ့ရဟန်းတို့ကို ရှိသေသဖြင့်ငင်း၊ (၆) သတို့သမီးကို ချစ်ခြင်းဖြင့်ငင်း၊ (၇) လက်အောက်ငယ်သားကို မျှတမှု ဂုဏ်ကျေးဇူးဖြင့်ငင်း၊ (၈) ဒေါသ မျက်မာန်ကြီးသူကို ချီးမွမ်းခြင်းဖြင့်ငင်း၊ (၉) ဆရာကို ရှိခိုးရှိသေခြင်းဖြင့်ငင်း၊ (၁၀) သူမိုက်ကို လိုက်လျောသော စကားဖြင့်ငင်း၊ (၁၁) ပညာရှိကို အတတ်ပညာ ပေးခြင်းဖြင့်ငင်း၊ (၁၂) အစားကြူးသူကို အရသာပေးခြင်းဖြင့်ငင်း၊(၁၃)အလုံးစုံသောသူကို အကျင့်သီလဖြင့်ငင်း အလိုသို့ လိုက်ရာ၏။

**အလိုလောဘကြီးသူ ၃-ယောက်။** ။မူလပဏ္ဏာသ အဋ္ဌကထာ ဒု-အုပ် ၄၅-၌ အကျယ်ရှု။ (၁) အတြိစ္ဆတာ- ကိုယ့်ရှိတာနှင့် တင်းမတိမ်ပဲ သူများစည်းစိမ်ကို လိုချင်တောင့်တနေသူ၊ (၂) ပါပိစ္ဆတာ- သူများအထင်ကြီးကြည်ညိုလာအောင် ဟန်ဆောင်သော ဂုဏ်ဒြပ်ဖြင့် လာဘ်များစွာကို ခံယူနေသူ၊ (၃)မဟိစ္ဆတာ- ဟုတ်မှန်သော ဂုဏ်ကိုပြ၍ ပကာသနလိုလားထင်ပေါ် ကျော်ကြားလိုသူ၊ ဝါ- အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်ထက်ပြသူ။

**အလှလက္ခဏာ၊ အင် ၆-ဖြာ၊ ကညာ တိုင်းမယ်မျိုး။** ။ မိန်းမပျိုတို့တွင် အလှမယ်ရွေးချယ်ရာ၌ အလှလက္ခဏာ အင်္ဂါ ခြောက်ပါးကို ဆိုသည်၊ ငင်းအဖြေ (အပြစ် ၆-ပါး၊ ဘင်းစင်ငြား၊ လှထွားပျိုသူဇာ)၌ ဆိုခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်, ထိုင်, ရပ်, သွား, ဣရိယာပုထ် လေးပါးတို့ဝယ် မိမိတို့နှင့် မလျော်ပတ်သော ဣရိယာပုထ်။

**အ သပ္ပုရိသ ဒါနမျိုး ၅-ပါး။** ။ဋင်း အဖြေ (သူယုတ်တို့ ပေးလှူနည်းမျိုး ၅-ပါး)မှာ ကြည့်ပါ။

**အ သမ္ဘိန္န ဓာတ်တော် ၇-ဆူ။** ။ဗုဒ္ဓဘုရား၏ မပြိုကွဲသော ဓာတ်တော်မြတ် ခုနစ်ဆူ ဟူလို။ (က) နဖူးသင်းကျစ်တော် မာတ် တဆူ။ (ခ) စွယ်တော် ဓာတ် ၄-ဆူ။ (ဂ) ညှပ်ရိုးတော် ဓာတ် ၂-ဆူ၊ ပေါင်း ၇-ဆူဖြစ်၏။

**အ သမ္ဘိန္န၊ ဓာတ်မြတ်လှ၊ ပင့်ကြွ ၆-ဌာန၃။** ။အသမ္ဘိန္န ဓာတ်တော် ၇-ဆူကို ပင့်ယူ ကိုးကွယ်ရာဌာန ခြောက်ပါးဟူ၏။ (၁) နဖူးသင်းကျစ်တော်ဓာတ် ဗြဟ္မာ့ပြည်၌ တဌာန၊ (၂) အထက် လကျာ်စွယ်တော်နှင့် ဋင်း-ညှပ်ရိုး တော်ဓာတ် ၂-ဆူ တာဝတိံသာ စူဠာမဏိ၌ တဌာန၊ (၃) အောက် လကျာ်စွယ်တော် နဂါးပြည်၌ တဌာန၊ (၄) အောက်လက်ဝဲစွယ်တော် ကာလိင်္ဂရာဇ်နိုင်ငံမှ ဆောင်ယူ၍ သီဟိုဠ်ကျွန်း၌ တဌာန၊ (၅) အထက် လက်ဝဲ စွယ်တော် (ဂန္ဓာရ) သင်းတုဲပြည်၌ တဌာန၊ (၆) လက်ဝဲ ညှပ်ရိုး တော် လက်ာဒိပ မဟိယင်္ဂဏ၌ တဌာနဟု မူလကျမ်းဂန်တို့၌ဆို၏၊ ထိုမှ နောက်၌ကား သီဟိုဠ်ကျွန်းမှ မြန်မာပြည် စစ်ကိုင်း ကောင်းမှုတော်ကြီး သို့ အပြောင်းအလွှဲ ရှိသေး၏ဟု မှတ်ရာသည်၊

**အ သာဓာရဏ ဉာဏ်တော် ၆-ပါး။** ။ပဋိသမ္ဘိဒါမဂ် ။ပါ ။၄။ အဋ္ဌကထာ၃။ ပ-အုပ်။ ၅၂။ ပစ္စေကဗုဒ္ဓါ ရဟန္တာဟူသမျှတို့နှင့် မဆိုင်၊ ဘုရားပိုင် သက်သက်ဖြစ်သော ဉာဏ်တော်များ။ (၁) အာသယာ နုသယ ဉာဏ- သတ္တဝါတို့၏ အလိုအာသာ ဟူသမျှကို သိသောဉာဏ်၊ (၂) ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ-သတ္တဝါ ဣန္ဒြေ ရင့် မရင့်ကို ထောက်ချင့် သိမြင်နိုင် သော ဉာဏ်၊ (၃) သဗ္ဗညုတ ညာဏ-တရားအကုန်ကို စုံအောင် သိသော ဉာဏ်၊ (၄) အနာ ဝရဏ ဉာဏ-ဥဇေယျငါးအင်ကို သိမြင်တော်မူရာ၌ အပိတ်အပင် အတားအဆီးမရှိသော ဉာဏ်၊ (၅) ယမက ပါဋိ ဟာရိယ ဉာဏ-တန်ခိုးပြာဋိဟာ ပြရာ၌ လေ့လာပြီးရှိသော ဉာဏ်၊ (၆) မဟာ ကရုဏာ သမာပတ္တိ ဉာဏ-သတ္တဝါကို လွန်စွာ သနားတော်မူသော ဉာဏ်။

**အသားကြီး ၁၀-ပါး။** ။ဝိနည်း မဟာဝါ ။ပါ။ ၃၁၀ ။ဋ္ဌ။ ၃၇၆။ ရဟန်းတော်များ မစားရသော အသားကြီးဆယ်ပါး ဟူလို။ (၁)မနုဿာ

www.burmeseclassic.com

www.burmeseclassic.com



**အာရုံ ၅-ပါး ကာမဂုဏ် တရား။** ။ငင်းသရုပ် (ကာမဂုဏ် ၅-ပါး)၌ ပြမည်။

**အာရုံ ၆-ပါး။** ။မျက်စိ, နား, နှာ စသော တံခါးခြောက်ပေါက်မှ ဝင်လာသော အရာ ၆-ပါး ဟူ၏။ (၁) ရူပါရုံ-အဆင်း၊ (၂) သဒ္ဒါရုံ-အသံ၊ (၃) ဂန္ဓာရုံ-အနံ့၊ (၄) ရသာရုံ-အရသာ၊ (၅) ဖောဋ္ဌဗ္ဗာရုံ-အတွေ့ အထိ၊ (၆) ဓမ္မာရုံ-သုခုမရုပ် သောဠသ, စိတ် တခုယုတ် ကိုးဆယ်, စေတသိက် ၅၂, နိဗ္ဗာန်, ပညတ်။

**အာရှတိုက် တိုင်းပြည်ကြီး ၁၅-နိုင်ငံ။** ။၁၃၃၆-ခု၊ ၁၉၇၅-ခု။ (၁) တရုပ်ပြည်၊ (၂) ဣန္ဒိယ၊ (၃) ဆိုဗီယက် ပြည်ထောင်စု၊ (၄) ပါကစ္စတန်၊ (၅) ဂျပန်၊ (၆) မြန်မာ၊ (၇) ထိုင်း (ယိုးဒယား) (၈)အာဖဂန် နစ္စတန်၊ (၉) ပါရှား (အီရန်) (၁၀) တပ်ကီ (တူရကီ) (၁၁) အရေဗျ၊ (၁၂) အင်ဒိုနီးရှား၊ (၁၃) မလေးရှား၊ (၁၄) ဗီယက်နမ်၊ (၁၅) ဘန်ကလားဒေ (ရှ်)

**မှတ်ချက်။** ။တိဘက်၊ နီပေါ၊ ကမ္ဘောဒီးယား၊ လော (လာအို) အစ္စရေး စသည့် နိုင်ငံငယ်ကလေးများ ရှိသေး၏၊ ၎င်းတို့လည်း နှစ်များမကြာမီ တိုင်းကြီး ပြည်ကြီးတွေ ဖြစ်လာဘွယ်ရှိသည်ဟု မှတ်ရာသည်။

**အာလယ တရား ၂-ပါး။** ။(၁) ကာမာလယ- အာရုံငါးပါး ကာမဂုဏ် တရားကို ခေါ်သည်၊ (၂) တဏှာလယ- ထိုအာရုံငါးပါး ကာမဂုဏ် တရားကို မှီဝဲသုံးဆောင်တတ်သော တဏှာလောဘကို ဆိုသည်။

**အာလိန် ၅-ဆင့်။** ။သဂါထာဝဂ္ဂသံယုတ် ။ပါ။ ၂၁၈။ ၎င်း။ ဋ္ဌ။ ၃၁၀။ ဓမ္မပဒ။ ဋ္ဌ။ ပ- အုပ်။ ၁၇၇-တို့၌ အကျယ်ရှုပါ။ မရိုးစည်လုံးသဏ္ဍာန်ကဲ့သို့ အလယ်ပူ အထက် ရှူးနေသော ‘မြင်းမိုရ်တောင်ကြီး၌ အပြင်ဆင်ဝင် တောင်ခါးပန်းစွန်း ငါးဆင့်ရှိကုန်၏၊ ၎င်းကိုပင် အာလိန် ငါးဆင့်ဟု ခေါ်ဆိုသည်မှတ်၊ ထို အာလိန်ငါးဆင့်တို့သည် တဆင့် တဆင့်၌ အထု၏ ၎င်း အပြင်၏၎င်း အတိုင်းအရှည် ပမာဏအားဖြင့် ယူဇနာငါးထောင်စီ အသီးအသီး ရှိကုန်၏၊ မြင်းမိုတောင်၏ ရေပေါ်ယူဇနာ ရှစ်သောင်း လေးထောင်တွင် အောက် ထက်ဝက်ဖြစ်သော ယူဇနာလေးသောင်း

www.burmeseclassic.com

www.burmeseclassic.com



ဥပသမ္ပဒါမျိုး ဂ-ပါး။ ။ဝိနည်းပါရာဇိက ။ပါ။ ၂၇။ ၄င်း ။ဌ။ ပ-အုပ်။ ၂၀၆။ သရုပ်ကို (ရဟန်းအပြား မျိုး ဂ-ပါး)၌ အကျယ်ရှု။

ဥပါဒါန်မျိုး ၄-ပါး။ ။ပြင်းစွာ စွဲလမ်းတတ်သော တရား ၄-ပါး။ (၁) ကာမုပါဒါန်-ကာမဂုဏ်ကို စွဲလမ်းတတ်သော လောဘ တရား၊ (၂) ဒိဋ္ဌုပါဒါန်-မှားသောမြင်ခြင်းဖြင့် စွဲလမ်းတတ်သော ဒိဋ္ဌိတရား၊ (၃) သီလဗ္ဗတုပါဒါန်-နွားတို့အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏ဟု စွဲလမ်းတတ်သော ဒိဋ္ဌိတရား၊ (၄) အတ္တဝါဒုပါဒါန်-မိမိ၏ အယူဝါဒသာ မှန်၏ဟု အယူမှားကို စွဲလမ်းတတ်သော ဒိဋ္ဌိတရား။

ါယ်မျိုး ၄-ပါး။ ။ရန်အောင်ကြောင်း နိမိတ်တမည် ပရိယာယ်မျိုး ၄-ပါး။ (၁)ဘေဒဥပါယ်-ရန်သူကို ဖောက်ခွဲနိုင်ခြင်း, ရန်သူ၏အဖွဲ့အစည်း အသင်းအပင်း အစုအရုံးကို ပျက်စေခြင်း, ဂုံးတိုက်ခြင်း, (၂) ဒဏ္ဍဥပါယ်-နိုင်ထက်ကလူ ဇာဏာဒဏ် ပြုမူ ထားတတ်ခြင်း၊(၃)သာမ ဥပါယ်-အသင်းအပင်း အစည်းအဝေး ဖွဲ့၍ ညီညွတ်စွာ ပြုခြင်း၊ ပါတီ အင်အား ကြီးပွားအောင် လုပ်ခြင်း, ဝါဒဖြန့်ခြင်း၊ (၄) ဒါန ဥပါယ်-ကျေးကျွန် သင်းပင်းတို့အား စားနပ်ရိက္ခာ မျိုးစေ့များကို မှန်ကန်စွာပေးခြင်း, မြတ်သော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်း ထောက်ပံ့ခြင်း, နိုင်ငံခြားသား မင်းတပါးတို့အား တန်စိုးလက်ဆောင် သမီးကညာစသည်· ဆက်သ ပေးကမ်းခြင်း။

ဥပါယ်မျိုး ငါးပါး တနည်း။ ။ဇနက ဇာတ်တော်လာဖြစ်သည်။ (၁) ဇပ္ပ-မိမိ၏ အားစွမ်းလုံ့လဖြင့် ပြုလုပ်ခြင်း၊ (၂) မန္တ-ပညာရှိတို့နှင့် တိုင်ပင် ဆွေးနွေးခြင်း၊ (၃) သုဘာသိတ-သာယာချောင်စွာ ကျေနပ်ဘွယ် ပြောဆိုခြင်း၊ (၄) ပဝေဏီ-မျိုးနွယ်စဉ်ဆက်တို့၏ ဂုဏ်သိရ် ဥစ္စာကို ဖော်ပြခြင်း၊ (၅) အနုပ္ပဒါန-ပစ္စည်းဥစ္စာ လက်ဆောင်ပဏ္ဏာပေးခြင်း။

ဥပါသကာ အင်္ဂါ ၅-ပါး။ ။ဥပါသကာသည် ၄င်းအင်္ဂါ ၅ ပါး ၇-ပါးနှင့် ပြည့်စုံရမည်။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တတ်သော ဒါယကာ ယောကျ်ား, မိန်းမကို ဥပါသကာခေါ်သည်။ (၁) ရတနာသုံးပါး, ကံ, ကံ၏အကျိုးကိုသာ ယုံကြည်ခြင်း၊ (၂) ငါးပါး, ရှစ်ပါး, ဆယ်ပါး စသော အကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၃) ကာမဂုဏ်နှင့်စပ်သော အာရုံ

www.burmeseclassic.com

www.burmeseclassic.com



**ဥမျိုး ၅-ပါး၊ ထိုဌက်များ၊ ခွဲခြားဖြေဆိုပါ။** ။နာမည်၏ အစ၌ ဥ ပါသော ငှက်များကို ဆိုသည်။ (၁) ဥဒေါင်း၊ (၂) ဥဗျိုင်း၊ (၃) ဥချိုး၊ (၄) ဥပုတ်၊ (၅) ဥသြ။

**ဥယျာဉ်တော်ကြီး ၄-ပါး။** ။တာဝတိံသာနတ်ပြည်၌ ရှိသော ဥယျာဉ်တော် လေးပါး ဟူလို။ အကျယ်ကို ဇိနာလင်္ကာရဋီကာ၌ ရှုလေ။ (၁) နန္ဒဝန် ဥယျာဉ်-အယုဇ္ဈပူရမြို့တော်ကြီး၏ မြောက်မျက်နှာ ယူဇနာ ၂၀-ကွာ သော အရပ်မှာ ရှိ၏၊ နန္ဒာမည်သော ကန်ကြီးလည်း ၎င်းဥယျာဉ်အတွင်း မှာပင် ရှိ၏၊ (၂) ဖာရုသက ဥယျာဉ်-တောင်မျက်နှာ ယူဇနာ ငါးဆယ် ကွာသော အရပ်၌ရှိ၏၊ (၃) စိတ္တလတာ ဥယျာဉ်-အရှေ့မျက်နှာ ယူဇနာ ၂၀-ကွာသော အရပ်မှာ ရှိ၏၊ ထိုဥယျာဉ်အတွင်း၌ စိတ္တမည်သော ရေကန် ကြီးလည်း ရှိ၏၊ အာသာဝတီမည်သော နွယ်တို့သည်လည်း ရှိကုန်၏၊ (၄) မိဿက ဥယျာဉ်-အနောက်မျက်နှာ ယူဇနာ ၂၀-ကွာသော အရပ်၌ ရှိ၏၊ ထိုဥယျာဉ်ကြီးကား မွှေလျော်ဘွယ်ရာ အမျိုးမျိုးတို့ဖြင့် ရောထွေး သာယာလျက်ရှိ၏။

**ဥဿဒရေဲယော်၊ လေး, ငါး, ဆယ်၊ အဘယ် အတယ်နည်း?။** ။ထိုငရဲမျိုးကို ငရဲငယ်များဟု ခေါ်ကြ၏။ ၄-ပါး၊ ၅-ပါး၊ ၁၀-ပါးဟု အမျိုးမျိုးရှိသည်၊ အကျယ်ကို (ငရဲငယ်) ဟူသော ဝေါဟာရမှာ ပြမည်။

**ဥဿဘယာ:မျိုး ၅-ပါး။** ။၎င်း ဥဿဘယား ကျောက်မျိုး ငါးပါးကို မဏိသျှုတ္တရ ကျမ်းရင်း လင်္ကာအတိုင်း ဟန်ဖိုးနှင့် တကွ သရုပ်ကိုပါ ပြအံ့။ (၁) ဇမ္ဗုနာ ဥဿဘယား-မျက် ဥဿဘယား၊အနွယ်ပြားသည်၊ ငါးပါး၌မှာ၊ ဇမ္ဗုနာကား၊ ဆင်းဝါနွားနို့၊ ပြာညို့ညို့တည့်၊ နှစ်လို့ လျောက်ပတ်၊ ရွှေတကျပ်ထက်၊ တင်လတ်လောက်ပေ၊ ဘိုးထိုက်ရွှေကား၊ ငါးကျပ်သွား၏၊ (၂) ယုတ္တာ ဥဿဘယား-ထူးခြားယုတ္တာ၊ ကျောက် ဆင်းမှာကား၊ မှန်စွာကျစ်လစ်၊ နွားနို့သစ်သို့၊ ရွှေစစ်ကျပ်ပေါ်၊ တင်လောက်သော်မူ၊ ထိုက်လျော်ရွှေနီ၊ တကျပ်ညီ၏၊ (၃) ဖလာ ဥဿ ဘယား-ကျောက်ရှင်ဖလာ၊ယက္ခဏာကား၊ပြာပြာရှိထွေ၊တကျပ်ရွှေထက်၊ ကျင်ပေလောက်ငြား၊ အဘိုးအားမူ၊ ရွှေသားနှစ်ကျပ်၊ သင့်ဆုံးဖြတ်လော့၊ (၄) ဘသ္မာ ဥဿဘယား-တရပ် ဘသ္မာ၊ ရုပ်ဝါဆန်းထူး၊ ထင်းရှူး အဆင်း၊ တကျပ်တွင်းဝယ်၊ ထည့်သွင်းလောက်တန်၊ ဘိုးထိုက်ဟန်ကား၊

www.burmeseclassic.com

www.burmeseclassic.com



အမှုန်ရွှေလား၊ မထူးခြားတည်း၊ (၅) ခတ္တိယာ ဥဿဘယားတွင်ငြား ခတ္တိယာ၊ စိမ်းပြာညိုရောင်၊ ငှက်ခါးတောင်သို၊ အခေါင်ရွှေစင်၊ တကျပ်တွင်၌၊ ထားတင်လောက်လှ၊ သုဝဏ္ဏဟု၊ အဌမှုန်ရွှေ၊ ခြောက်ကျပ်နေသည်၊ လူ့ပြည် စိတ္တ မကောင်းတည်း။

**ဥသျှောင် ၇-မျိုး၊ ဖွဲ့ထုံးရိုး၊ မင်းစိုး လှကညာ။** ။မင်းခမ်းဝင် ဆံထုံးတော် ၇-မျိုးကိုပင် ဥသျှောင် ၇-မျိုး ခေါ်သည်။ (၁) မြိတ်ဖူ၊ (၂) မြိတ်စို့၊ (၃) မြိတ်လွတ်၊ (၄) စုလည်း၊ (၅) ယဂင်၊ (၆) လုံးတင်၊ (၇) မြိတ်ရစ်။

**ဥဇသျှောင်ထုံးငြား၊ ငါးဆယ့်ငါး၊ မျိုးခြား အဘယ်နည်း?။** ။ငှင်းသရုပ်ကို နန်းတွင်းစာဆိုတော်'ရဝေရှင်ထွေး'၏ ဆံပင်ဖွဲ့ထုံးနည်း ၅၅-မျိုးကို စပ်ဆိုထားသော 'အန်ချင်း'ဖြင့် ထုတ်ဖေါ်လိုက်အံ့။

အစောတို့လေ၊ ရတနာတွေ၊ ရွှေမိုးစွေ၍၊ သပြေမည်ခံ၊ ပြည်ပုဂံဝယ်၊ နိုင်ငံကျယ်ပြော၊ ရှေးမင်းစောတို့၊ မုနေဘဇမ္ဗူ၊ စံတော်မူက၊ (၁) မြိတ်ဖူ၊ (၂) မြိတ်စို့၊ (၃) သွယ်ညို့မြိတ်လွတ်၊ (၄) ရစ်ပတ်စုလည်း၊ (၅) ရော့ရည်းထုံးဖွဲ့၊ (၆) တုမဲ့ရွှေရောင်၊ တိမ်တောင်ထောက်သထာ၊ (၇) လျှပ်စစ် ပြက်သို့၊ (၈) စဝ့က်ရောင်ပြေး၊ (၉) နှင်းသွေးမစို့၊ (၁၀) ကြာညို့ဝတ်ဆံ၊ (၁၁) မှုဝံနှိုင်းယှည့်၊ ရှုကြည့်မငြီး၊ (၁၂) ဦးပြည်းရှင်ပျော်၊ (၁၃) ဇင်ဇယော်တန်းဝဲ၊ (၁၄) ပုလဲကိုးပုန်း၊ (၁၅) ဂမုန်းငုံအာ၊ (၁၆) လေသာဝေ့လည်၊ (၁၇) မှူခြည်မတင်၊ ယကင်ထုံးထုံး၊ (၁၈) လုံးတင်၊ (၁၉) ခရုချောင်၊ (၂၀) ထုံးကြောင်၊ (၂၁) ထုံးကြား၊ (၂၂) ငါးပါးမြိတ်စို့၊ (၂၃) အောင်မျို့နှိမ့်မိတ်၊ မြိတ်ရစ်လှပ၊ (၂၄) ကရဝိကနူတ်သီး၊ (၂၅) ဆိတ်သွီးနှင့်၊ (၂၆) ပြုန်ပြီးဆယ်ထွေ၊ (၂၇) နေအရှုဏ်ခံ၊ (၂၈) ညဥ့်ယံသောက်ရှူး၊ (၂၉) တိမ်ဦးနဂါး၊ (၃၀) လေးပါးရာသီ၊ (၃၁) နှိုင်းပြိုင်စီလွတ်၊ (၃၂) နဂါးပတ်ကျော့ကွင်း၊ (၃၃) နန်းတွင်းမဥ္ဇူ၊ (၃၄) ထွက်ပြူမှိဝ၊ (၃၅) ပဒုမသိဒ္ဓိ၊ (၃၆) မဏိကိုးပါး၊ (၃၇) ချယားပွင့်သေး၊ (၃၈) ယုန်ရေးလဝယ်၊ (၃၉) နေလယ်ဥဒေါင်း၊ (၄၀) သုံးချောင်းခြူးရှုဏ်၊ (၄၁) စဝ့က်ရောင်ချော၊ (၄၂) သဘော်တံခွန်၊ (၄၃) အနုန္တပုသျှ၊ မောရဂီဝါ၊ (၄၄) ဟသ်ာစာခွံ့၊ ထုံးအုံ့တခင်း၊ (၄၅)



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၊ (၂) သဗ္ဗေ ပုရိသာ - ဖို့ သတ္တဝါ အားလုံး၊ (၃) သဗ္ဗေ အရိယာ-အရိယာ ရှင်ယောက်၊ (၄) သဗ္ဗေ အနရိယာ-ပုထုဇဉ် မှန်သမျှ၊ (၅) သဗ္ဗေ ဒေဝါ-နတ် ဗြဟ္မာ အားလုံး၊ (၆) သဗ္ဗေ မနုဿာ - လူများအားလုံး၊ (၇) သဗ္ဗေ ဝိနိပါတိကာ-ဝိနိပါတိက ပြိတ္တာများအားလုံး။

**ဩဠာရိကဂ်ယ သံယောဇဉ်မျိုး ၅-ပါး။** ။ရင်းသရုပ်ကို (သံယောဇဉ် ၂-မျိုး) ဟူသော သုတေသနဥ္ဆ ရှုပါကုန်။

**အောက်ဖိုလ် ၃-ပါး။** ။အောက်ဖြစ်သော လောကုတ္တရာ ဝိပါက်စိတ်ရှ။ (၁) သောတာပတ္တိ ဖိုလ်၊ (၂) သကဒါဂါမိ ဖိုလ်၊ (၃) အနာဂါမိ ဖိုလ်။

**အောက်မဂ် ၃-ပါး။** ။အောက်ဖြစ်သော လောကုတ္တရာ ကုသိုလ်စိတ်ရှ။ (၁) သောတာပတ္တိ မဂ်၊ (၂) သကဒါဂါမိ မဂ်၊ (၃) အနာဂါမိ မဂ်။

**အောက်မြစ်သံ့ အောက်သံ ၁၀-ပါး။** ။ကဗျာလင်္ကာ စပ်ဆိုရာ၌ "ဘယ်သံ ၁၀-ပါး" ကိုပင် အောက်မြစ်သံ ဟူ၍ရင်း, အောက်သံ ဟူ၍ရင်း ခေါ်သည်မှတ်။

**အောင်ကြောင်းတရား ၄-ပါး။** ။ဟိတောပဒေသမှ။ (၁) မိမိထက် မြင့်မြတ်သူကို နှိမ့်ချရိုသေမှုပြု၍ အောင်ရာ၏၊ (၂) ဖိုလ်ပါသူရဲကို အဖေါ်ခွဲ၍ အောင်ရာ၏၊ (၃) အောက်လက်ငယ်သားကို ကံမိုးလက် ဆောင်ပေး၍ အောင်ရာ၏၊ (၄) ကိုယ့် ရင့်၊ နှု၊ တူကို ကြိုးစားမှု လုံ့လပြု၍ အောင်နိုင်ရာ၏။

**အောင်ခြင်း ၈-ပါး။** ။ရန်သူများကို အောင်နိုင်မှု၌ ပိဋကတ်တော်တွင် ထင်ရှားသော ဘုရားရှင်၏ အပြင်အောင်ခြင်း ရှစ်ပါး။ (၁) မာရ်နတ်မင်း၊ (၂) အာဠဝက ဘီလူးမင်း၊ (၃) နာဠာဂိရိ ဆင်မင်း၊ (၄) အင်္ဂုလိမာလ ခိုးသူကြီး၊ (၅) မိန်းမယုတ် စိဉ္စမာန၊ (၆) သစ္စက ပရိဗိုဇ်၊ (၇) နန္ဒောပနန္ဒ နဂါးမင်း၊ (၈) ဗက ဗြဟ္မာမင်း။

**အောင်နိုင်ခြင်းတရား ၅-ပါး။** ။ဓမ္မပဒ ။ဋ္ဌ။ ဒု-အုပ်။ ၆၆-၂၁၂။ မိလိန္ဒပဉ္စာပါဠိတော် ၁၂၁-တို့၌ အကျယ်ရှုပါ။ မြတ်စွာဘုရားသခင် ဟောတော်မူသည်။ (၁) အ ကောဓေန ကောဓံ ဇိနာတိ-ဒေါသအမျက် ထွက်နေသူကို အမျက်မထွက်သဖြင့် အောင်နိုင်ခြင်း၊ (၂) အ သာဓုံ

www.burmeseclassic.com

www.burmeseclassic.com



(၁) ကက်စပီယန် အိုင်ကြီး (မြေထဲပင်လယ်) (Caspian Sea) အာရှတိုက်နှင့် ဥရောပတိုက်တို့၏ အကြားၳ တည်ရှိသည်။ ရေယာ စတုရန်းမိုင်ပေါင်း (၁၅၂,၂၈၉) နှင့် အလျား (၇၄၅)မိုင်ရှိသည်။ ၎င်း၏ ရေအနက်ဆုံးသောနေရာမှာ (၃,၁၀၄) မိုင် ရှိ၍ ပင်လယ် ရေပြင်အောက် (၉၆)ပေ ရှိသည်။

(၂) ဆူပီးရီးယား အိုင် (Superion) မြောက် အမေရိကတိုက်၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ အကြားၳ တည်ရှိ၏၊ ရေယာ စတုရန်းမိုင်ပေါင်း (၃၁,၈၂၀) နှင့် အလျား (၃၈၃) မိုင် ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၁,၃၃၃) မိုင်ရှိလျက် ပင်လယ်ရေပြင်အထက် ပေပေါင်း (၆၀၂) ပေ မြင့်သည်။

(၃) ဗစ်တိုရီးယား အိုင် (Victoria) အာဖရိကတိုက်၏ ရှေ့အလယ်ပိုင်းၳ တည်ရှိလျက် ရေယာ စတုရန်းမိုင်ပေါင်း(၂၆,၈၂၀) နှင့် အလျား (၂၀၀) မိုင် ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၂၇၀) မိုင် ရှိ၍ ပင်လယ်ရေပြင်၏အထက် အမြင့်ပေ (၃,၇၁၇) ရှိသည်။

(၄) အေရဲလ် အိုင် (Aral) အာရှတိုက် ဆိုဗီယက်ယူနီယံ နိုင်ငံအတွင်းၳ တည်ရှိ၍ ရေယာစတုရန်းမိုင်ပေါင်း (၂၅,၆၅၉) နှင့် အလျား (၂၆၆) မိုင်ရှိလျက် ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၂၂၃) မိုင် ရှိသည်၊ ပင်လယ်ရေပြင်၏အထက် အမြင့်ပေ (၁၆၄) ရှိသည်။

(၅) ဟူရွန် အိုင် (Huron) မြောက်အမေရိက အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ အကြားၳ တည်ရှိလျက် ရေယာစတုရန်းမိုင်ပေါင်း (၂၃,၀၁၀) နှင့် အလျား (၂၄၇) မိုင် ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာၳ (၇၅၀) မိုင်ရှိ၍ ပင်လယ်ရေပြင်၏ အထက် အမြင့်ပေ (၅၈၁) ရှိသည်။

(၆) မစ်ချီဂန် အိုင် (Michigan) မြောက်အမေရိကတိုက် အမေရိကန်ပြည်ထောင်စုၳ ရှိသည်၊ ရေယာစတုရန်းမိုင်ပေါင်း (၂၂,၄၀၀) နှင့် အလျားမိုင် (၃၂၁) ရှိသည်၊ ၎င်း၏ ရေအနက်ဆုံးနေရာမှာ (၉၂၃) မိုင်ရှိ၍ ပင်လယ်ရေပြင်အထက် အမြင့်ပေ (၅၈၁) ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကန္တာရ-အလွန် ကျယ်ပြောသော ရေပြင်ရှိသော ခရီးခက်၊ (၇) ဝါဠု ကန္တာရ-အလွန်ရှည်လျားသော သဲပြင်ရှိသော ခရီးခက်၊ (၈) ဝန ကန္တာရ-လွန်မြောက်နိုင်ခဲသော တောအုပ်ရှိသော ခရီးခက် စသည်များစွာ ရှိကုန်သေး၏။

**ကန့်မျိုး ၄-ပါး။** ။ကန့် ဖြစ်ပေါ်လာပုံ အကြောင်းကား- သကဋ္ဌဘာသာ လာ ရသ မဉ္ဇရီ ကျမ်း၌- လွန်လေပြီးသော အခါ နတ်သမီးတစုသည် နို့ သစ်ဖြင့်ပြီးသော သမုဒ္ဒရာ၌ ရေကစား မြူးတူးစံပယ်လျက် အဝတ်ကို ဖွပ်လျှော်ခြင်း, ချေးကွန်းခြင်းတို့ကိုပြု၍ ကမ်းနှစ်ဖက်၌ ကိုယ်ချေးနှင့် တကွ အနံ့ပြင်းစွာသော ကန့်သည် ဖြစ်လေ၏၊ ထိုသို့ ဖြစ်သောအခါ ဓေတ ဟူသော အမည်သည်ရင်း၊ ဂန္ဓက ဟူသော အမည်သည်ရင်း ထင်ရှားစွာ ဖြစ်သည် ဟူ၏။ (၁) ကန့်နီ-ရင်းသည် ရွှေကိစ္စ, သုက်ကိစ္စကို ပြီးစေနိုင်၏၊ (၂) ကန့်ရွှေဝါ- သွေးစုနာ အနာပေါက် စသည်တို့၌ လိမ်းလျှင် ပျောက်စေနိုင်၏၊ (၃) ကန့်ဖြူ-ရင်းသည် ဒိုးမွမ်းအပ်သည် သာတည်း၊ (၄) ကန့်နက်-ရင်းကိုကား ရခဲလှစွာ၏ဟု ရသမဉ္ဇရီခေါ် လောကီကျမ်းကြီး၌ မျိုးခွဲ၍ ဆိုထားသည်။

**ကနုတံ၏ အပြစ် ၆-ပါး။** ။ဝိနည်းတော်လာ ရဟန်းတော်များ မသုံးကောင်းသော ကနုတံမျိုး ၆-ပါး။ (၁) အကွဲပါသော ကနုတံ၊ (၂) အဆစ် ပါသော ကနုတံ၊ (၃) ဖုထစ် ပါသော ကနုတံ၊ (၄) ဆူးရှိသော ကနုတံ၊ (၅) အခေါင်း ရှိသော ကနုတံ၊ (၆) ကြမ်းတန်းသော ကနုတံ။

**ကပ် ၃-ပါး။** ။သုတ်ပါထေယျ ။ပါ။ ၆၀ ။ဋ္ဌ။ ၃၈။ ကပ္ပ=စီရင်ခြင်း၊ သတ္တဝါတို့၏ အပြုအမူ ကံအလျောက် စီရင်ခြင်း ၃-ပါး။ (၁) ဒုဗ္ဘိက္ခန္တရ ကပ်-သတ္တဝါတို့၏ လောဘတရား ပိုမိုအားကြီးလာသော အခါ မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါး၍ သေကြေပျက်စီးခြင်းမျိုး၊ ဤသတ္တဝါတို့ကား များသောအားဖြင့် ပြိတ္တာ ဘုံသို့ ရောက်ကြရ၏၊ (၂) သတ္ထန္တရ ကပ်-သတ္တဝါတို့ ဒေါသတရား ပိုမိုအားကြီးလာသောအခါ မေတ္တာပါးရှား၍ တဦးနှင့်တဦး ထိုးခုတ်ရိုက်နှက် သတ်ဖြတ်ခြင်း ဘေးရန် တို့ကြောင့် သေကြေပျက်စီးရခြင်းမျိုး၊ ဤသတ္တဝါတို့ကား များသော အားဖြင့် ငရဲဘုံသို့ ရောက်ကြရ၏၊ (၃) ရောဂန္တရ ကပ်-အနာ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ချီကြွလျက် "ကပ္ပိယကုဋိံ ကရောမ"ဟု ဆိုကာ တပြိုင်နက် မြေသို့ချစိုက် ပြီးဆုံးစေသောကုဋိ။

**ကမ္ဘာ့ အနုမြူ လက်နက်ပိုင် နိုင်ငံကြီး ၆-ခု။** ။၎င်းသရုပ်ကို (အနုမြူ နိုင်ငံကြီး- ၆)၌ ကြည့်ပါ။

**ကမ္ဘာအပြားမျိုး ၆-ပါး။** ။ဗုဒ္ဓဝင်အဋ္ဌကထာ ၂၂၇-၌ အကျယ်ရှု။ ဘုရားပွင့်သော ကမ္ဘာငါးပါးနှင့် ဘုရား မပွင့်သော ကမ္ဘာ တပါးဟူ၏။ (၁) သာရ ကမ္ဘာ- ဘုရားတဆူသာ ပွင့်သော ကမ္ဘာ၊ (၂) မဏ္ဍ ကမ္ဘာ- ဘုရား နှစ်ဆူ ပွင့်သော ကမ္ဘာ၊ (၃) ဝရ ကမ္ဘာ- ဘုရား သုံးဆူ ပွင့်သော ကမ္ဘာ၊ (၄) သာရ မဏ္ဍ ကမ္ဘာ- ဘုရား လေးဆူ ပွင့်သော ကမ္ဘာ၊ (၅) ဘဒ္ဒ ကမ္ဘာ- ဘုရား ငါးဆူ ပွင့်သော ကမ္ဘာ၊ (၆) သုည ကမ္ဘာ- ဘုရားမပွင့်သော ကမ္ဘာ။

**ကမ္ဘာအပြားမျိုး ၆-ပါး တနည်း။** ။၎င်းအကျယ် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်၊ ပ-တွဲ၊ ပ-ပိုင်း၊(ကု)၌ ကြည့်ရှုကြပါကုန်။ (၁) မဟာကပ်ကမ္ဘာ၊ (၂) အသင်္ချေယျကပ်ကမ္ဘာ၊ (၃) အန္တရကပ်ကမ္ဘာ၊ (၄) အာယုကပ်ကမ္ဘာ၊ (၅) ဟာယနကပ်ကမ္ဘာ၊ (၆) ဝဍ္ဎနကပ်ကမ္ဘာ။

**မှတ်ချက်။** ။ကပ်နှင့် ကမ္ဘာ အတူတူဟုသာ မှတ်ရမည်။

**ကမ္ဘာ့အိုင်ကြီး ၁၀-အိုင်။** ။၎င်း၏ အကျယ် အဝှမ်းနှင့် သရုပ်များကို (အိုင်ကြီး ၁၀-အိုင်)၌ ရှုပါ။

**ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၃၈။** ။၎င်း၏ သရုပ် အမည်များကို (ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ၁၃၈) ၌ ကြည့်ပါ။

**ကမ္ဘာကျော် ခေါင်းလောင်းကြီး ၁၀-လုံး။** ။၎င်းတို့၏ သရုပ်များကို (ခေါင်းလောင်းကြီး ၁၀-လုံး)၌ ကြည့်ပါ။

**ကမ္ဘာစောင့် တရား ၂-ပါး၊ ၄-ပါး၊ ၅-ပါး။** ။ကမ္ဘာ့ ငြိမ်းချမ်း,တိုးတက်, သာယာရေးတရား ၂-ပါးဖြစ်သည်၊ ၎င်းသရုပ်ကို (လောကပါလတရား ၂-ပါး)၌ ကြည့်လေ။

**ကမ္ဘာတည် အရာဝတ္ထုကြီးမျိုး ၄-ပါး။** ။၎င်းသရုပ် (ကပ္ပဋ္ဌိတိမျိုး ၄-ပါး)၌ ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



**ကသည်း ၃-စု၊ ဝါ၊ ၃-စို့။** ။ဤကား မြန်မာရာဇဝင်နှင့် လွှတ်တော် အမှုပ်အသားလာ ဝေါဟာရများ ဖြစ်သည်၊ "စု" နှင့် "စို့" ကား- အစု, အစို့, အသင်း, အဖွဲ့ဟု အဓိပ္ပါယ် ရသည်၊ ကသည်း ၃-စို့ ဆိုသည်ကား ကျောက်မျက် ရတနာများ ထွက်သည့်။ (၁) မိုးကုတ်နယ် တစို့၊ (၂) ကျပ်ပြင်နယ် တစို့၊ (၃) ကသည်းနယ် တစို့အားဖြင့် ကသည်း ၃-စို့ဟု ရေးမှတ် ခေါ်ဝေါ်ကြကုန်၏။

**က,သတ်ကာရန်၊ ရေးထုံးမှန်၊ ၃-တန် မြန်မာ့နည်း။** ။မြန်မာ့ကာရန် သတ်ပုံထုံးနည်း၌ ကာရန်ငယ် ၆၄-ပါးတွင် က, သတ် ကာရန်များ ဖြစ်သော "အက်, အိုက်, အောက်" ရင်း ၃-ပါးကို ဆိုသည်။

**ကသိုဏ်း ၁၀-ပါး။** ။သုတ်ပါထေယျ ။ပါ။ ၂၂၃- ၂၅၇။ ၄။ ၂၃၀။ ယောဂီပုဂ္ဂိုလ်တို့အတွက် ရှုကျင့်တရား ဆယ်ပါး။ (၁) ပထဝီကသိုဏ်း- ပိုင်းခြားအပ်သည့်အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်း အပ်သော မြေကသိုဏ်း၊ (၂) အာပေါကသိုဏ်း- ပိုင်းခြားအပ်သည့် အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်းအပ်သော ရေကသိုဏ်း၊ (၃) တေဇောကသိုဏ်း- ပိုင်းခြားအပ်သည့်အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်းအပ်သော မီးကသိုဏ်း၊ (၄) ဝါယော ကသိုဏ်း- ။ယ။ လေ ကသိုဏ်း၊ (၅) နီလ ကသိုဏ်း- ။ယ။ ညိုသော ကသိုဏ်း၊ (၆) ပီတ ကသိုဏ်း- ။ယ။ ဝါရွှေသော ကသိုဏ်း၊ (၇) လောဟိတ ကသိုဏ်း- ။ယ။ နီမြန်းသော ကသိုဏ်း၊ (၈) ဩဒါတ ကသိုဏ်း- ။ယ။ ဖြူသော ကသိုဏ်း၊ (၉) အာကာသ ကသိုဏ်း- ။ယ။ ကောင်းကင် ကသိုဏ်း၊ (၁၀) အာလောက ကသိုဏ်း- ပိုင်းခြားအပ်သည့်အတွင်း အကြွင်းအကျန်မရှိ အာရုံပြုအပ် စီးဖြန်းအပ်သော အလင်းရောင်ခြည် ကသိုဏ်း။

**မှတ်ချက်။** ။ ။ယ။ နေရာ၌ အထက်နည်းတူ အလည်စကားများကို ဖေါ်ယူမဲ။ (ပေယျာလ ဟူ၏။)

www.burmeseclassic.com

www.burmeseclassic.com



| အမှတ်စဉ် | ကာရန်ကြီး ၁၆-ပါး | ကာရန်ငယ် ၆၄-ပါး သို့မဟုတ် အသံကာရန် ၆၄-ပါး | | | အကြောင်းအရာ |
|---|---|---|---|---|---|
| | | ဦးရေ | မူလ ရေးနည်း | အတို ရေးနည်း | |
| ၁၀။ | ပိတ်ရှတ် ညသတ် ကာရန် ၃-လုံး | ၃၂<br>၃၃<br>၃၄ | အေည်<br>အေည့်<br>အေည်း | အေဉ်<br>အေဉ့်<br>အေဉ်း | ပိတ်ရှတ် (အေည်) နှင့် င, သတ် မယပ်ကောင်း |
| ၁၁။ | ဖွင့်ရှတ် ညသတ် ကာရန် ၃-လုံး | ၃၅<br>၃၆<br>၃၇ | အည်<br>အည့်<br>အည်း | အဉ်<br>ဈ<br>အဉ်း | လုံးတင် နှင့် မစပ် ကောင်း |
| ၁၂။ | တ, သတ် ကာရန် ၃-လုံး | ၃၈<br>၃၉<br>၄၀ | အတ်<br>အိတ်<br>အုတ် | | ပ, သတ် နှင့် မစပ် ကောင်း |
| ၁၃။ | န, သတ် ကာရန် ၉-လုံး | ၄၁<br>၄၂<br>၄၃<br>၄၄<br>၄၅<br>၄၆<br>၄၇<br>၄၈<br>၄၉ | အန်<br>အန့်<br>အန်း<br>အိန်<br>အိန့်<br>အိန်း<br>အုန်<br>အုန့်<br>အုန်း | | မ, သတ် နှင့် မစပ်ကောင်း |
| ၁၄။ | ပ, သတ် ကာရန် ၃-လုံး | ၅၀<br>၅၁<br>၅၂ | အပ်<br>အိပ်<br>အုပ် | | တ, သတ် နှင့် မစပ်ကောင်း |

www.burmeseclassic.com

www.burmeseclassic.com



**ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ ၁၃၈။** ။ဤမှတ်တမ်းကို ၁၉၇၅-ခုနှစ်၊ မေလ ၁-ရက် နေ့အထိ၊ အဖွဲ့ဝင် ၁၃၈-နိုင်ငံရှိကြောင်း ရေးမှတ်တင်ပြသည်။ (၁) အမေရိကန် ပြည်ထောင်စု၊ (၂) ယူနိုက်တက်ကင်းဒမ်း "ဗြိတိန်"၊ (၃) ဆိုဗီယက် ရုရှား၊ (၄) အာရတ် ပြည်ထောင်စု၊ (၅) အာဂျင်တီးနား၊ (၆) ဘရာဇီးလ်၊ (၇) ဘိုင်လိုရပ်ရှား၊ (၈) ချီလီ၊ (၉) ဘရုပ်ပြည်၊ "ထိုင်ဝမ်-တရုပ်ဖြူ" (၁၀) ကျူးဘား၊ (၁၁) ချက်ကိုဆလိုဗားကီးယား၊ (၁၂) ဒိန်းမတ်၊ (၁၃) ဒိုမီနီကန်၊ (၁၄) အယ်လ်ဆာလ်ဗေဒို၊ (၁၅) အီရန် "ပါရှား"၊ (၁၆) လီဘနွန်၊ (၁၇) လူဇင်ဘတ်၊ (၁၈) နယူးဇီလန်၊ (၁၉) နီကာရာဂွါ၊ (၂၀) ပါရာဂွေး၊ (၂၁) ဖိလစ်ပိုင်၊ (၂၂) ပိုလန်၊ (၂၃) ဆော်ဒီအာရေဘီးယား၊ (၂၄) ဆီးရီးယား၊ (၂၅) ယူကရိန်း၊ (၂၆) ယူဂိုစလားဗီးယား၊ (၂၇) ပြင်သစ်၊ (၂၈) ဟေတီ၊ (၂၉) တူရကီ၊ (၃၀) ဂရိခ်၊ (၃၁) ဂွာတီမာလာ… ဂွာနိုယား၊ (၃၂) ပီးရူး၊ (၃၃) ဩစတြေးလျား၊ (၃၄) ကော့စတာရိကာ၊ (၃၅) လိုင်ဗီးရီးယား၊ (၃၆) ကိုလံဗီယာ၊ (၃၇) မက္ကဆီကို၊ (၃၈) တောင်အာဖရိက၊ (၃၉) ကနေဒါ၊ (၄၀) အီသီယိုပီယား၊ (၄၁) ပနားမား၊ (၄၂) ဘိုလီဗီးယား၊ (၄၃) ဗင်နီဇွဲးလား၊ (၄၄) ဂွါးတီးမာလာ၊ (၄၅) နော်ဝေး၊ (၄၆) နယ်သာလင်၊ (၄၇) ဟွန်ဒူးရပ်စ်၊ (၄၈) ဥရုဂွေး၊ (၄၉) အီကွေဒါ၊ (၅၀) အီရက်၊ (၅၁) ဘယ်လ်ဂျီယန်၊ (၅၂) အာဖဂန်နစ္စတန်၊ (၅၃) အိုက်စလန်၊ (၅၄) ဆွီဒင်၊ (၅၅) ထိုင်းလင်း၊ "ယိုးဒယား" (၅၆) ပါကစ္စတန်၊ (၅၇) ယီမင်၊ (၅၈) မြန်မာနိုင်ငံတော်၊ "ပြည်ထောင်စု" (၅၉) အစ္စရေး၊ (၆၀) အင်ဒိုနီးရှား၊ (၆၁) အဲလ်ဘေးနီးယား၊ (၆၂) ဩစထရီးယား၊ (၆၃) ဘူလ်ဂေးရီးယား၊ (၆၄) ကမ္ဘောဒီးယား၊ (၆၅) သီရိလင်္ကာ၊ "သီဟိုဠ်" (၆၆) ဖင်လန်၊ (၆၇) ဟန်ဂေရီ၊ (၆၈) အိုင်ယာလန်၊ (၆၉) အီတလီ၊ (၇၀) ဂျော်ဒန်၊ (၇၁) လာအို၊ "လော" (၇၂) လစ်ဗျား၊ (၇၃) နီပေါလ်၊ (၇၄) ပေါ်တူဂီ၊ (၇၅) ရူမေနီးယား၊ (၇၆) စပိန်၊ (၇၇) မော်ရိုကို၊ (၇၈) ဆူဒန်၊ (၇၉) တူနီးရှား၊ (၈၀) ဂျပန်၊ (၈၁) ဂါနာ၊ (၈၂) ဂီနီယာ "ဂိနီ" (၈၃) ကင်မရွန်း၊ (၈၄) အာဖရိက- ဗဟို "ဗဟိုအာဖရိက" (၈၅) ချဒ်၊ (၈၆) ကွန်ဂို "ကင်ရှာစာ" (၈၇) ကွန်ဂို "ဘရာဇာဗီးလ်" (၈၈) ဆိုက်ပရပ်စ်၊ (၈၉) ဒါဟိုမေ၊ (၉၀) ဂါဘွန်၊ (၉၁) အိုင်ဗရီကို့စ်၊

www.burmeseclassic.com



(၉၂) မာလာဂါဆီ၊ (၉၃) နိုင်ဂါ၊ (၉၄) ဆိုမာလီယာ၊ (၉၅) တိုဂို၊ (၉၆) အထက် ဗော်လတာ၊ (၉၇) မာလီ၊ (၉၈) ဆီနီဂဲလ်၊ (၉၉) နိုက်ဂျီရီးယား၊ (၁၀၀) ဆီယာရာလီယွန်၊ (၁၀၁) မော်ရီတေးနီးယား၊ (၁၀၂) မွန်ဂိုလီးယား၊ (၁၀၃) ဘာရွန်ဒီ၊ (၁၀၄) ဂျမေကာ၊ (၁၀၅) ရဝမ်ဒါ၊ (၁၀၆) ထရီဒက် နှင့် တိုဘာဂို၊ (၁၀၇) အဲလ်ဂျီးရီးယား၊ (၁၀၈) ယူဂန္ဒာ၊ (၁၀၉) ကူဝိတ်၊ (၁၁၀) မလေးရှား၊ (၁၁၁) ကညာ၊ (၁၁၂) တန်ဇန်နီယား၊ (၁၁၃) မာလာဝီ၊ "ညာဆာလင်း" (၁၁၄) မော်လတာ၊ (၁၁၅) ဇမ်ဘီယာ၊ "မြောက်ရိုဒီးရှား" (၁၁၆) စင်္ကာပူ၊ (၁၁၇) ဂမ်ဘီယာ၊ (၁၁၈) မော်လဒိုက်၊ (၁၁၉) ဂူယာနာ၊ (၁၂၀) ဘော့စဝါနာ၊ "ဘီချူနာလင်း" (၁၂၁) လီဆိုသို၊ "ဘာဆူတိုလင်း" (၁၂၂) ဘာဗေဒိုးစ်၊ (၁၂၃) ယီမင်တောင်ပိုင်း ပြည်သူ့သမတနိုင်ငံ၊ (၁၂၄) မော်ရေးသျှ၊ (၁၂၅) ဆွာဇီလင်၊ (၁၂၆) အီကွေတာဂီနီ၊ (၁၂၇) ဖီဂျီ'ကျွန်းစု'နိုင်ငံ၊ (၁၂၈) ဘာရိန်း"ကျွန်းစု"နိုင်ငံ၊ (၁၂၉) ဘူတန်၊ (၁၃၀) ကွေတာ၊ (၁၃၁) တရှပ်ပြည်သူ့သမတနိုင်ငံ၊ (၁၃၂) အာရပ်စော်ဘွားများ ပြည်ထောင်စု၊ (၁၃၃) ဂျာမန်-ဖက်ဒရယ် သမတနိုင်ငံ၊ (၁၃၄) ဂျာမန်- ဒီမိုကရက်တစ် သမတနိုင်ငံ၊ (၁၃၅) ဘဟားမား "ကျွန်းစု" နိုင်ငံ၊ (၁၃၆) ဘင်္ဂလာဒေ့ရှ် နိုင်ငံ၊ (၁၃၇) ဂရီနေဒါကျွန်းနိုင်ငံ၊ ၁၉၇၄-ခု၊ ဖေဖော်ဝါရီလ ၇-ရက်နေ့၌ ဗြိတိန်နိုင်ငံ၏ လက်အောက်မှ လွတ်လပ်ရေး ရခဲ့သည်။ (၁၃၈) ဂီနီဘစ်ဆောနိုင်ငံ။

**ကုလားမျိုး ၆၀။** ။ဤ၌ ရှေးသူဟောင်းတို့ ခေတ်သမယ ယဉ်ကျေးမှု မှတ်စုများကို သိစေရန်မျှ ဖြစ်သည်၊ ယခုခေတ်ကား ကုလားမျိုးတွေ ပိုမိုများဘိ၏။ ၁-သူတယ်၊ ၂-ပူရန္တေ၊ ၃-အာသံ၊ ၄-ရေသူ၊ ၅-ပန်းသေး၊ ၆-ပင္ဂိုက္ခယား၊ ၇-နောင်လာ၊ ၈-ကုလားဖြူ၊ ၉-ဘရင်ဂျီ၊ ၁၀-ဘာလိ၊ ၁၁-လဝိ၊ ၁၂-သိဟိုဠ်၊ ၁၃-သိန်း၊ ၁၄-စန္ဒာ၊ ၁၅-မောပါ၊ ၁၆-ဒေးကိုး၊ ၁၇-နာထိုး၊ ၁၈-စောရာ၊ ၁၉-ပစ္စိဟာ၊ ၂၀-ဘောခ၊ ၂၁-သုတ္တံ၊ ၂၂-ခင်းကျုံ၊ ၂၃-ဥမြဲ၊ ၂၄-ဇိနပတ္တာ၊ ၂၅-ပုရံ၊ ၂၆-သင်းတွဲ၊ ၂၇-စေတုတ္တရာ၊ ၂၈-သက္ကတံ၊ ၂၉-ဝိန်ရိုး၊ ၃၀-မက္ကတိ၊ ၃၁-ဘူလီ၊ ၃၂-မန္တရာဇ်၊ ၃၃-အော်လံတော၊ ၃၄-အော်လံဝာစ်၊ ၃၅-ယစ်ပလစ်၊ ၃၆-ဟော်ရဇော်၊ ၃၇-ဇဝီ၊ ၃၈-ပသိ၊ ၃၉-ဟိန္ဒူ၊ ၄၀-ကာလယ်၊ ၄၁-အင်္ဂလိပ်၊ ၄၂-ပြင်သစ်၊ ၄၃-ရုရှား၊

www.burmeseclassic.com

www.burmeseclassic.com



(၉) အမေး။ ကြာမျိုးငါး၀၊ ပွင့်ကြရေကန်၊ ရေလယ်နေ့ခါက်လျက်၊ ကမ်းဘက်ကြည်ပြန်။

အဖြေ။ မြို့တွင်းရေ့ရှုပ်၊ ခွန်တုတ်ကောက်ခံ၊ မြို့ပြင်ထွက်၊ ပြည့်နှက်စည်ကားရန်။

(၁၀) အမေး။ တအိုးတည်းချက်၊ အကျက်မညီ၊ ထမင်းမာဆတ်၊ ပြော့နပ်သုံးလီ။

အဖြေ။ မင်းနှင့်လူများ၊ တရားမညီ၊ မိုဃ်းသုံးစား၊ ကွက်ကြားရွာချမည်။

(၁၁) အမေး။ မွှေးထုံနံ့ကြူး၊ စန္ဒကူးသိမ်းတန်၊ ပုန်းရည်နှင့် လဲ၊ သုံးစွဲစားပြန်။

အဖြေ။ အလဇ္ဇီများ၊ တရားဖိုးတန်၊ ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။

(၁၂) အမေး။ သံကြေးမပေါင်း၊ ဗူးတောင်း ဗူးအုံ၊ ရေတွင် စုပ်စုပ်၊ နစ်မြုပ်လုံးစုံ။

အဖြေ။ ပညာရှိများ၊ စကားဥဿုံ၊ ပြောသမျှ၊ လောကမသုံးကုန်။

(၁၃) အမေး။ အိမ်လုံး တောင်လုံး၊ ကျောက်တုံး ကျောက်ဖျာ၊ ရေမှာ ဘွားဘွား၊ ထင်ရှားပေါ်လာ။

အဖြေ။ ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊ ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။

(၁၄) အမေး။ အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို၊ဘားငယ်မများ၊ ကိုက်ဝါးကာမျို။

အဖြေ။ ကညာယုဝတီ၊ သက်ကြားဖိုးအို၊ မယားဆဲ၊ အမြဲ အောင်ငေါက်ဆို။

(၁၅) အမေး။ အဆင်း မည်းနက်၊ ကျီးငှက် ထံမှာ၊ ရွှေဟင်္သာများ၊ ခစားနေရှာ။

အဖြေ။ ပညာသီလ၊ ပြည့်ဝသူဟာ၊ သူယုတ်အား၊ ဝပ်တွားနေရမှာ။

www.burmeseclassic.com

www.burmeseclassic.com



**ကောက်ကြီးမျိုး ၁၂၆-ပါး။** ။စော်ဘွား၊ ရကော့၊ ဘော့ကြီး၊ ကြွယ်ကြီး၊ ကြွယ်ပုံဖြူ၊ လုံးကြီး၊ ရှင်ကြီး၊ လုံးဖြူ၊ စပါးဖြူကလေး၊ တောင်လုံးမွှေး (၁၀)။ ရသေး (ကောက်နံ့သာ၊) နံ့ဝါ၊ ရိုးလှ၊ တဆစ်လှ၊ ပေါက်လှ၊ ပူဇော်၊ ကန်တော်၊ ကန်တောင်၊ ပန်းရောင်၊ စံကားဝါ (၂၀)။ ပင်သာ၊ ရခိုင်၊ ရေမနိုင်၊ ကြောင်ငို၊ တိမ်လုံးညို၊ ခြေတို၊ စပါးနက်၊ ကက်ကက်၊ ပန်းကျား၊ ကြွက်သွား (၃၀) ။ကြွက်မြီး၊ ပွဲတော်ကြီး၊ ကျဲမြီး၊ ကောက်မြီး၊ ကောက်ဝင်းကြီး၊ ပုတီးပု၊ တောင်ယာ၊ သီဒါ၊ ယွန်း၊ သာထွန်းဖြူ၊ (၄၀)။ မုယော၊ လင်ပန်းချော၊ ကောက်သွယ်၊ ကောက်ပင်ကြွယ်၊ ဗမွယ်ဖူး၊ စာမစား၊ ဝက်မစား၊ ငါးဝင်စား၊ ငါးရိုး၊ မိုးမခ (၅၀)။ မိုးမလို၊ ကောက်ပိန်ညို၊ မြီးရှည်၊ ကောက်ပင်စည်၊ နောင်တုံ၊ကြာဥ၊ ဦးရှူ၊ တလိုင်းဖြူ၊ ပင်ခိုင်၊ တွေးနိုင် (၆၀)။ နံ့သာဆီ၊ စပါးနီ၊ ဆန်နီမ၊ မှာလယ်၊ ကောက်ငယ်၊ ကြိမ်သီး၊ ငှက်ကြီး၊ ကျွဲ၊ တောင်ဝဲ၊ တောင်ပြန် (၇၀)။ သေလွန်၊ ငဆောက်၊ ကျောက်၊ အင်ရင်း၊ ကြိုင်သင်း၊ မြွေစွယ်၊ ရေသွယ်၊ ချုံကြား၊ အောက်ဖါး၊ သဇင်ခက် (၈၀) ။စမုန်နက်ကလေး၊ ကောက်မွှေး၊ ဂေါ်ရွတ်၊ မရွပတ်၊ မျိုးဆန်း၊ တောင်ထိပ်ပန်း၊ မှော်တိုက်၊ ကောက်ထနောင်း၊ လက်သည်းစောင်း၊ ထောင်ဖြိုး (၉၀)။ ဝက်တိုး၊ မှိုင်းလုံး၊မြီးတုံး၊မြီးလတ်၊ကွန်ခေါင်း၊ ပေါင်းမသွန်၊ ခွတိုး၊ ခွကြမ်း၊ ဆီချမ်း၊ လုံးထပ် (၁၀၀)။ သီးလျှင်၊ လုံးစင်း၊ စံရွှေထွန်း၊ လူပေါ်ကြီး၊ မျိုးတော်၊ ကြည်း၊ ကြင်း၊ လွန်ဘက်၊ ဆင်လျှော့၊ ညှော့မထ (၁၁၀) ။ဝေသာလီ၊ ခွံနီ၊ ပန်းထိမ်၊ မွှေးသိမ်၊ ကျီးတောင်၊ စိန်၊ လောက်စာထိုး၊ ပြည်မအိပ်၊ ကျီးကန်း၊ ကောက်နံ့သာ (၁၂၀) ။ခွေးစာမေ့၊ ပျားကြီးခေါင်း၊ ကောက်မကျဉ်း၊ ဗျပ်စု၊ ခေါ်ဝက်၊ ကျောက် (၁၂၆)။

**ကောက်ညှင်းမျိုး ၃၄-ပါး။** ။ခွေးအာကပ်၊ ချင်းတွင်း၊ နန္ဒင်းဝါ၊ ဝက်လည်ရွှဲ၊ အိပ်ပုံ၊ အိပ်သွန်၊ ပိုးစောင်ခြုံ၊ မုရင်းပြန်၊ ခွံဝါ၊ ပေါက်ဝါကြီး (၁၀)။ ကောက်ညှင်းဖြူ၊ ငနှံကြီး၊ ဆေးကြီး၊ ပြောကြီး၊ ဆင်ပေါင်၊ ပဇင်းတောင်၊ မဲစောင်ခြုံ၊ ရှင့်သွေး၊ ရှစ်သောင်းမွှေးခေါ်မောက် (၂၀)။ ချီးလည်ပြောက်၊ မဲပန်းညို၊ အုန်းခိုင်၊မော်လမြိုင်၊ မီးတုတ်၊မောင်မခေါ်၊ ခေါ်လိန်၊ ခေါ်သာ၊ မကိုဠ်၊ ဝက်ဆီ (၃၀)။ ဝက်လက်သည်း၊ ချိတ်မည်း၊ ကြွက်သွား၊ ဆင်ဝမ်းပျဉ် (၃၄)။

www.burmeseclassic.com

www.burmeseclassic.com



**ကောက်မုရင်းမျိုး ၆-ပါး။** ။ငမန်းညှိ၊ ငမန်းညဖြူ၊ ပုဖြူမုရင်း၊ ငလူးအိုင်၊ ညသျစ်၊ ဗျပ်ကလေး။

**ကောက်လတ်မျိုး ၁၀-ပါး။** ။ဂေါ်တာ၊ မယ်စော၊ အုံ့ပေါ်၊ ပြစ်ထူ၊သလဲဖြူ၊ ဆန်ဖြူကြွမ်း၊ ရွှေအပ်၊ ဖွတ်မြီး၊ ငှက်ပျော်ညွန့်၊ နမသလေး။

**ကောက်လျှင်မျိုး ၁၁-ပါး။** ။ပုန့်သင်ကြောင်၊ ပုန့်သင်ဖြူ၊ ကောက်လျှင်ဖြူ၊ ကောက်လျှင်နီ၊ ဗောင်ပလောင်၊ ဝင်မစဲ၊ စသာ၊ ရေနွှယ်၊ နီဖြူ၊ကွမ်းစား၊ မက်လိပ်မျိုး- မုရင်း။

**မှတ်ချက်။** ။၎င်းကောက်မျိုး ၁၇၇-ပါးကို ရည်ရွယ်၍ (တွက်ယူ မှန်စွာ၊ ကောက်ကြီး မှာသော်၊ တရာကမောက်၊ နှစ်ဆယ့် ခြောက်တည့်၊ ကောက်လတ်တဆယ်၊ တသွယ် ကောက်လျှင်၊ ဆယ့်တစ်ပင်တည့်၊ ခြောက်လျှင်မုရင်း၊ ကောက်ညှင်းသုံးဆယ်၊ စွန်းကယ် လေးခု၊ စုစုပေါင်းမှာ၊ တရာကသော်၊ ရှစ်ဆယ် ကျော်၏) မဟာအထိကရ ကန်တော်ကြီးမော်ကွန်း။

## [ကောင်း]

**ကောင်းကင်အပြား၊-မျိုးလေးပါး၊ ထင်ရှားအာကာသာ။** ။၎င်းသရုပ်ကို (အာကာသ ၄-မျိုး)ဟူသော ပုစ္ဆာ၌ ဆိုခဲ့ပြီ။

**ကောင်း ၆၄-ရပ်။** ။ကောင်းခြင်း ၆၄-မျိုး၊ ဤ၌ ၆၄-ရပ်ယူပုံကား- မိန်းမ မျိုး ၄-ပါးတို့တွင် ပဒုမ္မနီအစားကိုသာ အလိုရှိသည်၊ ၎င်း ပဒုမ္မနီ၌လည်း 'အသားရွှေ၊ အသားနီ၊ အသားဖြူ၊ အသားမည်း'ဟူ၍ ပဒုမ္မနီမိန်းမမျိုး ၄-ပါးရ၏၊ထိုလေးပါးတို့တွင်တပါးတပါး၌လည်း၊ဆူ၊ကြုံ၊နိမ့်၊မြင့်အားဖြင့် ၄-ပါးစီ ပြားပြန်ရကား- ပဒုမ္မနီမိန်းမပေါင်း ၁၆-ပါးရ၏၊ ထို ၁၆-ပါးတွင် တပါးတပါး၌ 'ဥက္ကဋ္ဌ၊ ပဏီတ၊ မဇ္ဈိမ၊ ဟီန' အားဖြင့် လေးပါးစီ ပြားပြန် ရကား ပဒုမ္မနီမိန်းမပေါင်း ၆၄-ပါးဖြစ်သတည်း၊ ဤသို့လျှင် ကောင်းသော ပဒုမ္မနီမိန်းမကိုစွဲ၍ (ကောင်းခြောက်ဆယ့်လေးရပ်၊ သွေးထပ်ထပ်ရှပ်ညီ) စသည်ဖြင့်"ဦးပုည" ရေးသည့်၊ တနည်း "ဘိုးသူတော် ဦးမင်း"ရေးသည့် တေးထပ် ဖြစ်ပေါ်သာ၏၊ ဤကား ဇာတ္တိသျှတ္တရကျမ်းတို့ အလိုတည်း။

www.burmeseclassic.com

www.burmeseclassic.com



**ကောင်း ၆၄-ရပ် တနည်း။** ။၁၁၄၁-ခုနှစ်တွင် ကင်းဝန်မင်းကြီး ရေးသော 'ရွှေကိုယ်တော်ကြီး ချောင်း'၌ 'လက္ခဏာရေး၊ ခြောက်ဆယ်လေးက၊ စသည်များဖြင့်၊ အတင်တင်တည့်' ဟူသော စပ်ဆိုမှုကို ၆၄-ပါးအရ ဝိသောဓနီ စံပြ ကျမ်း၌ ဖြေကြားသည်မှာ– (၁) ခြေဘဝါး လက္ခဏာ ၁၃-ပါး၊ (၂) ကိုယ် လက္ခဏာ ၁၆-ပါး၊ (၃) စိတ်လက္ခဏာ ၆-ပါး၊ (၄) လက်ဘဝါး လက္ခဏာ ၉-ပါး၊ (၅) လည်ပင်း လက္ခဏာ ၁-ပါး၊ (၆) အသံ လက္ခဏာ ၃-ပါး၊ (၇) မျက်နှာ လက္ခဏာ ဂ-ပါး၊ (၈) သွား လက္ခဏာ ၁-ပါး၊ (၉) မျက်စိ လက္ခဏာ ၄-ပါး၊ (၁၀) ဆံပင် လက္ခဏာ ၃-ပါး၊ ပေါင်း ၆၄-ပါး ဖြစ်၏၊ အကျယ် ၎င်းကျမ်းရင်း၌ ရှုလေ။

**ကောင်းခြင်း ၃-ဖြာ သာသနာ။** ။ဘုရားမြွက်၏ ဆုံးမမှု ဓမ္မခာတ်၌ စ,လယ်,ဆုံး ၃-ပါးလုံးကောင်းခြင်း။ (၁) အာဒိကလျာဏ-သီလတရားသည် အစ၏ ကောင်းခြင်း မည်၏၊ (၂) မဇ္ဈေကလျာဏ-သမာဓိလုပ်ငန်းသည် အလယ်၏ ကောင်းခြင်း၊ (၃) ပရိယောသာန ကလျာဏ-မဂ်,ဖိုလ်,နိဗ္ဗာန်သည် အဆုံး၏ ကောင်းခြင်း။

**ကောင်းခြင်း ၅-ဖြာ။** ။မဟာဝဂ္ဂသံယုတ်။ဋ္ဌ။၂၅၉။ နှင့် ဓမ္မပဒအဋ္ဌကထာ၌ လာသောနည်း။ (၁) ကေသာ-နက်မှောင် ရှည်လျားသော ဆံပင်၊ (၂) ဝယ-၁၆-နှစ်အရွယ် ပျိုမြစ်နုနယ်၍ နေခြင်း၊ (၃) မံသ-စိုပြေပြည့်ဖြိုးသော အသားစိုင်များ ရှိခြင်း၊ (၄) အဋ္ဌိ-ဖြူစင် တောက်ပသော သွား,နီသော လက်သည်းများ၊ (၅) ဆဝိ-ဝါရွှေ သန့်စင်သော အရေအဆင်း ရှိခြင်း။

**ကောင်းခြင်း ၅-ဖြာ တနည်း။** ။မိန်းမများအဖို့ ကြန်အင်ငါးဖြာ ကောင်းခြင်း ငါးမျိုးကို ဆိုသည်၊ တေလပတ္တဇာတ် အဋ္ဌကထာမှ–

(၁) ဆဝိ ကလျာဏ- ပန်းပိတောက် အဆင်း, ရွှေအဆင်းကဲ့သို့ အရေအဆင်း၏ ကောင်းခြင်း။

(၂) မံသ ကလျာဏ- ချိပ်ရေဆိုးသကဲ့သို့ လက်ခြေ နှုတ်ခမ်းဖျား သန္တာအဆင်းရှိသော အသား၏ ကောင်းခြင်း။

(၃) နှာရု ကလျာဏ- အသားနှင့် ညီမျှသော အရပ်၌ ချိပ်ရည်ဖြင့်ပြည့်သကဲ့သို့ လက်သည်း ခြေသည်း ရှိခြင်း၊ အသားလွတ်ရာ၌ နို့ရည်စိုင် အဆင်းရှိသည်ဖြစ်၍ အကြော၏ ကောင်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၄) အင္ဂိ ကလျာဏ- ညီညာသော ခရုသင်း ပွတ်သစ်ပမာ ရတနာ ရွဲလုံး ပုလဲကုံး စီသွယ်ထားသကဲ့သို့ ညီညွတ်တင့်တယ် ကောင်းမြတ် စင်ကြယ်သော သွားရှိခြင်း။

(၅) ဝယ ကလျာဏ- အနှစ်တရာ ရှည်မြင့် ကြာသော်လည်း ၁၆-နှစ် နှယ် ပျိုမြစ်နုနယ် ငယ်သောအသွယ်ဖြင့် တင့်တယ်လှပခြင်း။

**ကောင်းခြင်း ၆-ဖြာ ပျိုကညာ။** ။မူလပဏ္ဏာသ ။ပါ။ ၁၂၂ ။ဋ္ဌ။ ပ-အုပ်။ ၃၆၄။ (၁) တစ-ဝါရွှေသော အရေအဆင်း၊ (၂) မံသ စိုပြေ နူးညံ့သော အသား၊ (၃) နခ-ခြေသည်း လက်သည်းနီ၊ (၄) အဋ္ဌိ- ဖြူဖွေး ညီညာသော သွား၊ (၅) သရ-ချိုသာသော အသံ၊ (၆) မဏ္ဍလ-ကိုယ်နေ လုံးရပ် ကြည့်ကောင်းခြင်း။

**ကောင်းဟန် ၃-စု။** ။ရွှေနန်းတော်သုံး မြန်မာ့ဝန်စုတို့တွင် ပါဝင်သော ကောင်းဟန်ဝန် ၃-စု။ (၁) ယွန်း ကောင်းဟန်ဝန်၊ (၂) ဝင်း ကောင်း ဟန်ဝန်၊ (၃) တပ် ကောင်းဟန်ဝန်။

## [ ကိုး ]

**ကိုးကြောင်း လက်ာ။** ။ရှေးလူဟောင်းတို့၏ အလီပေါင်း ဂဏန်းသချ်ာ။

| ၉ × ၁ - လီ = ၉ | ဂ × ၁ -လီ=ဂ |
|---|---|
| နော - ကေ - နော | အဋ္ဌ - ကေ - အဋ္ဌ |
| နဝ - ဒွေး - အဋ္ဌာရသ | အဋ္ဌ - ဒွေး - သောဠသ |
| နဝ - တြိန္တာ - သတ္တဝီသ | အဋ္ဌ - တြိန္တာ - ဇောဝီသ |
| နဝ - ဇယ - ဆတြိသ | အဋ္ဌ - ဇယ - ဗား တြိသ |
| နဝ - ပဉ္စ - ဗျည်းစာယီသ | အဋ္ဌ - ပဉ္စ-သုဋ္ဌာလီသ |
| နဝ - သော - ဇော ပဥ္စသ | အဋ္ဌ - သော - အဋ္ဌာ စာလီသ |
| နဝ - သတ္တ - တြိဆ | အဋ္ဌ - သတ္တ - ဆ ပဥ္စသ |
| နဝ - အဋ္ဌ - ဗားသတ် | အဋ္ဌ - အဋ္ဌ - စတုဆဋ္ဌိ |
| နဝ - နဝါ - ကေ အသီ | အဋ္ဌ - နဝါ - ဗားသတ် |

www.burmeseclassic.com

www.burmeseclassic.com



**ကိုးခဏ်းပျို့။** ။အခဏ်း ၉-ခဏ်းပါသော ပျို့ကဗျာလင်္ကာ။ (၁) ဟတ္ထိပါလ- တောထွက်ခဏ်း၊ (၂)အဿပါလ- တောထွက်ခဏ်း၊ (၃)ဂေါပါလ တောထွက်ခဏ်း၊ (၄) အဇပါလ- တောထွက်ခဏ်း၊ (၅) ပုရောဟိတ် ပုဏ္ဏားကြီး တောထွက်ခဏ်း၊ (၆) ပုဏ္ဏေးမကြီး တောထွက်ခဏ်း၊ (၇) သေုကာရီမင်းကြီး တောထွက်ခဏ်း၊ (၈) ၎င်း မိဖုယားကြီးနှင့် ခုနစ်ပြည်ထောင်သားတို့ တောထွက်ခဏ်း၊ (၉) ဇာတ်ပေါင်းခဏ်း၊ ၎င်း အခဏ်းတို့ကို ဇာတ်ပေါင်း၍ ရေးသောကြောင့် ကိုးခဏ်းပျို့ဟူ၍ ခေါ်ကြသည်။

**ကိုးခိုင် နက္ခတ်။** ။"နက္ခတ် ကိုးခိုင်"လည်းဟူ။ ဤ၌ ကိုးခိုင်နက္ခတ်ဟူသည်ကား နက္ခတ် ၂၇-လုံးတို့တွင် တရာသီ တရာသီ၌ ၃-လုံးစီသွားသဖြင့် အစဉ်အတိုင်း ကိုးပါးသော နဝလက်တွင် ၂၇-လုံးသော နက္ခတ်တို့ တည်နေခြင်းကို ခေါ်ဆိုသည်။ (၁) ဒလိဒ္ဒ နက္ခတ်၊ (၂) မဟာဒ္ဒန နက္ခတ်၊ (၃) စောရ နက္ခတ်၊ (၄) ရာဇ နက္ခတ်၊ (၅) ဒေဿန္တိ နက္ခတ်၊ (၆) ဒေဝီ နက္ခတ်၊ (၇) ဝါဏိဇ္ဇ နက္ခတ်၊ (၈) အမစ္စ နက္ခတ်၊ (၉) သမဏ ဗြာဟ္မဏ နက္ခတ်။

**ကိုးဆယ့်ခြောက်ဖြာ၊ နာရောဂါ၊ တဖြာ ၉၈။** ။၎င်း သရုပ်ကို "အနာပျိုး ၉၆-ပါးမှာ" ရှုပါ။

**ကိုးတိုင်း ၉-ဌာန သာသနာပြုစေလွှတ်ခဏ်း။** ။ပါရာဇိကကဏ် ။ဋ္ဌ။ ပ-အုပ်။ ၄၈-၌ အကျယ်ရှု။ ဗုဒ္ဓသာသနာ ၃-ရာစု ခေတ်၌ ကမ္ဘာ အရပ်ရပ်သို့ သာသနာတော် ပြန့်နှံ့သွားစေရန် ရည်ရွယ်၍ အသောက မင်းတရားကြီးနှင့် ရှင်မဟာမောဂ္ဂလိပုတ္တ တိဿ မထေရ်ကြီးမှူးလျက် စေလွှတ်တော်မူသည့် ရဟန်းတော် ၁၃-ပါးတို့နှင့် အရပ်များ။

(၁) ကသ္မီရ, ဂန္ဓာရတိုင်း - ဟိမဝန္တာ၏ အနောက် မြောက်တက်သို့ မဇ္ဈန္တိက မထေရ်။

(၂) မဟိံသက မာဏလ - အိန္ဒိယနယ် တောင်ပိုင်း၌ရှိသော မိုက်စိုးဟုခေါ်သော ဌာနသို့ မဟာဒေဝ ပထေရ်။

(၃) နဝါဒါသီ အရပ်-တောင်ပိုင်း အိန္ဒိယ ဟိုက်ဒရဗက် နယ် အရှေ့ဘက်ပိုင်း အရပ်သို့ ရက္ခိတ မထေရ်။



www.burmeseclassic.com

www.burmeseclassic.com



(၄) မဟာရဋ္ဌတိုင်း- ဘုံဘေနယ် အပါအဝင် ပူနာမြို့စသော တိုင်းတို့သို့ မဟာဓမ္မရက္ခိတ မထေရ်။

(၅) အပရန္တတိုင်း-မလဝါနယ် အနောက် တောင်ဘက် နရဗဒ္ဒ ခေါ် နမ္မဒါမြစ်ဝ စသော ကချေကွ့ အနီးရှိ အပရန္တခေါ် အရပ်သို့ ဓမ္မရက္ခိတ မထေရ်။

(၆) ယောနကတိုင်း- ပါရှား၊ တူရကီ၊ ဂရိ၊ အီတာလီ စသော တိုင်းခရိုင် နိုင်ငံတို့၏ တည်ထွန်းရာ ယောနက လောက ခေါ်သော အနောက်ဘက်ပြည် နိုင်ငံအစုသို့ မဟာရက္ခိတ မထေရ်။

(၇) ဓိနရဋ္ဌ-ဟိမဝန္တာအရပ်ရှိ "ချိန" ခေါ် ဓိနကိုင်းသို့ မဇ္ဈိမ မထေရ်။

(၈) သုဝဏ္ဏဘုမ္မိတိုင်း- ဓိနတိုင်းကြီး၏ တောင်ဘက် ရှမ်း၊ မြန်မာ၊ ပျူ၊ ဒယား၊ ယွန်း စသော လူမျိုးတို့ နေရာ သုဝဏ္ဏဘုမ္မိခေါ် အရှေ့တောင် ကျွန်းဆွယ်ကြီးသို့ သောဏ မထေရ်၊ ဥတ္တရမထေရ်။

(၉) သီဟိုဠ်ကျွန်းသို့ မဟိန္ဒ မထေရ်၊ ဣဋ္ဌိယ မထေရ်၊ ဥတ္တိယ မထေရ်၊ သမ္ဗလ မထေရ်၊ ဘဒ္ဒသာလ မထေရ်တို့သို့လျှင် မထေရ် ၁၃-ပါးတို့ သိုင်ရာဌာနသို့ ထွက်ကြ၍ ဗုဒ္ဓဝါဒကို ဖြန့်ချီကော်မူခဲ့ကြလေပြီ။

ကိုးနဝင်း ဘုရား။ ။သမ္မာဒိဋ္ဌိခေါ် ဗုဒ္ဓဘာသာတို့ ကိုးကွယ်ဆည်းကပ်ရာ စေတီတော်၏ အမည်ကမျိုး၊ လိုဝေတီတော်၏ အမြင့် ညာက်တော်မှာ ၉-ကောင် ရှိ၍ တိုက်ကော်နှင့် ရပ်ဆိုင်သည့် အဆောင် ဆယောင်တို့မှာ များသောအားဖြင့် နဝင်းကျေ ကိုးခုသာ အထားများသော လောကီ ဆရာတို့ စီမံသည့် စေတီတော်တမျိုးပင် ဖြစ်လေသည်၊ ထိုစေတီတော် များသည် ၁၂၈၃-ခုနှစ် လောက်က စ၍ မြန်မာပြည် အနှံ့အပြား၌ ခေတ် စားလာခဲ့ကြောင်း သိရသော်လည်း ရှေးဟောင်းနန်းစဉ် ခေတ်အရ ဝေဘန်သော် "သောင်းလိုက်ဇမ္ဗူ၊ ကျွန်းလုံးဟူ၍၊ စည်သူမင်းဖျား၊ တည်ခဲ့ထားသည်၊ ဘုရားကိုးဆူ၊ ဂူလည်း ကိုးရပ်၊ နတ်လည်း ကိုးပါး၊ ဘုံကား ကိုးတန်၊ ကိုးရွာရံ၍၊ ကန်လည်းကိုးသယ်၊ ကိုးသန်းပယ်နှင့်၊ ကိုးဆယ်ကိုးရွာ၊ စပ်ကာမဝေး၊ ကြေးကိုးကြေးနှင့်၊ နီးဝေးပျံ့လှိုင်၊ စည်ကိုးဆိုင်က၊ ကိုးဌာနကို၊ ဒုက္ခကင်းစင်၊ ချမ်းသာမြင်၍၊ အောင်မင်္ဂလာ၊ ဖြစ်စေငှါဟု" ဟူသော တပယ်ယင်းမြို့ သမိုင်းလင်္ကာအရ ကိုးနဝင်း ခေတ် စားခဲ့ပုံကိုလည်း သိရသေး၏။ တပယ်ရင်းလော?၊ဒီပဲရင်းလော?။

www.burmeseclassic.com

www.burmeseclassic.com



**ကိုးပါးသီလ၊ နဝင်၊ စောင့်ကြမျှားဗိုလ်လူ။** ။ငင်း၏ သရုပ်အံဓိပ္ပါယ် (နဝင်္ဂသီလ)မှာ ပြမည်။

**ကိုယ်ကျင့်တရား ၃-ပါး။** ။မဟာဝဂ္ဂသံယုတ် ။ပါ။ ၃၆၈။ ၄။ ၃၂၇ ၌ အကျယ်ရှု၊ ၎င်းသရုပ်ကို (အကျင့်တရားမျိုး ၃-ပါး)၌ ဆိုခဲ့ပြီ။

**ကိုယ်စောင့်နတ် တကျိပ်တစ်ပါး။** ။မိမိတို့ကိုယ်ကို စောင့်သောနတ် ၁၁-ပါး။ သမန္တစက္ခုဒီပနီ ၄- အမှတ် ဝိသဇ္ဇနာ ၂-မှ ယူသည်။ (၁) သတ္တဘာဝ နတ်-နဖူးစာကို ရေးမှတ်တတ်သည်၊ (၂) သူရဿတီ နတ်- ပညာကို ပွားစေတတ်သည်၊ (၃) သကျ နတ်- စည်းစိမ် ဉစ္စာကို ပေးစေတတ် သည်၊ (၄) မဟာ်ရာဇာ နတ်-အိပ်မက်ကို ပေးစေတတ်သည်၊ (၅) ဝါမသူရ နတ်-နိမိတ်ကို ပြတတ်သည်၊ (၆) ဇနသူရ နတ်- အလှူပေးသည်ကို မှတ် တတ်သည်၊ (၇) ကရဝါ နတ်- ကာမသုခကို ပေးစေတတ်သည်၊ (၈) ယောတိက နတ်- သွားလေရာ လိုက်၍ စောင်မတတ်သည်၊ (၉) ကလျာဏမိတ္တ နတ်- ကောင်းသော စကားကို မှတ်သား တတ်သည်၊ (၁၀) စန္ဒာဒေဝီ နတ်- ကျက်သရေကို စောင့်တတ်သည်၊ (၁၁) နရိန္ဒာ ဒေဝီ နတ်- အိပ်သောအခါ ဦးခေါင်းရင်းက စောင့်ရှောက်တတ်သည်။

**ကိုယ်စောင့်နတ် တကျိပ်နှစ်ပါး တနည်း။** ။ကျေးဇူးရှင်'လုံးတော်ဆရာတော်' ဘုရားကြီးကား- အထက်ပါ ၁၁-ပါးထည်းတွင် 'ကာလကဏ္ဏီ'ခေါ် နတ်ယုတ်မာ တပါးထည့်၍ 'ကိုယ်စောင်နတ် တကျိပ်နှစ်ပါး'ဟု ရေတွက် ပြထား၏။

**ကိုယ်တွင်းမီး ၅-ပါး။** ။(၁)ဉသ္မာ မီး- ပကတိ ကိုယ်ငွေ့၊ (၂) ပါစကမီး- အစာ ကျေချက်သော ဝမ်းမီး၊ (၃) သန္တပ္ပန မီး- ခြစ်ခြစ်တောက် အပူ ဖျားမျိုး၊ (၄) ဒါဟ မီး- လူးလဲအောင် ပူလောင်ခြင်းမျိုး၊ (၅) ဇီရဏ မီး- လူကို အိုမင်း ဆွေးမြေ့အောင် မသိမသာလောင်သောမီး။

**ကိုယ်တွင်းမီး ၁၁-ပါး တနည်း။** ။၎င်း၏ သရုပ်အဓိပ္ပါယ် (မီး ၁၁-ပါး)၌ ရှုပါ။

**ကိုယ်ဝန်တည်နိုင်ခြင်း အင်္ဂါ ၃-ပါး။** ။ပါရာဇိကဏ် အဋ္ဌကထာ ။မ။အုပ်။ ၁၈၀။ ပဋိသန္ဓေ ကည်နေနိုင်ပုံ အင်္ဂါသုံးပါး။ (၁)မိဘနှစ်ပါး မေထုန် အားဖြင့် စည်းဝေးပေါင်းသင်းခြင်း၊ (၂) ပဋိသန္ဓေယူမည့် သတ္တဝါ၏ စုတိဆဲဖြစ်ခြင်း၊ (၃) မိခင်၏ ပေါ်ပြီးဆဲဥတုသမယနှင့် ကြုံခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်ဝန်တည်နိုင်ပုံ ၇-ပါး။** ။ပါရာဇိကကဏ် အဋ္ဌကထာ ။ပ။ အုပ်။ ၁၇၈-၁၇၉။ ဤသည်တို့ကား မမြဲ၊ တရံတဆစ် အကြောင်းအားလျော်စွာ တည်ယူနိုင်ခြင်းတို့တည်း။ (၁) ရာဂစိတ်နှင့် ကိုယ်လက်သုံးသပ် ပွေ့ဖက်သာယာသဖြင့် တည်နိုင်သည်၊ (၂) ရာဂစိတ်နှင့် အဝတ်ပုဆိုးကို တိုင်တွယ်သာယာသဖြင့် တည်နိုင်သည်၊ (၃) ရာဂစိတ်နှင့် သုက်သွေးကျင်ငယ်ကို စုတ်ယူသွတ်သွင်းသဖြင့် တည်နိုင်သည်၊ (၄) ရာဂစိတ်နှင့် ချက်ကို သုံးသပ်သဖြင့် တည်နိုင်သည်၊ (၅) ရာဂစိတ်နှင့် စိမ်းစိမ်းကြည့်သဖြင့် တည်နိုင်သည်၊ (၆) ရာဂစိတ်နှင့် အနံ့ကို နမ်းရှူသဖြင့် တည်နိုင်သည်၊ (၇) ရာဂစိတ်နှင့် အသံကို နားထောင် သာယာသဖြင့် တည်နိုင်သည်။

**ကိုယ်ဝန်တည်နိုင်ပုံ ၈-ပါး။** ။အထက်ပါ ၇-ပါး၌ အဇ္ဈာစာရ, ခေါ် ၂-ဦးစုံ ကာမမှုပြုခြင်း တပါးထည့်က ရှစ်ပါး ဖြစ်၏၊ ၎င်းကို ဤဆောင်ပုဒ်လင်္ကာဖြင့် သိပါလေ။

(အဇ္ဈာစာရ၊ သံသဂ္ဂနှင့်၊ စောဠ, သုစိ၊ နာဘိ, ရူပ၊ သဒ္ဒ,ဂန္ဓာ၊ ဤရှစ်ဖြာကြောင့်၊ စွဲလာကိုယ်ဝန်၊ ဖြစ်သည် မှန်၏။)

**ကိုယ့်အမည် ကိုယ်ခေါ် သူတော် ၇-ပါး။** ။ဤသည်တို့ကို ကျမ်းကြီးကျမ်းခိုင်၌ မတွေ့ရသော်လည်း စကားအရာ၌ကား တွင်စား၍ နေ၏၊ ထိုကြောင့် ရှေးဆရာသမားများကို မေးမြန်း၍ ဖြေဆိုလိုက်ပါသည်။ (၁) တောက်တဲ့၊ (၂) ခွေးခေါ်ရစ်၊ (၃) တစ်တီတူး၊ (၄) ဇီကွက်၊ (၅) တီးတုတ်၊ (၆) ရွှေပြည်စိုး၊ (၇) ဥသြ။

## [ ကျ ]

**ကျန်စစ်သား၏ အမည် ၅-ပါး။** ။အောက်ပါ အမည်တော် ငါးပါးဖြင့် သက္ကရာဇ် ၄၂၆-ခုနှစ်တွင် မင်းအဖြစ်သို့ရောက်သော ပုဂံမင်းတပါးဖြစ်သည်။ (၁) သတ်ရာတွင် မပါ ကျန်နေသောကြောင့် ကျန်စစ်သား၊ (၂) ကြနိအင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ကြနိစစ်သား၊ (၃) ပရိမ္မအရပ်တွင် ဘွားမြင်သောကြောင့် ပရိမ္မစစ်သား၊ (၄) ရေတိုက်ရာတွင် စက်ထွက်၍ ကရားလန်သောကြောင့် ကရားလန်စစ်သား၊ (၅) ထီးလှိုင်ရွာသူကြီး အရင်ဖြစ်သောကြောင့် ထီးလှိုင်ရှင်။

www.burmeseclassic.com

www.burmeseclassic.com



**ကျောင်းထိုင် အင်္ဂါ ၅-ပါး။** ။ကျောင်းထိုင် ပုဂ္ဂိုလ်တို့၌ ပြည့်စုံရမည့် အင်္ဂါ ငါးပါး၊ ကျောင်းဒကာတိုင်း သိထားရန်။ (ဆယ်ဝါ ပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ခွဲခြားနိုင်၊ ကျောင်းထိုင် အင်္ဂါ ငါးပါးတည်း။) ပရိဝါပါဠိတော်။

**မကျောင်းထိုင်ဘုန်းကြီး ရေဲကျခြင်းမျိုး ၅-ပါး။** ။၎င်း အကျယ်ကို အင်္ဂုတ္တရ ။ပါ။ ဒု-အုပ်။ ၂၃၁-၌ ကြည့်ပါ။ (၁) ဉာဏ်မယှဉ်ပဲ ကဲ့ရဲ့ထိုက်သူ၏ ဂုဏ်ကျေးဇူးတွေကို ပြောဆိုချီးမွမ်းခြင်း၊ (၂) ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ကဲ့ရဲ့ရှုပ်ချ ပြောကြားခြင်း၊ (၃) ကျောင်း၊ (၄) ဒါယကာ-ဒါယိကာမ၊ ၅) လာဘ်လာဘတို့၌ သူများတကာ ရသွားမည်ကို မနာလို ဝန်တိုရှိနေခြင်း။

**ကျောင်းထိုင်ဘုန်းကြီး နတ်ပြည်ရောက်ခြင်းမျိုး ၅-ပါး။** ။အင်္ဂုတ္တရ ။ပါ။ ဒု-အုပ်။ ၂ ၁-၌ အကျယ် ရှုလေ။ (၁) ဉာဏ်ဖြင့် ဆင်ခြင်၍ ကဲ့ရဲ့ရှုပ်ချ အပြစ်ပြထိုက်သူကို ကဲ့ရဲ့ပြစ်တင်ရခြင်း၊ (၂) ချီးမွမ်းထိုက်သူကို ချီးမွမ်းပေးရခြင်း၊ (၃) ကျောင်းကန်၊ (၄) ဒါယကာ - ဒါယိကာမ၊ (၅) ပစ္စည်း လာဘ်တို့၌ သူများတကာ ရရှိသွားမည်ကို မနာမလို ဝန်တိုစိတ်ယား မရှိခြင်း။

**ကျောင်းသခ်မ်းများ၊ မျိုး ၁၀-ပါး၊ ခြားနား သိစေလို။** ။ရဟန်းတော်များနှင့် သင့်လျော်သော ဆိတ်ငြိမ်ရာ ကျောင်းမျိုး ဆယ်ပါး။ ၎င်းအဖြေ (ရဟန်းကျောင်းများ၊ မျိုး ၁၀-ပါး) ၌ ရှုပါလေ။

**ကျော် ၄-ပါးခေါ်၊ ဆရာတော်၊ စာပေါ် နာမည်ကြီး။** ။ဆဲရာ အစဉ်အဆက် ချီးမွမ်းပြောဆို မှတ်သားကြကုန်သော မြန်မာနိုင်ငံ ကျမ်းတတ် အကျော် ဆရာတော် ပုဂ္ဂိုလ်ကျော်ကြီး လေးပါး။ (၁) ပုဂံ သဒ္ဒနီတိ ဆရာဇတော် အရှင်အဂ္ဂဝံသ၊ (၂) စစ်ကိုင်း ရှင်အရိယဝံသ ဆရာတော်၊ (၃) အင်းဝ ဝရာဘိသင်္ဃနာထ ဆရာတော်၊ (၄) တောင်ဘီလာဆရာတော် အရှင်မုနိန္ဒဃောသတို့ ဖြစ်ကြ၏။

**ကျွန် ၇-ဆက်။** ။"ကျွန်မှ မွေးသော သပေါက်၊ သပေါက်မှ မွေးသော သတက်၊ သတက်သားကို သတီ၊ သတီ၏သားကို သတွတ်၊ သတွတ်သားကို သတော့၊ သတော့၏သားကို သမျှော့"ဟု မွေ့သတ် ကျမ်းတို့၌ လာကုန်၏၊

www.burmeseclassic.com

www.burmeseclassic.com



(၄) ဥတ္တရကုရုကျွန်း- လေးထောင့် အင်းပျဉ် သဏ္ဌာန် ရှိ၍ ယူဇနာ ၁၀၀၀-ကျယ်သော မြောက်ကျွန်း၊ ကျွန်းဦး၌ ပဒေသာပင်ပေါက်၏၊ ကျွန်းသူ့ကျွန်း သားတို့ အသက်ကား- ၁၀၀၀-ရှည်၏။

## [ကြ]

**ကြက်တို့၏ ကျင့်ဝတ် ၄-ပါး။** ။မင်းစိုးရာဇာတ္တိ လိုက်နာပြုကျင့်ရန် ရာဇမတ္တန်ကျမ်း၌ ပြသည်။ (၁) ရှေးဦးစွာ နိုးကြားလှုယ်ခြင်း၊ (၂) ကိုယ့်အမျိုး ဇာတ်တူချင်းခွပ်ရာ၌ စွန့်စားရဲခြင်း၊ (၃) အပေါ်ကြက်မတို့နှင့် အစာကို ခွဲဝေစားခြင်း၊ (၄) မိမိထံအောက် ဝင်ရောက်သောကြက်မ၌ စောင့်ရှောက် ပေါင်းဖေါ်ခြင်း။

**ကြဇု ၇-မျိုး။** ။ဆေးအဘိဓာန်ကျမ်းရင်းမှ။ (၁) ဇိဝန္တိ မည်သော ကြဇုကား ရွှေသောအဆင်းရှိ၏၊ အဆီအစေးကို တုတ်၍သော်၎င်း၊ ဆီ ထောပတ် ပျားရည်တို့နှင့် ချက်၍သော်၎င်း သုံးဆောင်ငြားအံ့၊ ရောဂါခပ်သိမ်းကို ပျောက်ငြိမ်း ချမ်းသာစေတတ်၏၊ (၂) ရောဟိဏီ မည်သော ကြဇုကား-ကြောင်သော အဆင်း လုံးသော လျှောင်းသော သဏ္ဌာန်ရှိ၏၊ ဗလ, ဝဏ္ဏ အမှုတို့၌ ပြီးစေတတ်၏၊ အမာနာ ခပ်သိမ်းကိုလည်း ပျောက်စေတတ်၏၊ (၃) ဝိဇယ မည်သော ကြဇု ကား- ဗူးသီးနှင့် တူသောအဆင်း လုံးသော သဏ္ဌာန်ရှိ၍ ပေါက်သော အမာနာ ထိခိုက်ရှနာ ဒဏ်နာ ဟူသမျှတို့၌ ပျောက်ကင်းစေတတ်၏၊ (၄) အဘယ မည်သော ကြဇု ကား- ငါးမြှောင့်ရှိ၏၊ မျက်စိရောဂါကို လျှင်မြန်စွာ ပယ်ပျောက်စေတတ်၏၊ (၅) အဒမရိကာ မည်သော ကြဇု ကား- ထူးထွေမွန်မြတ်သော ဂုသာယန်နှင့် ပြည့်စုံ၏၊ ဝမ်းကို လျှောသက်စေခြင်း၌ သိမ်မွေ့သော သတ္တိရှိ၏၊ (၆) ပုတနာ မည်သော ကြဇု ကား- အသားပါး၍ အစေ့ကြီး၏၊ ကိုယ်ကိုလိမ်းခြင်းတို့၌ အလွန်တန်ခိုးရှိ၏၊ (၇) ကာသု၊ တနည်း၊ စေတကီ မည်သော ကြဇု ကား- ၃-မြှောင့် ရှိ၏၊ မွှေးထုံယန်နှင့် ပြည့်စုံ၏။

**ကြည့်ခြင်းကြီး ၅-ပါး။** ။ဓမ္မပဒအဋ္ဌကထာ ။ပ- အုပ်။ ၅၃-၌ အကျယ်ရှု။ ဘုရားအလောင်းများ လူ့ပြည်ဆင်း၍ သန္ဓေယူခါနီး၌ သန္ဓေယူရန် အတွက် လျော်,မလျော်ကို ကြည့်လေ့ရှိသော ကြည့်ခြင်းကြီး ငါးပါး။

www.burmeseclassic.com

www.burmeseclassic.com



ကြေးတူရိယာ၊ မျိုး ၁၀-ဖြာ၊ သံသာ ချိုမြိမ့်သြောင်း။ ။ ၎င်းသရုပ်ကို (ကြေးသံ ၁၀-ပါး)၌ ပြအံ့။

ကြေးနီ းပြ ၇-ပါး။ ။သဗ္ဗဓာတုက ဝိဇ္ဇာရေ ပကာသနီကျမ်းမှ။ (၁)ဗျက္ခဂန္ဓ တမ္ဘ- ကျားသား ကန့်မှ ထွက်သော ကြေးနီ၊ ညိုညိုရှိ၏၊ (၂) ပိဏ္ဍဇာတက တမ္ဘ- ဥဒေါင်းမွေးမှ ထွက်သော ကြေးနီ၊ ဖန့်ဖန့်ရှိ၏၊ (၃) ပုပ္ဖနာဂ တမ္ဘ-ကံ့ဂေါ်ပွင့်မှ ထွက်သော ကြေးနီ၊ ရဲရဲရှိ၏၊ (၄)ကုဏ္ဍက တမ္ဘ-ဗဟန်းကြက်ချေးမှ ရသော ကြေးနီ၊ ဝါဝါရှိ၏၊ (၅) ရသ သတ္တက တမ္ဘ-ပြဒါးစားကျောက်မှ ထွက်သော ကြေးနီ၊ စိမ်းစိမ်းရှိ၏၊ (၆) လောဟဇာတ တမ္ဘ-ခြသံမှ ထွက်သော ကြေးနီ၊ ဖြူနီနီ ရှိ၏၊ (၇) နာဂဇ တမ္ဘ-သလွဲမည်းကျောက်မှ ရသောကြေးနီ၊ မောင်းမောင်း ရှိ၏။

မှတ်ချက်။ ။ထွက်ရပ်သမားများသည် အမှတ် ၆၊ ၇၊ ကြေးနီနှစ်ပါးကို သုံးစွဲကြရန် အထူးမှာဆိုထား၏။

ကြေးသံ ဆယ်ပါး။ ။၎င်း ကြေးတူရိယာ၏ မျိုးကွဲ အပြားတို့ကို 'မဟာရာဇဝင်ကြီး'မှ ထုတ်၍ ဖြေသည်။ (၁) စည်းစုပ်၊ (၂) ခွက်ခွင်း၊ (၃) ကြေးနင်း၊ (၄) မောင်း၊ (၅) ခေါင်းလောင်း၊ (၆) ကြေးစည်၊ (၇) နရည်းစရာ၊ (၈) ဆည်းလည်း၊ (၉) ကြေးပတ်၊ (၁၀) အိုးစည်၊ (ယခု ဖါးစည် ဟူ၏။) ဤဆယ်ပါးသော ကြေးသံတို့ကို သို့မဟုတ် ကြေးတူရိယာမျိုးတို့ကို မဃဒေဝ လင်္ကာသစ်၌ ဤသို့ စပ်ဆိုထားလေသည်။

အထူးသရုပ်၊ စည်းစုပ်၊ ခွက်ခွင်း၊ ကြေးနင်း၊ ခေါင်းလောင်း၊ မောင်းနှင့် ကြေးစည်၊ တမည်နရည်း၊ ဆည်းလည်း၊ ကြေးပတ်၊ အိုးစည်မှက်သား၊ တီးခတ်ဆော်ညံ၊ တကံ့ကံ့ဖြင့်၊ ကြေးသံဆယ်ပါး၊ ကြား၍အမြဲ၊ နားမရဲတည်း။

ကြောင်ကျောက်မျိုး ၄-ပါး။ ။မဏိသုတ္တရကျမ်းလာ 'ဒကြောင်' ခေါ် ပတ္တမြားရတနာမျိုး လေးပါး။ (၁) ကြောင်ဇေယော်-ကြိုးစလွယ်တင် ထင်လျက် အသားဝါဝါရှိသည်၊ (၂) ကြောင်ဝေယော်-ရွှေကြိုး ငွေကြိုး ရက်တန်းလျက် ရှိသည်၊ (၃) ကြောင်ရှိန်ပုတ်- ဝါဝါရွှေရွှေ စိမ်းစိမ်း ညိုညိုရှိ၏၊ (၄)ကြောင်ရှိန်တူ-ကြိုးစိုက် ပိုက်ကွန်ရက် သဏ္ဌာန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဝသိတာ. နေ၁ ဂါခ် ခတ္တာ-တွင်းလိုဏ်ကိုကား ကိုယ်တိုင်မတူး၊ သူတပါး တူးထားပြီးသား တွင်းလိုဏ်များ၌သာ နေ၍ အသက်ဘေးကို ကာကွယ်နေထိုင်သော ကြွက်မျိုးကဲ့သို့ရှင်း။

(၃) ဂါခ် ခတ္တာ စ ဝသိတာ စ - ကိုယ်တိုင် တွင်းလိုဏ်ကိုတူး၍ ကိုယ်တိုင်နေထိုင်သော ကြွက်မျိုးကဲ့သို့ရှင်း။

(၄) နေ၀ ဂါခ် ခတ္တာ နေ၁ ဝသိတာ- ရန်သူအတွက် ကာကွယ်ရေးတွင်လည်း ကိုယ်တိုင်မတူး၊ နေလည်း မနေသော ကြွက်မျိုးကဲ့သို့ရှင်း ပုဂ္ဂိုလ်လေးစားကို သိရာ၏။

**ကြေ့, အန့်, ဖဲမျှား၊ လောင်းကစား၊ ဇ-ပါး အပြစ်ရ။** ။ ၎င်းသရုပ်ကို (ကစားသမားတို့ အပြစ် ဇ-ပါး) ပြဿနာ၌ ရှင်းခဲ့ပြီ။

**ကြိုတင်၍ မသိနိုင်သော အရာမျိုး ၅-ပါး။** ။ဝိသုဒ္ဓိမဂ်။ ၁-အုပ်။ ၂၂၈။

ဇီဝိတံ, ဗျာဓိ, ကာလော စ၊ ဒေဟနိက္ခိပန်, ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အ နိမိတ္တာ န နာယရေ။

(၁) အသက်မည်မျှ ရှည်ရမည်ကို မသိနိုင်ခြင်း၊ (၂) မည်သည့်အနာရောဂါ ကျရောက် ဖြစ်ပေါ်လာမည်ကို (၃) သေရမည့် အချိန်ကာလကို (၄) ကိုယ်ကောင်ကြီးမြှုပ်နှံ သင်္ဂြိုဟ်ရမည့် နေရာကို (၅) လားရမည့် ဘဝကို မသိနိုင်ခြင်း ဟူ၏။

## [ ကွာ ]

**ကွာဝေးခြင်းကြီး ၄-ပါး။** ။ဆက်စပ်လို့ မရနိုင်အောင် ကွာဝေးသော အရာကြီး ၄-ပါး ဟူ၏၊ ၎င်းသရုပ်ကို (အနန္တ ကွာဝေးခြင်းကြီး ၄-ပါး)၌ ပြဆိုခဲ့ပြီ။

**ကွေ့ကွင်းရခြင်း ဘာဝမျိုး ၃-ပါး။** ။မဟာပဋိနိဗ္ဗာနသုတ်မှ။(၁)နာနာဘာဝ-သေကွဲ ကွဲရခြင်း၊ (၂) ဝိနာဘာဝ-ဒေသ ဟာပါး လွင့်ပါး၍ ရှင်ကွဲကွဲကွာရခြင်း၊ (၃) အညထာဘာဝ-စည်းစိမ်ချမ်းသာ ခံစံပျော်ပါးရာမှ ဆင်းရဲမွဲတေရပြန်ခြင်း၊ သမ္ပာဒိဋ္ဌိအယူမှ မိစ္ဆာဒိဋ္ဌိအယူသို့ ပြောင်းသွားခြင်းမျိုး။

www.burmeseclassic.com

www.burmeseclassic.com



စဥ်က အချိန်ပမာဏကို ပြခြင်းသာဖြစ်၍ သွန်းလုပ်ပြီးသော အခါ ယုတ်လျော့မှုများ ရှိပေလိမ့်မည်။

**ခေါဘဏီအပြား မျိုး ၅-ပါး၊ တပ်သားဖွဲ့ပုံ အဘယ်နည်း?။** ။စာပေ၌ 'ခေါဘဏီ'ဟု မခေါ်၊ 'အက္ခောဘိဏီ'ဟုသာ ခေါ်၏၊ ရင်းသရုပ်ကို (အက္ခောဘိဏီမျိုး ၅-ပါး)၌ ရှုပါ။

**ခဲဘွယ်မျိုးပြား၊ ၁၂-ပါး၊ ဘုရား ပညတ်ချက်။** ။ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ဘောဇဉ်နှင့် ခြားနားသည့် စားဘွယ်ဝေါဟာရ တမျိုး၊ ဝိနည်းပါစိတ်အဋ္ဌကထာ။ (၁) မူလ ခါဒနီယ-စားကောင်းသော သစ်မြစ်ခဲဘွယ်များ၊ ပုံ-နပဲ့ကြွက် နပေါင်း စသည်မျိုး၊ (၂) ကန္ဒ ခါဒနီယ-သစ်ဥ သစ်ဖု ခဲဘွယ်များ၊ ပုံ-ပေါက်ဥ့ကဇန်းဥ့ မျောက်ဥ စသည်များ၊ (၃) မုဠာလ ခါဒနီယ-ကြာစွယ့်ကြာရင်းမျိုး၊ (၄) မတ္ထက ခါဒနီယ-အညွှောင့် ခဲဘွယ်များ၊ ပုံ-ထန်းမြစ်ညွှောင့် စသည်မျိုး၊ (၅) ခန္ဓ ခါဒနီယ- ပင်စည်ခဲဘွယ်များ၊ ပုံ-ကြံပင်စသည်မျိုး၊ (၆) တစ ခါဒနီယ-အခွံ့ အခေါက် ခဲဘွယ်များ၊ (၇) ပတ္တ ခါဒနီယ-အရွက့်သစ်ရွက် ခဲဘွယ်မျိုး၊ (၈) ပုပ္ဖ ခါဒနီယ-အပွင့့်သစ်ပွင့့် ပန်းပွင့် ခဲဘွယ်မျိုး၊ (၉) ဖလ ခါဒနီယ-အသီး့ အနှံ ခဲဘွယ်မျိုး၊ (၁၀) အဋ္ဌိ ခါဒနီယ-သစ်စေ့ အဆန်ဖြစ်သော ခဲဘွယ်မျိုး၊ ပုံ-သစ်ဆိမ့် ဗာကံ စသည်များ၊ (၁၁) ပိဋ္ဌ ခါဒနီယ-မုံ့ ခဲဘွယ်ခေါ်ပဲ့ ဂျုံ့ ပြောင်းမှုန့်တို့ဖြင့် ပြုလုပ်သော မုံ့များ၊ (၁၂) နိယျာသ ခါဒနီယ သစ်ပင်မှ ထွက်သော အစေးခဲဘွယ်မျိုး၊ ပုံ-ဟိင်္ဂုလ် စသည်များ။

**ချက်ကို လက်ဖြင့် သုံးသပ်၍ သန္ဓေတည်သူ ၂-ယောက်။** ။ပိဋကတ်တော်၌ ထင်ရှားသော ပုဂ္ဂိုလ်ထူးများဖြစ်သည်။ (၁) ဒုကူလရသေ့က ပါရိကာ ရသေ့မ၏ ချက်ကို လကျာလက်ဖြင့် သုံးသပ်၍ "သုဝဏ္ဏသာမ" ခေါ် သုဝဏ္ဏသျှမ် သတို့သား သန္ဓေတည်သည်၊ (၂) မာတင်္ဂရသေ့သည် ပုဏ္ဏေးမ၏ ချက်ကို လကျာလက်ဖြင့် သုံးသပ်၍ မဏ္ဍဗျလုလင် သန္ဓေရသည် ဟူ၏။

**ချစ်ကြည်အပ်စွာ၊ မျိုး ၁၀-ဖြာ၊ လိုက်နာဘယ်သို့ ကျင့်မည်နည်း?။** ။ ဩဝါဒထူး ပျို့၌ ချစ်ကြည်ရာသည် ဆယ်ပါးကို ဤသို့ ကျင့်ဆောင်ရန် မိန့်ကြား၏၊ ချစ်ကြည်ရာသည်၊ ဆယ်ပါးမည်ကား၊ (၁) သွေးရည် ရင်နှစ်၊ သားကို ချစ်က၊ ကျိုးပြစ် ပြသ၊ ဆုံးမနိုင်စေ၊ (၂) အိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



မယား၊ ခင်ပွန်းအားကို၊ ရှုစားကြင်ကျွမ်း၊ စူးစမ်းမြော်တင်း၊ စိုင်းပြင်းနိုင်စေ၊ (၃) ရှိသေအပ်လှ၊ မိနှင့် ဖကို၊ ဒေါသပြစ်ဝေး၊ ချစ်မြတ်လေးက၊ လုပ်ကျွေးတမူ၊ မွေးမြူပြုစု၊ ကြည့်ရှုနိုင်စေ၊ (၄) သျှင် ကေရာဇ်၊ မင်းကို ချစ်က၊ ပုဆစ်တုပ်ပျပ်၊ မြကြပ်ထံပါး၊ ခစားနိုင်စေ၊ (၅) တွက်ရေရှည်ကြာ၊ သံသရာကို၊ မေတ္တာလှောက်ပံ့၊ ချစ်ပန်းပျံ့က၊ နူးညံ့စိတ်စေ၊ (၆) ကျွန်ခြွေရွေကို၊ အသေအချာ၊ ချစ်ကြင်နာက၊ ဥစ္စာ ပေးကမ်း၊ ဖုံးလွှမ်းနိုင်စေ၊ (၇) ဖော်ရွေ သင်းပင်း၊ အိမ်နီးချင်းကို၊ ရောင်းရင်းဆံလျှံ၊ မေတ္တာကျုံက၊ သည်းခံနိုင်စေ၊ (၈) ဆွေခင်ပွန်းကို၊ ချစ်ကြည်ညိုမူ၊ ယွင်းယိုမရှိ၊ သတိမြဲစေ၊ (၉) မျိုးဆွေတို့အား၊ ချစ်ကြည်ငြားက၊ သွားလားတက်သက်၊ ပေါင်းဖက်နိုင်စေ၊ (၁၀) ရေမြေကွဲပြား၊ ရပ်ဝေးသားကို၊ ဆွေဝါးအယှည့်၊ ချစ်အားပြည့်က၊ ရှုကြည့်မြော်ငန်း၊ နှုတ်ဆက်ခွန်းဖြင့်၊ မေးမြန်းနိုင်စေ၊ ခွဲဝေ မှာထား၊ သည်ဆယ်ပါးကို၊ ချစ်အားရှိက မြဲလို့လ။

**ချစ်ကြိုက်စွဲလမ်း၊ တမ်းတ လွမ်း၊ ၅-ဖောံး သံသဂ္ဂ။** ။၎င်း သရုပ်ကို(သံသဂ္ဂ မျိုး ၅-ပါး) ဟူသော ပြဿနာ၌ ဖြေဆိုမည်။

**ချစ်ခင်ရင်းနှီးမှု ကြောင်းရင်း ၃-ပါး။** ။ပါရာဇိကဏ်အဋ္ဌကထာ ။ပ- အုပ်။ ၃၅။ သုတ္တနိပါတ် အဋ္ဌကထာ။ ဒု-အုပ် ၂၄၇။ တဦးနှင့်တဦး ကြည်နူးခင်မင်ခြင်း အကြောင်းတရား သုံးပါး။ (၁) ပုဗ္ဗေဝ သန္နိဝါသ-ရှေးဘဝက အတူတကွ နေထိုင်ပေါင်းသင်း သီတင်းသီလ တူမျှစွာ ပြုခဲ့မှု ကြောင့် တပါး၊ (၂) ပစ္စုပ္ပန္နာ ကမ္မ-မျက်နှာမြင် ချစ်ခင် ပါစေဟု သူ၏ ကောင်းမှုတခုခု၌ ဆုတောင်းပြုခြင်းကြောင့် တပါး၊ (၃) ပစ္စုပ္ပန္န ဟိတ-ယခုမျက်မှောက် ဘဝခရီး၌ သူ၏ အကျိုးစီးပွားကို လိုလားဆောင်ရွက်ကူညီပေးမှုကြောင့် တပါး။

**ချမ်းသာကြီး ၄-ပါး။** ။၎င်း သရုပ်ကို (သုခကြီး ၄-ပါး) မှာ ရှုပါ။

**ချမ်းသာမျိုး ၃-ပါး။** ။ကမ္ဘာသားများအတွက် ချမ်းသာရေးဟု သမုတ်အပ်သော သဘောတရား သုံးပါး၊ သို့သော် အိုနာသေဘေး မလွတ်၊ ချမ်းသာတုသာ ဖြစ်၏။ (၁) လူ့ချမ်းသာ-လူ့ဘဝ စည်းစိမ်ချမ်းသာ ဟူသမျှ၊ (၂) နတ်ချမ်းသာ- နတ်ပြည်ခြောက်ထပ် နတ်တို့ချမ်းသာ၊ (၃) ဗြဟ္မာချမ်းသာ-ဗြဟ္မာ ၂၀-ရှိ ချမ်းသာမှုများ။

www.burmeseclassic.com

www.burmeseclassic.com



**ချမ်းသာမျိုး ၃-ပါး၊ တနည်း။** ။ငင်း သုံးပါးကား တခုထက်တခု ပို၍ ချမ်းသာစေ ဖြစ်၏။ (၁) ဈာန်ချမ်းသာ-ဈာန သုခမျိုး၊ (၂) မဂ်, ဖိုလ် ချမ်းသာ-မဂ္ဂသုခ, ဖလသုခမျိုး၊ (၃) နိဗ္ဗာန်ချမ်းသာ- ချမ်းသာ တကာတို့၏ အထွတ်အထိပ် ချမ်းသာမျိုး။

**ချသံ, ခေါ်ဝြား၊ ၁၈-ပါး၊ သင်ကြား ကဗျာ အဘယ်နည်း?။** ။ငင်း သရုပ်ကို (ဘယ်သံ ၁၈-ပါး)၌ ရှုပါ။

**ချီးမြှောက်ခြင်း ၂-မျိုး။** ။(၁) ပစ္စယာနုဂ္ဂဟ– ပစ္စည်း ၄-ပါးဖြင့် လှူဒါန်း ပေးကမ်း ချီးမြှောက်ခြင်း၊ (၂) ဓမ္မာနုဂ္ဂဟ- တရားဓမ္မ သင်ကြားပြသ ဆုံးမပေးခြင်း၊ ကျင့်ကြံ အားထုတ်ခြင်း။

**မှတ်ချက်။** ။သာသနာတော်၌ ငင်း ၂-မျိုးနှင့် ကင်းကွာက မကြီးပွား နိုင်ချေ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ။၇၅။ ငင်း ။ဋ္ဌ။ ၂၇၂-တို့၌ အကျယ်ရှု။

**ချောပစ် ကုန်းတိုက်သူ၏ အပြစ်မျိုး ၇-ပါး။** ။ငင်း သရုပ်ကို(ပိသုဏာဝါစာ ကံ၏ မကောင်းကျိုး ၇-ပါး)၌ ရှုပါလေ။

**ခြသေ့မျိုး ၄-ပါး။ တနည်း ၅-ပါး။** ။ခန္ဓဝဂ္ဂသံယုတ် ။ပါ။ ၇၀ ။ဋ္ဌ။ ၂၆၁။ စတုကင်္ဂုတ္တရ ။ပါ။ ၃၄၂။ ဋ္ဌ။ ၂၉၁ - ၂၉၂ စသည်တို့၌ အကျယ် ရှုပါ။ သုတေသီတို့ အတွက် အကျဉ်းချုပ်မျှ ပြထားသည်။ (၁) တိဏ သီဟ- ပြောက်ကြားသော ကိုယ်ရေအဆင်းရှိသော နွားမနှင့်တူသည့် မြက်စား ခြသေ့မျိုး၊ (၂) ပဏ္ဍု သီဟ - ဖျော့သော သစ်ရွက်လျော် အဆင်းရှိ၍ သားစားခြသေ့မျိုး၊ ရန်ကုန် တိရစ္ဆာန်ရုံ၌ ရှိသော ခြသေ့ မျိုး၊ (၃) ကာလ သီဟ - မည်းနက်သော အဆင်းရှိ၍ မြက်နှင့် သား သေကောင်များကိုသာ စားလေ့ရှိသော ခြသေ့နက်မျိုး၊ (၄) ကေသရ သီဟ - သားကောင် အရှင်များကိုသာ ဖမ်းယူ စားသောက်လေ့ ရှိသော ခြသေ့မျိုးကား နီရဲသော နှုတ်သီးဖျား အမြီးဖျား ရှိ၏၊ နီမြန်းသော အရေးအစင်းသုံးခုတို့သည် ဦးခေါင်းမှစ၍ ကျောက်ကုန်းလယ်သို့ ရောက် အောင် ဆင်းသွားလျက် ချက်၌ လကျ်ာရစ်ပတ်ခွေကာ ဘည်နေ၏၊ ငင်း၏ လည်ဆံ မွေးတို့ကား ရွှေကွန်ရက် ကမ္ဗလာထိုးဖြင့် ခြုံရုံဆင်မြန်းထား သကဲ့သို့ ရှိ၏၊ ထိုမှကြွင်းသော အရပ် အစိတ်အပိုင်းတို့ကား ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်းစင်ကြယ်လျက် ရှိ၏၊ ငင်းသည် အစာဝင်၍ ဗယာက်

www.burmeseclassic.com



ဖြူနီရှိ၏၊ (၂၆) ဂမုန်းစမ္ပာစု-နွားမြက်ရင်းပင်နှင့် တူ၏၊ အစေးထွက်၏၊ ရွက်သားထူထူ အရိုးစိမ်းစိမ်း အမြစ်စုယု ရှိ၏၊ (၂၇) ဂမုန်းလက်ညှိုး-လက်ညှိုးထိုးဟန် ရှိ၏၊ ကျောက် သစ်ပင်တို့တွင် ပေါက်တတ်၏၊ (၂၈) ဂမုန်းကျီးခြေ-ကျီးခြေသဏ္ဌာန်အပင်သေးသေးရှိ၏၊ (၂၉) ဂမုန်းလက်ဆက်- အလတ်ချင်းဆက်နေသည်၊ ဖြူနီ ရှိ၏၊ အနီကား ပိယ၊ (၃၀) ဂမုန်း လဝန်း-အရွက် ကုံကော် ပိတောက်ရွက်တို့နှင့်တူ၏၊ ခေါင်းကြက်သွန်ဖြူနှင့် တူ၏၊ (၃၁) ဂမုန်းပြာသာဒ်- ဆိတ်ဖူးပင်နှင့် တူ၏၊ အရွက်တွင် ပြာသာဒ် ပေါက်၏၊ ပိယ။

**ဂရုက်ကြီးမျိုး ၂-ပါး။** ။သေသည်၏ အခြားမဲ့၌ အကျိုးပေး၍ ကြီးလေးသော ကံ နှစ်ပါး။ (၁) မဟဂ္ဂုတ် ကုသိုလ်ကံ၊ (၂) ပဥ္စာနန္တရိယအကုသိုလ်ကံ။

**ဂရုဓမ်တရား ၈-ပါး။** ။ဝိနည်း စူဠဝါ။ပါ။၄၄၄။ဋ္ဌ။၁၂၇။ အဋ္ဌ ဂရုဓမ္မတရားလည်း ခေါ်သည်၊ ဘိက္ခုနီမ ပြုလိုသူများ၊ သို့မဟုတ် ဘိက္ခုနီမများတသက်ပတ်လုံး အမြဲနိစ္စ လိုက်နာပြုကျင့်ရန် အလေး အမြတ်ပြု တရားရှစ်ပါး၊ (၁) ရဟန်းယောကျ်ား ကင်းသော ကျောင်းရပ်၌ ဝါမကပ်မဆိုရခြား၊ (၂) လခွဲတကြိမ် ရဟန်းယောကျ်ားများအား ဥပေါသထပုစ္ဆက, ဩဝါဒုပသင်္ကမန ခေါ် ၂-ပါးသောတရားကို တောင်းပန်ရခြင်း၊ (၃) ဝါကျွတ်ကာလ ဥဘတောသံဃာ့ထံ ပဝါရဏာပြုရခြင်း၊ (၄) ဂရုဓမ္မ အပ္ပာပန္န ဘိက္ခုနီမသည် ဥဘတောသံဃာ၌ ပက္ခမာနတ်ကို နှစ်စဉ်နှစ်တိုင်း မပြတ်ကျင့်ရခြင်း၊ (၅) သိက္ခမာန်အဖြစ် နှစ်နှစ်တိုင် ကျင့်နေပြီးမှ ဥဘတောသံဃာ၌ ရဟန်းခံရခြင်း၊ (၆) ရဟန်းယောကျ်ားတို့အား တစုံတခုပရိယာယ် သွယ်ဝိုက်နည်းနှင့်မျှ မဆဲရေးရခြင်း၊ (၇) ဘိက္ခုတို့ ဟောကြား ဆုံးမတိုင်းသာ လိုက်နာရခြင်း၊ (၈) ယနေ့ပြုစသောရဟန်းငယ်ကလေးအားပင် ညွတ်တွားရှိသေရခြင်း။

**ဂရုဓမ္မတရား ၅-ပါး။** ။လူတိုင်း အလေးအမြတ် ပြုအပ်သော 'ငါးပါးသီလ'ကို ခေါ်သည်။

**ဂဋ္ဌုနံ ၁၂-ပါးဆေး။** ။အင်္ဂုရတ်ဝေါဟာရ၊ အာကာသခေတ် ၁၂-ပါးကို အလေးတူ ထိုးမျက်ထားသည့် ဆေးတမျိုး။

www.burmeseclassic.com

www.burmeseclassic.com



**စစ်အင်္ဂါ ၈-ပါး၊ တနည်း။** ။ယောဓဗျူဟာကျမ်းလာ ဖြစ်၏။၎င်း ရှစ်ပါးနှင့် ပြည့်စုံမှ တိုင်းပြည် ကျယ်ပြန့်နိုင်သည်။ (၁) ယောဓ မဏိ- စစ်၏ဉကျောင်း မကိုဋ်ခေါ် "ဗိုလ်ချုပ်" စစ်သူကြီးချုပ်၊ (၂) ယောဓကွီ- စစ်မျက်စိခေါ် ဟူးရား ဗေဒင်တတ်သူ၊ (၃) ယောဓကဏ္ဍ- စစ်နားခေါ် သူလျှိုစုံထောက် ကင်းတို့ ကင်းရှည်၊ (၄) ယောဓဗလ- စစ်အားခေါ် ဗိုလ်ကြီး, ဗိုလ်မှူး,တပ်မင်း စသည်၊ (၅) ယောဓာနန- စစ်ခံတွင်းခေါ် လိမ်မာသော တမန် ဆက်သား၊ (၆) ယောဓ စရဏ- စစ်ခြေခေါ် တပ်သားစုမျှား၊ (၇) ယောဓဒေါဠ- စစ်အစွယ်ခေါ် သူရဲကောင်းကြီးမျှား၊ (၈) ယောဓာယု- စစ်၏ အသက်ခေါ် စားနပ်ရိက္ခာ, ခဲယမ်း လက်နက်, ယာဉ်, ရထား,ဆေးဝါးနှင့် ဆရာမျှား။

**စစ်အောင်နိုင်ရား ၁၂-ဖြာ၊ ကြောင်းမှာ အဘယ်နည်း?။** ။ရာဇသေဝကဒီပနီကျမ်းလာ။ (၁) စစ်တက်ဖြန့်ချီ စီစဉ်မှု၌ လိမ်မာခြင်းကြောင့် အောင်နိုင်ခြင်း၊ (၂) မင်းနှင့်အမတ် စည်းလုံးညီညွတ်ခြင်းကြောင့်၎င်း၊ (၃) စစ်ကူ,ရိက္ခာ,မပျက်မပြတ်သောကြောင့်၎င်း၊ (၄) သေနာပတိချုပ်ခန့်ထားစီရင်တိုင်း ရဲမက်ဗိုလ်ပါတို့ မဆိုင်း လိုက်နာသောကြောင့်၎င်း၊ (၅) သူရဲကောင်း မျှားသဖြင့်၎င်း၊ (၆) ယတြာမန္တန် ပူဇော်စီရင်သဖြင့်၎င်း၊ (၇) ဇာတာစန်းလဂ် တက်သဖြင့်၎င်း၊ (၈) စားနပ်ရိက္ခာ ပြည့်စုံ ပိုလျှံမှုကြောင့်၎င်း၊ (၉) တိုင်းနိုင်ငံတော်တွင်း အနာရောဂါ ကင်းသဖြင့်၎င်း၊ (၁၀) သူလျှိုစေ၍ သူ့ပြည်တွင်းရေး ရှုပ်ထွေး ကွဲပြားစေသဖြင့်၎င်း၊ (၁၁) ဗလိနတ်စာ ပူဇော်ပသသောကြောင့်၎င်း၊ (၁၂) ဆင်,မြင်း, ရထား, ယာဉ်တပ်, လက်နက်ကောင်းမျှား ရှိသဖြင့် အောင်နိုင်ခြင်း။

**စစ်ကပ်ခြင်းမျိုး ၂-ပါး။** ။(၁)စန္ဒက ဗျူဟာ-လမင်းကို ကြယ်နက္ခတ် ခြံရံသကဲ့သို့၊ မင်း,စစ်သူကြီးကို အလယ်ကထား၍ ကပ်ခြင်း၊ (၂) ပဘာကရဗျူဟာ-နေမင်းကဲ့သို့ ကြယ်နက္ခတ်မရံဘဲ မင်း,စစ်သူကြီးတို့ ရှေ့တည်၍ ကပ်ခြင်း။

**စစ်ခံခြင်းနည်း ၆-မျိုး။** ။သူထိုးလာသောစစ်ကိုကြည့်၍ သင့်သလို ခံတိုက်ရမည်ဟု လောကဗျူဟာကျမ်း၌ ပြ၏။ (၁) နဒီစရဗျူဟာ-ရင်ပေါင်တန်း၍ တံတားပမာခံခြင်း၊ (၂) ဝိစိတ္တက ဗျူဟာ- ကင်းမြီးကောက် လက်ကဲ့သို့ အလယ် ပင်းစေပြီးလျှင် ဝဲ,ယာ ထောင်၍ ခံခြင်း၊ (၃) သကဋ ဗျူဟာ-

www.burmeseclassic.com

www.burmeseclassic.com



(၂) ပန်းချီရေး စာလုံး- သိပ္ပ လိပိမျိုး၊ (၃) ကညစ်ရေး စာလုံး- လိခါ လိပိမျိုး၊ (၄) ခြစားရာ၌ ထင်နေသော စာလုံး- ဿုဏ လိပိမျိုး၊ (၅) မင်ရေး စာလုံး- ဂုဏ္ဍိကာ လိပိမျိုး။

**စာသင်နည်းမျိုး ၃-ပါး။** ။ဧင်းသရုပ်ကို (ပရိယတ္တိမျိုး ၃-ပါး) ဟူသော သုတေသန ပုဒ်မှာ ကြည့်ပါလေ၊ ပါရာဇိကဏ် အဋ္ဌကထာ။

**စားတော်ကဲ အင်္ဂါ ၅-ပါး။** ။စဖိုသည်ခေါ် ထမင်းချက်သမား၏ ဂုဏ်အင်္ဂါ ၅းပါး၊ ရာဇနိတိ၌ ဆို၏။ (၁) စဖိုသည်၏ မျိုးရိုးစဉ်ဆက် ဖြစ်ခြင်း၊ (၂) ဟင်းလျာချက်နည်းမျိုးစုံ ကျမ်းစာတို့ကို လေ့လာ တတ်မြောက်ရခြင်း၊ (၃) မြိန်ရှက်ဖွယ်ရာ ဖုတ်ကင်ချက်ပြုတ် ကြော်လှော် တတ်ရခြင်း၊ (၄) ချက်ပြုတ်ရေး၌ မျက်နှာလွှဲကာ လူတကာကို မစေခိုင်းရခြင်း၊ (၅) ချက်ပြုတ်ရေး၌ စိတ်ကူးဉာဏ် ကြံစည်ဝေဘန်မှု ရှိရခြင်း။

**စိတ် ၈၉-ပါး။** ။ဧင်းသရုပ် (စိတ်တခုယုတ် ၉၀)၌ ရှုပါ။

**စိတ်၏တည်ရာ၊ ဝတ္ထုမှာ၊ ၆-ဖြာ အဘယ်နည်း?။** ။ဧင်းသရုပ်ကို (ဝတ္ထုရုပ် ၆-ပါး) ဟူသော ပုစ္ဆာ၌ ရှုပါ။

**စိတ်အကြံ သိနိုင်ခြင်းမျိုး ၄-ပါး။** ။သူတပါး၏ စိတ်အကြံကို သိနိုင်ပုံ။ သုတ်ပါထေယျ။ပါ။ ၅၈။ဌ။ ၇၀-၌ ရှုပါ။

**စိတ်တခုယုတ် ၉၀။** ။မေ့သင်္ဂဏီ အဋ္ဌကထာ ၁၁၈-နှင့် ဝိသုဒ္ဓိမဂ် ဒု-အုပ်။ ၈၂-တို့၌ အကျယ်ရှု။ ကပ္ပါသူ ကပ္ပါသား သတ္တဝါရှိသမျှတို့၏ သန္တာန်၌ ဆိုင်ရာဆိုင်ရာဖြစ်သော စိတ်အစုကို တခုမကျန် အကျဉ်းအားဖြင့် ရေတွက်သော် ၈၉-ပါး၊ ၉၀-ပြည့်ဘို့ရာ တခုယုတ်နေ၍ (တခုယုတ် ကိုးဆယ်)ဟု ခေါ်ဆိုရလေသည်။ (၁) ကာမစိတ် ၅၄-ပါး၊ (၂) ရူပစိတ် ၁၅-ပါး၊ (၃) အရူပစိတ် ၁၂-ပါး၊ (၄) လောကုတ္တရာစိတ် ၈-ပါး။

**စိတ္တဇရုပ် ၁၅-ပါး။** ။စိတ်ကြောင့်ဖြစ်သော ရုပ် ၁၅-ပါးကို ခေါ်ဆိုသည်။ (၁) ကာယဝိညတ်ရုပ်၊ (၂) ဝစီဝိညတ်ရုပ်၊ (၃) သဒ္ဒရုပ်၊ (၄) လဟုတာရုပ်၊ (၅) မုဒုတာရုပ်၊ (၆) ကမ္မညတာရုပ်၊ (၇) ပထဝီရုပ်၊ (၈) တေဇောရုပ်၊ (၉) အာပေါရုပ် (၁၀) ဝါယောရုပ်၊ (၁၁) ဝဏ္ဏရုပ်၊ (၁၂) ဂန္ဓရုပ်၊ (၁၃) ရသရုပ်၊ (၁၄) ဩဇာရုပ်၊ (၁၅) အာကာသဓာတ်ခေါ် ပရိစ္ဆေဒရုပ်။

www.burmeseclassic.com

www.burmeseclassic.com



ဟူ၏၊ သုတ်မဟာဝါ ။ပါ။ ၁၁၇။ အင်္ဂုတ္တရ ။ပါ။ ပ-အုပ်။ ၇၆။ ၅၆၇။ ၎င်း ။ဋ္ဌ။ ဒု။ ၅၁။ တို့၌ အကျယ်ရှုပါ။ (၁) သမ္မာသမ္ဗုဒ္ဓ၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ (၄) စကြာဝတေးမင်း။

**စေတီ ၃-ပါး ထူးအပြား။** ။ခုဒ္ဒကပါဠ ။ပါ။ ၁၀ ။ဋ္ဌ။ ၁၈၈-၌ အကျယ်ရှု။ ရှိသေလေးစားအပ်သော အရာဝတ္ထုများ။ (၁) သာရီရိက စေတီ- မြတ်စွာဘုရား၏ ကိုယ်တော်ဒြပ်မှ ဖြစ်သမျှ ဓာတ်တော်တို့ကို ခေါ်သည်၊ "သရီရစေတီ" လည်းဟူ၊ (၂) ပရိဘောဂ စေတီ- ဗောဓိပင်နှင့်တကွ မြတ်စွာဘုရား၏ အသုံးအဆောင်တော် ပရိက္ခရာ စသည်ကို ခေါ်သည်၊ (၃) ဥဒ္ဒိဿ စေတီ- မျက်ကွယ်က မှန်းဆရည်ရွယ်အပ်သော ၃၂-ပါးသော လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်, ရောင်ခြည်တော် ၆-သွယ်နှင့် တင့်တယ် စမ္ပါယ်တော်မူသော မြတ်စွာဘုရား၏ ရုပါရုံ "အဆင်းတော်" သို့မဟုတ် "ဗုဒ္ဓပဋိမာ ဥဒ္ဒိဿက စေတိယံ" ဟူသော ခုဒ္ဒကပါဠ အဋ္ဌကထာအရ "ရုပ်ပွားဆင်းတုတော်, ကောင်းမြတ်သာယာသော အသံတော်, အနန္တဂုဏ်တော်" တို့ကို ခေါ်သည်။

**မှတ်ချက်။** ။ဤသုံးပါးကား ဟေရသန်ပါတ် ကာလိင်ဗောဓိဇာတ်လာ အနာထပိဏ် သေဋ္ဌေးကောင်းပန်၍ ရှင်အာနန္ဒာ လျှောက်ထားသဖြင့် သာဝတ္ထိပြည်မှာ ဘုရားခွင့်ပြုတော်မူသော စေတီတို့တည်း၊ အချို့ကား "ဓမ္မစေတီ" ထည့်၍ စေတီလေးပါးဟု ရေတွက်ကြလေသည်၊ (ပဋိစ္စ သမုပ္ပါဒါဒိ လိခိတ ပေါတ္ထကေ နိဓဟိတွာ ကဘံ ပန ဓမ္မစေတိယံ နာမ) ပဋိစ္စသမုပ္ပါဒ်စသော တရားဒေသနာတို့ကို ရေးအပ်သော ပေ, ရွှေပြား, ငွေပြား, စသည်များကို သိုမှီး ဌာပနာ၍ ပြုအပ်သော စေတီသည် 'ဓမ္မစေတီ' မည်၏ ဟူ၍ သာရတ္ထဒီပနီ ဋီကာဆရာ မိန့်တော်မူသည်။

**ဝေတီပါဒ ၃-ဌာန။** ။၎င်း သရုပ်ကို (စက်တော်ရာ ၃-ဆူ)၌ ရှုပါ။

**စေတီ,ပုထိုး တန်ခိုးပြခြင်းမျိုး ၃-ပါး။** ။မိလိန္ဒပဥှာ ပါဠိတော်-၂၉၇။ စေတိယပါဋိဟာရိယ ပဥှာခန်း။

www.burmeseclassic.com

www.burmeseclassic.com



**ဆည်းဆာအပြား၊ မျိုး ၃-ပါး၊ ၄-ပါး တနည်းလာ။** ။နေမင်း၏ အလယ် ဗဟိုချိန် ၃-ပါးဟူလို။ (၁) နံနက် နေတခြမ်းထွက်ချိန်၊ (၂) နေ့လည် မွန်းတည့်ချိန်၊ (၃)ညနေ နေတခြမ်း ဝင်ချိန်၊ ထို့ကြောင့် လောကသာရ ပျို့၌ "ဥဒည်း, မဇ္ဈင်၊ နေဝင်အခါ၊ ဆည်းဆာသုံးပါး၊ ပိုင်းခြားဂါထာ၊ ရွတ်မြဲရာသား၊ ကာယာသိဒ္ဓိ၊ တရိသစ္စာ၊ တတ်လေ့လာ၍"ဟု ဆိုထား သည်။

**ဆည်းဆာ ၄-ပါး၊ တနည်း။** ။သူရိယ ကာလ၏ မဇ္ဈေချိန် ၄-ပါး ဟူ၏၊ (၁) နေ့၏အဆုံးနှင့် ညဉ့်၏အစ ညနေချမ်းချိန်၊ နေဝန်းကြီး တခြမ်း ဝင်ချိန် ဟူလို၊ (၂) ညဉ့်၏အဆုံးနှင့် နေ့၏အစ နံနက်အချိန်၊ နေဝန်းကြီး တချမ်း ထွက်ချိန် ဟူလို၊ (၃)နေမွန်းတည့်ချိန်၊ (၄) ညဉ့်သန်းခေါင်ချိန်။

**မှတ်ချက်။** ။မန္တလေး နေပြည်တော်သုံး မြန်မာ့ပဟိုရ်စည် ဗ်တော်ချိန်၌ နံနက် လေးချက်တီး,နေ့ ၂-ချက်တီး, ညဉ့်လေးချက်တီး, ညဉ့် ၂-ချက်တီးတို့သည် ဆည်းဆာချိန် မည်၏။

**ဆည်းလည်း ၃-လုံး။** ။ ဆည်းလည်းကို အချို့မှာစောင်တို့၌ "ဆည်လည်" ဟု ရေးထုံးပြုကြသည်၊ ရှေးထုံး ဝေါဟာရအားဖြင့် ပြောလာကြသည် မှာကား ချမ်းသာ, ဆင်းရဲ ဖြစ်မည့် ရှေ့ပြေး နိမိတ် သုံးပါး ဟူ၏။ (၁) ကလေးသူငယ်တို့သည် "အိမ်၏ဆည်းလည်း" မည်၏၊ ၎င်းတို့ အမေ လေး, အဘလေးစသည့် အနိဋ္ဌ အမင်္ဂလာသံမျိုးကို မကြားဘဲ မြွက်ဆို အော်ဟစ်မှု ဆင်းရဲ ပျက်စီးဘေး ရောက်တတ်၏၊ မင်္ဂလာရှိသော ဣဋ္ဌသံကို မြည်ဆိုမှု ထိုအိမ်၌ ချမ်းသာကြွယ်ဝတတ်၏။ (၂) ဇာတ်,ရုပ်သေးစသော သဘင်သည် တို့သည် "မြို့ရွာ၏ ဆည်းလည်း" မည့်၏၊ မြို့ရွာ၏ ဆည်းလည်းသည် အသေအပျောက် ခိုက်ရန် သတ်ပုတ် ဇာတ်တို့ကို များစွာပြုမှု၊ အပူတိုက်ကို အဆိုအမြည်များမှု မြို့ရွာ ဘေးသင့်တတ်၏၊ မင်္ဂလာရှိသော ဇာတ်ကွက် ဇာတ်လမ်းနှင့် ကျက်သရေ မင်္ဂလာရှိသော တေးသီချင်းတို့ကို မကြားဘဲ ပြသသီဆိုမှု သာယာဝပြောတတ်၏၊ (၃) ရှူးသွပ်သော သူတို့သည် "တိုင်းနိုင်ငံ၏ ဆည်းလည်း"မည်၏၊ထိုတိုင်းနိုင်ငံ၏ ဆည်းလည်းသည် မကောင်းသံ မြည်မှု တိုင်းနိုင်ငံ မကောင်း ဖြစ်တတ်၏၊ ကောင်းသံမြည်မှု ကောင်းတတ်၏၊ မြို့ရွာသာယာတတ်သည် ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျပ်ပြည့်၊ အကြွင်းရှိကာ၊ တွက်ဖို့ရာကို၊ စဉ်လာရေးထုံး၊ စိရ်ကုံးအံ့၊ တွက်ကျုံးကြွင်းလာ၊ မြှောက်စရာကား၊ မူးမှာ တဆယ်၊ ပဲဝယ် နှစ်ပါး၊ ရွေးကား ဖိ-မှန်၊ ဆန်,နှမ်း, စတု၊ သုံးခု မုန်ညင်း၊ မြူမင်းဥကာ၊ လိက္ခာ သတ္တ၊ အဏုပရမာ၊ ဆတ္တိ သာဟု၊ သေချာစဉ်သင့်၊ ဆယ့်နှစ်ဆင့်သည်၊ ကြွင်းဖြင့်မြှောက်ရန် သွယ်သွယ်တည်း။" တင်ရှားစေအံ့။ (၁) ပရမာ ဏုမြူ ၃၆-လုံး၊ အဏုမြူ ၁-လုံး၊ (၂) အဏုမြူ ၃၆-လုံး၊ (ကညစ်ချေး) လိက္ခာမြူတလုံး၊ (၃) လိက္ခာမြူ ၇-လုံး၊ (သန်းဥကျောင်း) ဥကာ တလုံး၊ (၄) ဥကာ ၇-လုံး၊ မုန်ညင်းစေ့ တလုံး၊ (၅) မုန်ညင်းစေ့ ၃-လုံး၊ နှမ်းတလုံး၊ (၆) နှမ်းစေ့ ၄-လုံး၊ ဆန်တလုံး၊ (၇) ဆန်စေ့ ၄-လုံး၊ ချင်ရွေးငယ် တလုံး၊ (၈) ချင်ရွေး ၆-လုံး၊ တပဲငယ်၊ (၉) ၂-ပဲငယ်၊ တမူးငယ်၊ (၁၀) ၁၀-မူးငယ်၊ တကျပ်။

**မှတ်ချက်။** ။ကျပ် ၁၀၀-ကို တပိဿာ ခေါ်၏။

**ဆရာမျိုး ၃-ပါး။** ။အတတ်ပညာပေးသူ ၃-ပါး ဟူ၏။ (၁) သင်ဆရာ၊ ကိုယ်ထိလက်ရောက် ကျကျနန သင်ပြပေးသော ဆရာမျိုး-မုကာစရိယ၊ (၂) မြင်ဆရာ၊ သူလုပ်ကိုင်နေသည်ကို တွေ့ကာ မြင်ကာဖြင့် တတ်မြောက်ခြင်း ရှိသူ၏ ဆရာ ဒိဋ္ဌာစရိယ၊ (၃) ကြားဆရာ၊ သူ ပြောဆိုရွတ်ဖတ်နေသည်ကို ကြားရသဖြင့် တတ်မြောက်သူ၏ ဆရာ-သုတာစရိယ။

**ဆရာမျိုး ၅-ပါး၊ တနည်း။** ။ဥင်းသရုပ် (အာစရိယမျိုး ၅-ပါး)၌ ပြပြီးပြီ။

**ဆရာ့ ဂုဏ်အင်္ဂါ ၂၅-ပါး။** ။ဆရာမြတ်တို့ လိုက်နာ ပြုကျင့်အပ်သည့် ဂုဏ်ကျေးဇူး ၂၅-ပါး ဟူ၏၊ မိလိန္ဒပဉ္ဟာ။ (၁) တပည့်၌ အမြဲအစဉ် စောင့်ရှောက်ရ၏၊ (၂) မှီဝဲအပ် မအပ်ကို သိရ၏၊ (၃) မေ့လျော့သည် မမေ့လျော့သည်ကို သိအပ်၏၊ (၄) အိပ်ရာ,နေရာ၏ ကျန်းမာရေးကို သိအပ်၏၊ (၅) ရောဂါရှိ မရှိကို သိအပ်၏၊ (၆) ထမင်း ဘောဇဉ် ရအပ် မရအပ်ကို သိရာ၏၊ (၇) အထူး ရှိ မရှိကို သိအပ်၏၊ (၈) စားသောက်ဖွယ် တို့ကို ကောင်းစွာ စစ်ဆေး ဝေဘန်အပ်၏၊ (၉) ပညာတိုးမှု အတွက် အားပေးစကား ပြောကြားအပ်၏၊ (၁၀) အလုပ်အကျွေး ကောင်းသူကို သိထားအပ်၏၊ (၁၁) ဆွမ်းခံရာ၌ အလုပ်အကျွေးကို သိအပ်၏၊ (၁၂) ကျောင်း၌ အလုပ်အကျွေးကို သိအပ်၏၊ (၁၃) ဆရာသည်

www.burmeseclassic.com

www.burmeseclassic.com



ဘိုး,ဘေး,ဘီ,ဘွဲ့,ဘော့,ဘွေး- ဟူ၍ရင်း၊ (၄) အဖ,အဖိုး,အဘွေး,အဘဲ, အဘိ, အဘော,အဘောင် ဟူ၍ရင်း၊ ဤသို့ ဆရာအမျိုးမျိုးတို့ ကျမ်း အမျိုးမျိုး၌ တမျိုးစီ ဝေါဟာရသုံးစွဲပုံ ကွဲကြောင်းနှင့် မှတ်သားကြ၏။

အောက် ၇-ဆက် ရေတွက်ပုံ။ (၁) သား,မြေး,မြစ်,တီ,တွတ်,ကျွတ်, ကျွတ်ဆက်- ဟူ၍ရင်း၊ (၂) သား,မြေး,မြစ်,တီ,ကျွတ်,ဆတ်,ဆက်- ဟူ၍ရင်း၊ (၃) သား,မြေး,မြစ်,တီ,မြွေ့,ကျွတ်,ကျွတ်ဆက်- ဟူ၍ရင်း၊ ဤသို့ မူကွဲမျိုးသုံးစီမျှ တွေ့မှတ်ရဘူး၏။

> 'မဃဒေဝလင်္ကာ' ဆရာအလိုသော်ကား၊ 'ဆွေစုမျိုးစစ်၊ ဒုနစ်ဝင်ထ၊ ကိုယ့်ထက်မှလျှင်၊ အဘ, အဘိုး၊ ခေါ်ရိုးစဉ်ရှေး၊ အဘေး, အဘဲး၊ တကွဲး အဘွေး၊ တရေး အဘော်၊ အောက် သော်တခြား၊သား,နှင့် မြေး,မြစ်၊ တဆစ် တီ,မြွေ့၊မှတ်လေ့ ကျွတ်,ဆက်၊ ကျမ်းဂန်ထွက်၏။' ဟူ၍ ဖြစ်၏။

ဆွေမျိုး ၄-ပါး။ ။မျိုးနွယ်အားဖြင့် ယူနည်း၊ သုတ္တနိပါတ်။ပါ။၂၀၀။ဌ။ ပ-အုပ်။ ၁၀၁။ (၁) ဉာတိဗန္ဓု-မျိုးဆက် ထက်, အောက်, ၇-ဆက်ထိ၊ (၂) ဂေါတ္တဗန္ဓု- အနွယ်အားဖြင့် အဆက်ပေါင်းများစွာ စွဲယူခြင်း၊ (၃) မန္တဗန္ဓု- ကောင်းတူ ဆိုးတူ တိုင်ပင်ဖော် တိုင်ပင်ဖက်မျိုး၊ (၄) သိပ္ပဗန္ဓု- ဆရာတူ တပည့် ကျောင်းနေဖက် အတတ်ပညာ တူသူချင်း။

ဆွေမျိုး ၄-ပါး၊ တနည်း။ ။မူလပဏ္ဏာသ။ဋ္ဌ။ဒု-အုပ်။၁၁၃-၌ အကျယ်ရှု။ (၁) ဉာတိ- မိမိအထက် ၇-ဆက်၊ အောက် ၇-ဆက်၊ တော်စပ်သူမျိုး၊ (၂) ဂေါတ္တ-မျိုးရိုး၏ အဆက်အနွယ်မျိုး၊ (၃) မိတ္တ- အတူသွားလာ စားသောက်ဘူးသော မိတ်ဆွေမျိုး၊ (၄) သိပ္ပ- ကျောင်းနေဖက် ဆရာတူ တပည့်မျိုး။

## [ ဇ ]

ဇဝက်သာမျိုး ၂-ပါး။ ။အချို့ကျမ်းတို့၌ ၅-ပါးရှိ၏။ (၁)အဂ္ဂိ ယဝက္ခယ- မီးစား ဇဝက်သာ၊ မဖောက်ထုံးကဲ့သို့ ခပ်ပွပွရှိသည်၊ လကျာ် လက်ဝဲ ထွက်ရတ်လမ်းဆရာတို့အတွက် ငှင်းမှသာ အကျိုးကို ပြီးစေနိုင်၏၊ (၂) ဒက ယဝက္ခယ-ရေစား ဇဝက်သာ၊ အသားစဉ်းနှင့် ဖြူပျဉ်းပျဉ်းရှိ၏၊

www.burmeseclassic.com

www.burmeseclassic.com



**ဇုံပိုင်း ၅-ရပ်။** ။ဇုံ ဟူသော ဝေါဟာရသည် လောကဓာတ် ပထဝီဝင် သင်ခဏ်းစာတို့တွင် သုံးစွဲကြသော အခေါ်ပုဒ်တည်း။ ၎င်း၏ အဓိပ္ပါယ် ကား၊ 'အပူ အအေး ပိုင်းခြားထားသော အရပ်' ဟူ၏။ (၁) မြောက် ပိုင်း အအေးဇုံ-မြောက်ဝင်ရိုးစွန်း ပတ်လည်၌ အာတိတ် စက်ဝိုင်းအတွင်းရှိ အရပ်၊ (၂) တောင်ပိုင်း အအေးဇုံ- တောင်ဝင်ရိုးစွန်း ပတ်လည်၌ အန္တာတိတ် စက်ဝိုင်း အတွင်းရှိ အရပ်၊ (၃) အပူပိုင်းဇုံ-ဥတ္တရာယာဉ်စွန်း ဟန်း အရပ်နှင့် ဒက္ခိဏာယာဉ်စွန်းတန်း အကြားရှိ အရပ်၊ (၄) မြောက် သမဇုံ- အာတိတ်စက်ဝိုင်းနှင့် ဥတ္တရာယာဉ်စွန်းတန်း အကြားရှိ အရပ်၊ (၅) တောင်သမဇုံ- အန္တာတိတ် စက်ဝိုင်းနှင့် ဒက္ခိဏာယာဉ်စွန်းတန်း အကြားရှိ အရပ်။

**ဇိုဝ်းမျိုး ၃-ပါး။** ။နတ်မျိုးသုံးပါးဟူ၏၊ ဒေဝ,သဒ္ဒါမှ "ဇိုဝ်း" ဖြစ်သာ ကြောင်း မှတ်။ (၁) ဘုမ္မ ဒေဝ-ဘုမ္မဇိုဝ်း၊ မြေ၌နေသော နတ်မျိုး၊ (၂) ရုက္ခ ဒေဝ-ရုက္ခဇိုဝ်း၊ သစ်ပင်၌နေသော နတ်မျိုး၊ (၃) အာကာသ ဒေဝ-အာကာသဇိုဝ်း၊ ကောင်းကင်၌နေသော နတ်မျိုး။

**ဇော်ဂနီခေါ်၊ စုန်းမျိုးကျော်၊ ၄-ဘော် အဘယ်နည်း?။** ။ကျမ်းကြီး ကျမ်းခိုင်တို့၌ကား ဇော်ဂနီကို 'စုန်း' ဟု မဆိုကြ၊ မိစ္ဆာနတ်စိမ်းဟုသာ ဆိုကြ၏။ ကဝေသာရကျမ်း၌ကား အောက်ပါအတိုင်း လာလေသည်။ (၁) ဒေဝ ဇော်ဂနီ-အောက်တန်း နတ်ဆိုး နတ်ယုတ်များ၊ (၂) ဗျဂ္ဃ ဇော်ဂနီ- ကျားနှင့်ယှဉ်သော နတ်စိမ်းများ၊ (၃) ယက္ခ ဇော်ဂနီ- ဘီလူး, သရဲ, ဘုတ်, ပြိတ္တာများ၊ (၄) ရုက္ခ ဇော်ဂနီ- ထိုထို ဇော်ဂနီတို့ကို အစိုးရ သော နတ်စိမ်းများ။

**ဇော်ဂနီများ၊ စုန်းမျိုးပြား၊ ထင်ရှား ၆၄။** ။သဒ္ဒ ကပ္ပ ဒုမ အဘိဓာန်ကျမ်း ၌ ယောဂိနီပုဒ်အဖွင့်တွင် ဇော်ဂနီ ခြောက်ကျိပ် လေးပါးနှင့် တကွ ၎င်းတို့ ကို အလိုရှိသလို စေခိုင်းနိုင်ကြောင်း, အတတ် မန္တရား ပူဇော်ပသပုံများ ကိုပါ အစုံပြထားသည်။ အကျယ် ၎င်းကျမ်း၌ ရှုပါလေ။

## [ ဈ ]

**ဈာန်အပြား ၂-ပါး။** ။ပဋိသမ္ဘိဒါမဂ် ။ပါ။ ၄၁ ။ဌ။ ပ-အုပ်။ ၁၇၀။
(၁) အာရမ္မဏူပနိဇ္ဈာနဈာန်- သမထ, ဘာဝနာ, သက်သက်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



သခ်ါရ,' အာနဉ္ဇာဘိသင်္ခါရလည်း ဥေ ယျတပါ။ (၂) ဝိကာရ ခေါ်-ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာတည်းဟူသော **ဝိကာရလည်း** ဥေ ယျတပါ။ (၃) လက္ခဏာ ခေါ်-ဥပစယ, သန္တတိ,ဇရတာ, အနိစ္စတာတည်းဟူသော လက္ခဏာလည်း ဥေ ယျတပါ။ (၄) နိဗ္ဗာန် ခေါ်-အသင်္ခတဓာတ် မြတ်သောတရားလည်း ဥေ ယျတပါ။ (၅) ပညတ်ခေါ်-ပုဂ္ဂိုလ်, သတ္တဝါ, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, စကြဝဠာ, သတ္တပညတ်, နာမပညတ် ဟူသမျှလည်း ဥေ ယျတပါ။

**ည၌ ၃-ယာမ်။** ။ည၌၏ အချိန် ၃-ပိုင်း ဟူ၏။ (၁) ပုရိမ ယာမ်- ညဦး ယာမ်၊ ၆-နာရီမှ ၁၀-နာရီထိ၊ (၂) မဇ္ဈိမ ယာမ်- သန်းခေါင်ယာမ်၊ ၁၀-နာရီမှ ၂-နာရီထိ၊ (၃) ပစ္ဆိမ ယာမ်- မိုးသောက်ယာမ်၊ ၂-နာရီမှ ၆-နာရီထိ။

**ည၌နက်ခံခါ၊ လည်သူမှာ၊ ၆-ဖြာ အပြစ်ရ။** ။ဎင်း ပြဿနာရပ်ကို (အ ကာလခါ၊ လည်သူမှာ ၆-ဖြာ အပြစ်ရ) ဟူသော ပုစ္ဆာ၌ ဖြေခဲ့ပြီ။

**ညသတ်ကာရန်၊ ရေးထုံးမှန်၊ ရွတ်ရန် နည်း ၆-ပါး။** ။မြန်မာသင်ပုန်းကြီး ကျမ်းလာ ၃၆-ပါးသော ဌာနတို့တွင် ပါဝင်သည့် စာစီစာကုံးနည်း ဥပဒေသ ဝေါဟာရ၊ နှုတ်ခမ်း ဖွင့်၍ ရွတ်ရသော 'အည်, အည့်,အည်း' ပိတ်၍ ရွတ်ဖတ်အပ်သော 'အဉ်, အဉ့်, အဉ်း'တို့ ဖြစ်ကြ၏၊ ကဗျာဆရာ တို့က ကာရန်ငယ်သံ ၆၄-ပါး၌ သွင်းယူကြသည်။

**ညာသံကြီးများ၊ ၁၈-ပါး၊ ဆိုဗြားကဗျာ အဘယ်နည်း?။** ။ပုင်းသရုပ်ကို (ဟက်သံ ၁၈-ပါး)၌ ရှုပါ။

**ညာသံငယ်ခေါ်၊ ကဗျာပေါ်၊ ယူသော် ၁၈-ပါး။** ။ဎင်းသရုပ်ကို (နိမ့်သံ အပြား ၁၈-ပါး)၌ ရှုပါ။

**ညီလာခံဗြား၊ မျိုး ၃-ပါး၊ ခြားနား ရှေနန်းတော်။** ။မြန်မာဘုရင်မင်းမြတ် တို့ မြို့ပြ ပြည်ရွာ ဆိုင်ရာ, တရားဌာန ဆိုင်ရာ, စစ်ဖက်ဆိုင်ရာ, အရာရှိ ဝန်တို့နှင့် ဥပုသ်နေ့မှတပါး တနေ့ ၃-ခါ တိုင်ပင်မေးမြန်း ဆွေးနွေးခြင်း ကို ညီလာခံ ၃-မျိုးဟု ခေါ်သည်။ (၁) နံနက်ညီလာခံ-ပြည်တွင်းပြည်ပ နိုင်ငံရေးရာများကို နံနက် ၉-နာရီလောက်မှာ လဖက်ရေတော်ဆောင်၌ **ဆွေးနွေးသည်၊** (၂) နေ့ ညီလာခံ- ဖကောက်တော်မှန်ကိစ္စ၊ စစ်ရေးရာမှု

www.burmeseclassic.com

www.burmeseclassic.com



(၄) နှစ်လုံး နှစ်ခွ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း၊ (၅) စိတ်နှလုံး ချမ်းမြကြည်လင် ရွှင်ပြခြင်း။

တရားဟောဆရာတို့ အသံဆွဲချဲ့ ရှည်ငင်ခြင်း အပြစ် ငါးပါး။ ။ဎင်းသရုပ်(ဓမ္မကထိကတို့ အသံဆွဲချဲ့ခြင်း အပြစ် ၅-ပါး)၌ ရှုပါ။

တရားမတု၊ ရန်မပြု၊ ၁၀-စု ရှောင်ရာ ဘယ်သူနည်း?။ ။ဎင်း သရုပ်ကို(ရန်လည်းမဆိုင်၊ မပြိုင်တရား ၁၄-ပါး)ဟူသော အမေး၌ ရှုပါ။

တရားမရနိုင်သူမျိုး ၁၆-ယောက်။ ။ဎင်းသရုပ်ကို (မဂ်,ဖိုလ် မရထိုက်သူ ၁၆-ယောက်)၌ ရှုပါ။

တရားလိုခေါ်၊ ရဟန်းတော်၊ ကျင့်နော် ဝတ် ၅-ပါး။ ။ဎင်း သရုပ်ကို(စောဒက ကျင့်ဝတ် ၅-ပါး)ဟူသော ပုစ္ဆာ၌ ဆိုခဲ့ပြီ။

တရားသူကြီး၊ ကျင့်သုံးမြီး၊ ထုံးနည်း အင် ၉-ဖြာ။ ။တရားသူကြီး,ခုံသမတ်ပြုလုပ်သူတို့ လိုက်နာတတ်သိ စုံပြည့်ထားရမည့် အင်္ဂါကိုးပါး ဟူ၏၊ မာနုသာရက ဓမ္မသတ်ကျမ်းရင်းနှင့် ဎင်းဋီကာတို့၌ လာသည်။ (၁) များသော သုတ, ကြားနာမှုရှိခြင်း၊ (၂) ဆန်းကြယ်များပြားစွာ မေးစစ်တတ်ခြင်း၊ (၃) နူးညွှံသာယာ·သူကြည်ဖြူစွာ ဆိုတတ်ခြင်း၊ (၄) တည်ကြည်ဖြောင့်မတ်၍ သီလရှိခြင်း၊ (၅) အမှုမှန်ကို ရဲရင့်စွာ စီရင်ဝံ့ခြင်း၊ (၆) ပိဋကတ, ဗေဒင်, ဓမ္မသတ် တတ်ခြင်း၊ (၇) စီရင်ထုံးနည်း များစွာတို့ကို မှတ်သားတတ်ခြင်း၊ (၈) သဘင်လယ်၌ တိကျမှန်ကန်စွာ ဆိုဝံ့မိန့်ဝံ့ရှိခြင်း၊ (၉) လူမျိုးခြားတို့၏ စာပေ စကားကိုလည်း တတ်သိနားလည်ခြင်း။

မှတ်ချက်။ ။ဤ၌ တရားသူကြီး အင်္ဂါ ၃-ပါး, ၅-ပါး, ၇-ပါး, ၈-ပါး စသည်ဖြင့်လည်း ထိုထိုနီတိ ဓမ္မသတ်တို့၌ လာရှိသေး၏၊ သို့သော် ဤအင်္ဂါ ၉-ပါး၌ အကျုံးဝင်သည်သာ။

တရားသူကြီး၊ လက်သုံးမြီး၊ ၄-နည်း မဟာပဒေသ။ ။ဎင်း သုတေသနကို(မဟာပဒေသမျိုး ၄-ပါး၊ ၃-နည်း)၌ ကြည့်ပါလေ။

တ ဝဂ် ၅-လုံး။ ။ဗျည်း ၃၃-လုံးတို့တွင် "တ,ထ,ဒ,ဓ,န"ဎင်းငါးလုံးအစုကိုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၃) သူရ တာရာ တလုံး၊ (၁၄)မာန တာရာ လေးလုံး၊ တင်းကိုခေါ်ဆို သည်၊ (၁၅) မာနီ တာရာ လေးလုံး၊ တင်းနီကို ခေါ်သည်၊ (၁၆) အာနိ တာရာ ခြောက်လုံး၊ (၁၇) ရေဟနီ တာရာ တလုံး၊ စိုင်ခေါ်သော ကြယ်ကို ဆိုသည်၊ (၁၈) လဘန္တ တာရာ သုံးလုံး၊ (၁၉) သံယု တာရာ ငါးလုံး၊ (၂၀) မဏိက တာရာ ဆယ့်နှစ်လုံး၊ ရွဲကို ခေါ်သည်၊ (၂၁)စိတ္တ တာရာ သုံးလုံး၊ (၂၂) တူလက တာရာ နှစ်လုံး၊ တံကျင်ကို ခေါ်သည်၊ (၂၃) သောတ တာရာ လေးလုံး၊ (၂၄) ကေဝဋ္ဋ တာရာ လေးလုံး၊ တင်္ဂါ ကွန်တိုင်ကို ခေါ်သည်၊ (၂၅) ဘေရီတာရာ ခြောက်လုံး၊ မည်ကြီးကို ခေါ်သည်၊ (၂၆)ပါတိ တာရာ ဆယ့်ရှစ်လုံး၊ ဖလားကို ခေါ်ဆိုသည်၊ (၂၇) အန္တ တာရာ လုံးရေ သုံးဆယ်၊ (၂၈) အာနိန် တာရာ ခြောက် လုံး၊ ထက်စည်ကို ဆိုသည်၊ (၂၉) မိဂသိဂီ တာရာ လေးလုံး၊ သမင်ချိုကို ခေါ်ဆိုသည်၊ (၃၀)သုဘ တာရာ ငါးလုံး၊(၃၁)ကုက္ကုဋ္ဋ တာရာ လေးလုံး၊ ကြက်ကို ဆိုသည်၊ (၃၂) ကဏ္ဍ တာရာ ငါးရုံး၊ (၃၃) သံဝသိ တာရာ တလုံး၊ (၃၄) အာရပိ တာရာ တလုံး၊ (၃၅) သံကိရ တာရာ ဆယ့်နှစ်လုံး၊ (၃၆) အလုတ္တ တာရာ လေးလုံး၊ (၃၇) မာသု တာရာ တလုံး၊ (၃၈) လောက တာရာ လေးလုံး၊ (၃၉) ဗျာယု တာရာ လုံးရေ နှစ်ဆယ်၊ (၄၀) အဗ္ဗန္တက တာရာ နှစ်လုံး၊ (၄၁) သံကာ တာရာ တလုံး၊ (၄၂) စိတြဘူ တာရာ သုံးလုံး၊ (၄၃) ကောလိ တာရာ တလုံး၊ (၄၄) စရီ တာရာ လေးလုံး၊ (၄၅) ပါသရိ တာရာ တလုံး၊ (၄၆) အဋ္ဌမိ တာရာ ဆယ့်နှစ်လုံး၊ (၄၇) နိဗ္ဗာန တာရာ ဆယ့်တလုံး၊ (၄၈)အစောတ တာရာ နှစ်လုံး၊ (၄၉) သုဒ္ဓက တာရာ နှစ်လုံး၊ (၅၀) ဖုသန္တ တာရာ တလုံး၊ (၅၁) ရေစောကလ တာရာ တလုံး၊ (၅၂) အာယုတလိန တာရာ တလုံး၊ (၅၃) ပါသလိ တာရာ တလုံး၊ (၅၄) မူမ တာရာ တလုံး၊ (၅၅) သာတုလိ တာရာ တလုံး ၊စနေဂြိုဟ်ကို ခေါ်သည်၊ (၅၆)ဘဂတုသံ တာရာ တလုံး၊ (၅၇) ရာဟုလိန တာရာ တလုံး၊ ရာဟုဂြိုဟ်ကို ခေါ်သည်၊ (၅၈) ပုဏ္ဏိက တာရာ တလုံး၊ (၅၉) ကလိ တာရာ တလုံး၊ (၆၀) မယုလ တာရာ တလုံး၊ (၆၁) မာန်တ တာရာ လေးလုံး၊ (၆၂) မလ္လိက တာရာ တလုံး၊ (၆၃) ပုပ္ဖဇလ တာရာ ခြောက်လုံး၊ (၆၄) ဗလ္လိ တာရာ တလုံး၊ (၆၅) သမ္ဘတ္တိ တာရာ နှစ်ဆယ့်နှစ်လုံး၊ (၆၆) တမ္ဘ တာရာ ဆယ့်နှစ်လုံး၊ (၆၇) ဝိရိစ္စ တာရာ တလုံး၊ (၆၈) မူလ

www.burmeseclassic.com

www.burmeseclassic.com



အတိဗလဝ စန်း၊ အတိဗလဝ တိထိမည်၏။ ထို့အတူ လဆုတ် ၁,၂,၃,၄,၅, ၆,၇,၈,၉,၁၀-ရက်သည် စန်းအားကြီးသောကြောင့် ဗလဝစန်း။ ဗလဝ တိထိ မည်၏။ လဆုတ် ၁၁, ၁၂, ၁၃, ၁၄, ၁၅-ရက်သည် စန်းအားနည်းသောကြောင့် ဟိနစန်း၊ ဟိန တိထိ မည်၏။ ထိုတိထိတို့တွင် ဟိနစန်း ဟိနတိထိကိုကား မဆောင်အပ်။ မကောင်းကျိုးကို ပေးတက်သည်၊ ဗလဝစန်း ဗလဝတိထိတို့ကား ကောင်းကျိုးကို ပေးတတ်၏၊ အတိဗလဝ စန်း အတိဗလဝတိထိကား အလွန်သော အကျိုးကိုပေးတတ်၏ ဟု ရာဇမတ္တဏ်ဆရာ ဒီပိကာဆရာတို့ ဆိုကုန်၏။

**တိထိ ၅-ပါး တနည်း။** ။ဆောင်အံ့သော တိထိကိုတည်၊ ၅-ခုစား ဟာ်ကြွင်းမူ "နန္ဒာတိထိ" လူနတ်တို့နှစ်သက်၏၊ ၂-ကြွင်းမူ "ဘဒြာတိထိ" ကောင်းကျိုးကိုဖြစ်စေ၏၊ ၃-ကြွင်းမူ "ဇေယျာတိထိ" အောင်မြင် ထမြောက်တတ်၏၊ ၄-ကြွင်းမူ "ရိတ္တာတိထိ" အချည်းနှီးဖြစ်တတ်၏၊ အမှုခပ်သိမ်း မဆောင်ကောင်း၊ သုည်းမူ "ပုဏ္ဏာတိထိ" ပြည့်စုံကာ၏။

**တိရစ္ဆာန် အပြား မျိုး ၄-ပါး။** ။တိရစ္ဆာန် အနန္တပင်ရှိသော်လည်း အမျိုးအားဖြင့်ကား ဤလေးပါးသာ ရ၏။ (၁) အပါဒက မျိုး- အခြေမရှိသော တိရစ္ဆာန်မျိုး၊ (၂) ဒွိပါဒက မျိုး- ခြေနှစ်ချောင်းရှိ တိရစ္ဆာန်မျိုး (၃) စတုပါဒ မျိုး- ခြေ လေးချောင်းရှိ တိရစ္ဆာန်မျိုး၊ (၄) ဗဟုပ္ပဒမျိုး- ခြေလေးချောင်းထက်များသော တိရစ္ဆာန်မျိုး။

**တိရစ္ဆာနကထာ ၃၂-ပါး။** ။မဟာဝဂ္ဂသံယုတ် ပါဠိတော် ၃၆[illegible] ၃[illegible]၌အကျယ်ရှုပါ။ မဂ်ဖိုလ်မှ ဖီလာကန့်လန့်စကားရပ်ဟူသမျှသည် [illegible]ကထာချည်း မည်၏၊ အနေက ဝိဟိတံ တိရစ္ဆာန ကထံ ဟု [illegible] ပေါဠိပါဒသုတ်၌ လာရှိသော ကြောင့်လည်း တိရစ္ဆာနကထာကို ၃၂-ပါး ဟုအတိအကျ သချ်ာတပ်ရန် မလိုဟု ထင်သည်။ သို့သော် 'အမေးရှိက အဖြေရမြဲ' သဘောတရားအတိုင်း ထိုပေါဠိပါဒသုတ် ပါဠိတော်မှပင် ၂၈-ပါး ယူ၍ အခြားကျမ်းမှ ၄-ပါးနှင့် ဖြေလိုက်အံ့။ (၁) ရာဇကထံ-မင်းနှင့် စပ်သော စကား၊ (၂) စောရ ကထံ ခိုးသူနှင့်ဇှင်း၊ (၃) မဟာမတ္တ ကထံ- အမတ်ကြီးနှင့်ဇှင်း၊ (၄) သေနာ ကထံ- စစ်သည်နှင့်ဇှင်း၊ (၅) ဘယ ကထံ- ကြောက်မက်ဖွယ်နှင့်ဇှင်း၊ (၆) ယုဒ္ဓ ကထံ- စစ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်။** ။နေကွမ ဒေါမနဿကား ကောင်းသော ဒေါမနဿမျိုး ဖြစ်၍ အပါယ်လေးပါး မကျနိုင်ချေ။

**ဒေါမနဿပွားမျှား၊ ၁၄-ပါး၊ မျိုးစား ပုဂ္ဂိုလ် အဘယ်နည်း?။** ။ရင်းသရုပ်ကို (အမျက်ကြီးပြား ၁၄-ပါး)ဟူသော သုတေသနတွင် ပြခဲ့ပြီ။

**ဒေါသ ၃-ပါး။** ။သလိပ်, သည်းခြေ, လေ, ဤသုံးပါးကို သတ္တဝါတို့၏ ကိုယ်ကို ဖျက်ဆီးတတ်သောကြောင့် ထိုထို ဆေးကျမ်းတို့၌ ဒေါသ ၃-ပါးဟု ခေါ်ဆိုရေးသားကြ၏။

## [ ဒျ ]

**ဒျန် ၃-ပါး၊ ဂီတသွား၊ သီပြား ထံတျာ။** ။သီချင်းကြီး, သီချင်းခံ, ဘွဲ့, ပတ်ပျိုး, ကြိုး, စသည် သီဆိုရာ၌။ (၁) အာဒျန်၊ (၂) လျှာဒျန်၊ (၃) နှာဒျန်၊ ရင်းဒျန် ၃-ပါးဖြင့် ဂီတသွားတို့၌ အဟိုက်, အငင်, အသွဲ့ အဖြတ်,ထည့်လျက် ကျူးရင့်သီဆိုပုံ နည်းကို ဆို၏။

## [ ဒွိ ]

**ဒွိဒရာသီ၊ ၁၂-လီ၊ ခေါ်မှီ လူတို့ထုံး။** ။ရာသီ သယ့်နှစ်ပါးကို ဆိုသည်၊ ရင်းသရုပ် အဓိပ္ပါယ်ကို (ဆယ့်နှစ်ရာသီ)မှာ ကြည့်ပါ။

**ဒွိဒသရူပါ၊ သတ္တဝါ၊ ၁၂-ဖြာ ရုပ်ပုံ အဘယ်နည်း?။** ။ရွှေဘုံ နိဒါန်းလာ ဒွါဒသရူပ ဖေါင်ပုံမှ ယူဖြေသည်။ (၁) ခြင်္သေ့နှုတ်သီးနှင့် ရင်းအမောက်၊ (၂) တိုးမြီးနှင့် ရင်းလက်တဖက်, ခြေနှစ်ဖက်၊ (၃) ကိန္နရာလက်နှစ်ဖက် ကနေဟန်၊ (၄) မြင်းနား နှစ်ဖက်၊ (၅) ဆင်စွယ် နှစ်ချောင်း၊ (၆) မကန်းနှာမောင်း၊ (၇) ကရဝိက်အတောင် နှစ်ဖက်၊ (၈) သမင်ချို နှစ်ဖက်၊ (၁၀) ကျွဲချို နှစ်ဖက်၊ (ချိုနှစ်ထပ်) (၁၁) စာမရီ သည်ဆံ၊ (၁၂) ငါးကြင်းအမြီး (တိုးမြီးနှင့် ၂-ထပ်။)

**ဒွါရ ၃-ပါး။** ။အကုသိုလ်, ကုသိုလ် ၂-ပါး တို့၏ ဝင်ထွက် ကျရောက် ဖြစ်ပေါ်ရာ ၃-ပါး။ (၁) ကာယ ဒွါရ၊ ကိုယ်ဖြင့်ပြုသော ကောင်းမှု, မကောင်းမှု ဖြစ်ပေါ်ရာ၊ (၂) ဝစီ ဒွါရ- ဂုဏ်ကျေးဇူးကို ချီးမွမ်း

www.burmeseclassic.com

www.burmeseclassic.com



နေကြောင်းနှင့် သိရ၏၊ (က)စွယ်တော်ခါတ် ၄-ဆူ၊ (ခ) ညှပ်ရိုးတော်ခါတ် ၂-ဆူ၊ (ဂ) ဥဏ္ဏလုံ မွေးရှင်တော်ခါတ် ၁-ဆူ၊ ဖာသမ္ဘိန္နမျိုး ၃-ပါး၊ (ဃ) အရိုးတော် ခါတ်များစွာ၊ (င) အသားတော်ခါတ်များစွာ၊ (စ) အသွေးတော် ခါတ်များစွာ၊ (ဆ) ဆံတော်ခါတ်များစွာ၊ သသမ္ဘိန္နမျိုး ၄-ပါး၊ ပေါင်း ၇-ပါး။

ခါတ်ဖို ၁၂-ပါး။ ။အင်္ဂရတ် ဝေါဟာရ 'အာကာသခါတ် ၁၂-ပါး' ကိုပင် လုပ်ရတ်ဆရာတို့သုံးနှုန်းကြကုန်၏၊သရုပ်ကို(အာကာသ၁၂-ပါး)၌ပြခဲ့ပြီ။

ခါတ်မ ၉-ပါး။ ။လုပ်ရတ်ကျမ်းလာ ဝေါဟာရဖြစ်သည်၊ အင်္ဂရတ်ဆရာတို့ကား ခါတ်မ ၉-ပါးဟု ဆိုက။ (၁) ဘော်၊ (၂) ဘင်၊ (၃) နာ၊ (၄) သံ၊ (၅) ဂျွတ်၊ (၆) သွတ်၊ (၇) ဒန်၊ (၈) ကိတ်၊ (၉) သုတဟု နားလည်ကြကုန်၏၊ အကျယ်ကို 'လောကီသိပ္ပ ဝိဇ္ဇာခရကျမ်း'၌ ရှုလေ။

ခါးရေး ၃၇-မျိုး။ ။နဝဒေး လူးတားမှ သုတေသန ပြုသည်။ ခါးချို, ခါးခင်း, မျက်နှာကာ, ခါးလှ, ခါးလျှိုး, မှောက်ထိုးရပ်, ရင်ခွဲ, အသားလှန်, ခါးခုတ်, ဇင်ယော်သုတ်၊ (၁၀) တဖက်ထိုး, ရှေ့လှည်း, နောက်လှည်း, ရှေ့နှုတ်မြှက်ယာလှ, ရှေ့နှုတ်မြှက်ဝဲလှ, စွန်သုတ်, ပါးကပ်, ပန်းကုံးဖြတ်, ခါးလှဲ့, ပန်းကုံးသီ၊ (၂၀) ဆက်ရက်ခုန်, မီးတိုင်ပြ,ပိုးချည်လွှား, သင်္ကန်းတင် ရေသောက်, ရှေ့ဘယက် လည်လျှောက်, ဒေါင်းမြီးကာ, ကျားမြီးဆွဲ, ခါးရှက်, လက်ကောက်ဝတ်, မောင်းကပ်၊ (၃၀) ရှေ့နှုတ် လည်လျှောက်, နောက်လည်လျှောက်, ခါးသွဲ့, ခါးပြ, တဖက်နှုတ်, နှစ်ဖက်နှုတ်, နောက်လှည့်၊ (၃၇)။

## [ ခု ]

ခုတ္တ ၃-ပါး၊ လွန်ကျူးခြား၊ ပျက်ပြားဥစ္စာ ပါယ်လားရာ။ ။ခုတ္တမျိုး ၃-ပါးကို လိုက်စား လွန်ကျူးသူများ ဥစ္စာဆုံးပါး၍ အပါယ် ၄-ပါးသို့ လားရသည် ဟူ၏။ (၁) သုရာ ခုတ္တ-သေရည် သောက်ကြူးသူ၊ (၂) ဣတ္ထိခုတ္တ-မိန်းမလိုက်စား ပျော်ပါးကြူးသူ၊ (၃) အက္ခ ခုတ္တ-အလောင်းအစားကစားကြူးသူ။

www.burmeseclassic.com

www.burmeseclassic.com



# [ ရှု ]

ရှုတင် ၁၃-ပါး။ ။မိလိန္ဒပဉှာ ၃၄၀-၌ အကျယ်ရှု။ ကိလေသာကို ခါတွက်ကြောင်း ခေါင်းပါးစေခြင်း တရား ၁၃-ပါး။

(၁) ပံ့သုကူ ရှုတင်-ဂဟပတိ စီဝရံ ပဋိက္ခိပ္ပါမိ၊ ပံ့သုကူလိကင်္ဂ သမာဒိယာမိ- ဒါယကာတို့ လှူသော သင်္ကန်းကို စွန့်ပါ၏၊ ပံ့သုကူ သင်္ကန်းကို ဆောက်တည်ပါ၏။

(၂) တေစီဝရိက် ရှုတင်- စတုတ္ထစီဝရံ ပဋိက္ခိပ္ပါမိ၊ တေစီဝရိကင်္ဂ သမာဒိယာမိ- လေးထည်မြောက် သင်္ကန်းကို စွန့်ပါ၏၊ သုံးထည်သော သင်္ကန်းကိုသာ ဆောက်တည်ပါ၏။

(၃) ပိဏ္ဍပါတ် ရှုတင်-အတိရေကလာဘံ ပဋိက္ခိပ္ပါမိ၊ ပိဏ္ဍပါတိကင်္ဂ သမာဒိယာမိ- လာဘ်ပိုလာဘ်လျှံကို ပယ်ပါ၏၊ ဆွမ်းခံ၍ရသော ဆွမ်းကို စားသောက်ပါ၏။

(၄) သပဒါန ရှုတင်-လောလုပ္ပစာရံ ပဋိက္ခိပ္ပါမိ၊ သပဒါန စာရိကင်္ဂ သမာဒိယာမိ- လျှပ်ပေါ်လော်လီ အိမ်စဉ်ကျော်၍ ခံယူခြင်းကို ပယ်ပါ၏၊ အိမ်စဉ် မကျော် မလှပ် ရပ်၍ရသော ဆွမ်းကို ဆောက်တည်ပါ၏။

(၅) ဧကာသနိက် ရှုတင်-နာနာသန ဘောဇနံ ပဋိက္ခိပ္ပါမိ၊ ဧကာသနိကင်္ဂ သမာဒိယာမိ- နေရာအထူးထူး၌ စားခြင်းကို ပယ်ပါ၏၊ တထိုင် တနေရာတည်း၌ စားခြင်းကို ဆောက်တည်ပါ၏။

(၆) ပတ္တပိုင် ရှုတင်- ဒုတိယဘာဇနံ ပဋိက္ခိပ္ပါမိ၊ ပတ္တပိဏ္ဍိကင်္ဂ သမာဒိယာမိ- နှစ်ခွက်မြောက်သော ဆွမ်း, ဟင်း,ကို ပယ်ပါ၏၊ တခွက်တည်းနှင့်သာ ဆောက်တည်ပါ၏။

(၇) ခလုပစ္ဆာ ရှုတင်- အတိရိတ္တ ဘောဇနံ ပဋိက္ခိပ္ပါမိ၊ ခလုပစ္ဆာကင်္ဂ သမာဒိယာမိ- အတိရိက် ဝိနည်းကံ ဆွမ်းကို ပယ်ပါ၏၊ ခလုပစ္ဆာ ရှုတင်ကို ဆောက်တည်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



# [ ပ ]

**ပုံသုကူအမြွား၊ မျိုး ၁၀-ပါး၊ ခွဲခြား ဖြေတော်မူ။** ။ရဟန်းတော်များ ပုံသုကူ ကောက်ယူအပ်သော ပုံသုကူအဝတ်မျိုး ဆယ်ပါးကို ဝိနည်းပရိဝါမှ သုတေသနပြုသည်။ (၁)သောသာနိကံ-သုသာန်၌စွန့်ပစ်ထားသောဒုဂ္ဂတ်ပုဆိုး၊ (၂) ဥန္ဒူရခါယိတံ- ကြွက်ကိုက်၍ စွန့်ပစ်ထားသော ငင်း၊ (၃) ဥပစိက ခါယိတံ-ခြစားး၍စွန့်ပစ်ထားသော ငင်း၊ (၄) အဂ္ဂိ ဒဍံ-မီးလောင်,မီးပေါက် ၍စွန့်ပစ်ထားသော ငင်း၊ (၅) ဂေါခါယိတံ-နွားခဲစား၍ စွန့်ပစ်ထားသော ငင်း၊ (၆) အဇိကာ ခါယိတံ- ဆိတ် ခဲစား၍ စွန့်ပစ်ထားသော ငင်း၊ (၇) အဘိသေကိယံ- အဘိသိက်ပွဲ၌ စွန့်ပစ်ထားသော ငင်း၊ (၈) ထူပ စီဝရံ-စေတီပုထိုး၌ လှူထားသော ငင်း၊ (၉) ပါပဏိကံ- အိမ်ဈေးအနီး၌ စွန့်ပစ်ထားသော ငင်း၊ (၁၀) ဘတ ပဋိယာ ဘတံ- သုသာန် လိုက်ပို့သူတို့ ပြန်လာသောအခါ အမင်္ဂလာဟု စွန့်ပစ်လိုက်သော အဝတ်ပုဆိုး။

**ဖကထိ သံ၊ ၁၈-တန်၊ ဂိတ်ဆိုရိုး အဘယ်နည်း ?။** ။ငင်းသရုပ်သည်(တက်သံ ၁၈-ပါး)နှင့် တူ၏။

**ဖက်ဏ်းစေတသိက် ၆-ပါး။** ။စိတ်တို့၌ ယှဉ်သင့်သလို သဘောတူရာစု၌ ပြိုးပြွမ်းယှဉ်သော စေတသိက်တရားစုများ ဟူ၏။ (၁)ဝိတက်-ယှဉ်ဘက် တရားစုကို အာရုံသို့ရှေးရှု တင်ပေးခြင်း လက္ခဏာရှိ၏၊ (၂) ဝိစာရ- အာရုံကို အဖန်ဖန် သုံးသပ်ခြင်း လက္ခဏာရှိ၏၊ (၃) အဓိမောက္ခ-ဆုံးဖြတ် ခြင်း လက္ခဏာရှိ၏၊ (၄) ဝီရိယ-ကြိုးစားအားထုတ်ခြင်း လက္ခဏာရှိ၏၊ (၅) ပီတိ- နှစ်သက်ခြင်း လက္ခဏာရှိ၏၊ (၆) ဆန္ဒ- အာရုံပြုလိုသော သဘောလက္ခဏာ ရှိ၏။

**ဓမ္မင်လယ်ကြီး ၁၃-စင်း။** ။ကမ္ဘာပေါ်၌ ကြီးကျယ်ပြန့်ပြောသော ပင်လယ် ကြီးများကို ဆိုသည်။

(၁) မြေထဲ ပင်လယ်၊ စတုရန်းမိုင် (၁,၁၄၅,၁၀၀) ကျယ်၍၊ (၄,၆၈၈) ပေ ရေနက်သည်။

(၂) ကာရီဘီယံ ပင်လယ် စတုရန်းမိုင်(၁,၀၄၉,၅၀၀) ကျယ်၍ (၈,၆၈၅) ပေ နက်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃) တောင် တရုပ် ပင်လယ်၊ စတုရန်းမိုင် (၈၉၅,၄၀၀) ကျယ်၍ (၅,၄၁၉) ပေ နက်သည်။

(၄) ဘဲရင်း ပင်လယ်၊ စတုရန်းမိုင်(၈၈၄,၉၀၀) ကျယ်၍ (၅,၀၇၅)ပေ နက်သည်။

(၅) မက်ဆီကို ပင်လယ်ကွေ့၊ စတုရန်းမိုင် (၆၁၅,၀၀၀) ကျယ်၍ (၄,၈၇၄) ပေ နက်၏။

(၆) အော့ဟောစ်က် ပင်လယ်၊ စတုရန်းမိုင်ပေါင်း(၆၁၃,၈၀၀)ကျယ်၍ (၂,၇၄၉) ပေ နက်သည်။

(၇) အရှေ့ တရုပ် ပင်လယ်၊ စတုရန်းမိုင်ပေါင်း (၄၈၂, ၃၀၀) ကျယ်၍ (၆၁၇)ပေ နက်သည်။

(၈) ဟပ်ဆန် ပင်လယ်အော်၊ စတုရန်းမိုင် (၄၇၅,၈၀၀)ကျယ်၍(၄၂၀) ပေ နက်သည်။

(၉) ဂျပန် ပင်လယ်၊စတုရန်းမိုင်ပေါင်း (၃၈၉,၁၀၀) ကျယ်၍(၄,၄၂၉) ပေ နက်သည်။

(၁၀) ကပ္ပလီ ပင်လယ်၊ စတုရန်းမိုင်ပေါင်း (၃၀၈, ၀၀၀) ကျယ်၍ (၂,၈၅၄) ပေ နက်သည်။

(၁၁) မြောက်ဖက် ပင်လယ်၊ စတုရန်းမိုင်ပေါင်း (၂၂၂, ၁၀၀) ကျယ်၍ (၃၀၈)ပေ ရေနက်သည်။

(၁၂) ပင်လယ်နီ၊ စတုရန်းမိုင် (၁၆၉,၁၀၀) ကျယ်၍ (၁, ၆၁၁) ပေ နက်သည်။

(၁၃) ဘော်လတစ် ပင်လယ်၊ စတုရန်းမိုင် (၁၆၃,၀၀၀) ကျယ်၍ (၁၈၀) ပေ ရေနက်သည်။

ပစ္စည်း ၄-ပါး။ ။သာသနာရေးကိစ္စ၌ သုံးစွဲနိုင်သော ပစ္စည်းမျိုး လေးပါး။
(၁) ဆွမ်းပစ္စည်း- ဆွမ်း, ခဲဘွယ်, ဘောဇဉ်, ချိုချဉ် နို့ စသော ဝတ္ထုများ၊
(၂) သင်္ကန်းပစ္စည်း-ဝတ်ရုံ သုံးဆောင်ကောင်းသော သင်္ကန်း ၉-ထည်၊

www.burmeseclassic.com

www.burmeseclassic.com



**ပဏာမပြား၊ မျိုး ၃-ပါး၊ သိထား ပညာရှင်။** ။ရှိခိုးခြင်း သုံးမျိုး ယှဉ်၊ တက်လူနိုင်ငံရေးသမားတစုကား ၎င်း (ပဏာမ) စကားကို "ပဏာမ အစည်းအဝေး စသည်ဖြင့်" အလွဲသုံးစား ပြုနေကြ၏။ (၁) ကာယ ပဏာမ- ကိုယ်လက် အင်္ဂါတို့ဖြင့် ကိုင်းညွတ် ရိုကျိုး ရှိခိုးခြင်း တမျိုး၊ (၂) ဝစီ ပဏာမ- နမာမိ, ဝန္ဒာမိ ရှိခိုးပါ၏ဟု တစုံတခုသော ဘာသာ စကားဖြင့် ရွတ်ဆို ရှိခိုးခြင်း၊ (၃) မနော ပဏာမ-ကိုယ်နှုတ်မပါ စိတ် ဖြင့်သာ ရှိခိုးခြင်း။

**ပဏီတ ဘောဇဉ်မျိုး ၉-ပါး။** ။ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာ၊ အောက် ပါ ပဏီတဝတ္ထုမျိုး တပါးပါးနှင့် ရောစပ်ထားသော ဆွမ်းမျိုးကို ပဏီတ ဘောဇဉ်ဟု ခေါ်သည်။ (၁) သပ္ပိ-ထောပတ်ဆွမ်း၊ (၂) နဝနီတ- ဆီဉဆွမ်း၊ (၃) တေလ ဆီဆွမ်း၊ (၄) မဓု-ပျားရည်ဆမ်းဆွမ်း၊ (၅) ဖာဏိတ- တင်လဲဆွမ်း၊ (၆) မစ္ဆ-ငါးသား ဒန်ပေါက်ဆွမ်း၊ (၇) မံသော ဒန- ဆိတ်, ကြက်, အမဲသား ဒန်ပေါက်၊ (၈) ခီရ-နို့ဃနာဆွမ်း၊ (၉) ဒဓိ-ဒိန်ခဲ နို့ဓမ်း ဆွမ်းမျိုး။

**ပတ္တမြား၏ ဂုဏ် ၃-ပါး။** ။ပတ္တမြားရတနာ ဝတ်ဆင်သူ၌ ရနိုင်သောအကျိုး ဂုဏ် ၃-ပါး။ (၁)ဣစ္ဆိတံ ဒေတိ- မိမိအလိုကို ပေးတတ်၏၊ (၂)အ သောကံ ဒေတိ-ရှင်ပျ ကြည်လင်တတ်၏၊ (၃) တေဇေတိ- အာဏာတန်ခိုး ထွန်းပ ခြင်းကို ပြုတတ်၏။

**ပတ္တမြားမျိုး ၄-ပါး၊ ၂-နည်း။** ။အချို့ကျမ်းတို့၌ "ကြောင်ကျောက်" မျိုး ကို ပတ္တမြားရတနာထည်းသို့ သွင်း၍ ရေတွက်ကြကုန်၏၊ ဤ၌ သရုပ်ကို (ကြောင်ကျောက်နှင့် ကြောင်မျက်ရွဲ) တို့၌ ပြန်ရှုပါကုန်။

**ပတ္တမြားမျိုး ၆-ပါး။** ။စွယ်စုံကျော်ထင်ကျမ်းမှ။ (၁) ဝဇီရကွန်- ရဲရဲခြင်း ခြင်းနီသော ရောင်ခြည်ရှိသည်၊ (၂) ဂေါမူလာ- ခရမ်းပွင့် ဝက်ဆံကဲ့သို့ အဆင်းရောင်ရှိသည်၊ (၃) ကွမ်းပြင်ရေ- ကွမ်းသွေးကဲ့သို့ အဆင်းရောင် ရှိသည်၊ (၄) မင်းသခ- သားစိမ်းတစ်နှင့် တူသော အဆင်းရောင်ရှိသည်၊ (၅) တေလိ- နီလည်း မနီလွန်း ခပ်ညိုညို ရှိသည်၊ (၆) ရှိန်းခို- ယုန်သွေး ပေါက်ကဲ့သို့ ခြင်းခြင်း ပြောက်ပြောက် ထိန်ထိန်တောက်လျက် ဆူးပန်း ပွင့် ခေါင်ရမ်းပွင့်နှင့်လည်း တူသည်။

www.burmeseclassic.com

www.burmeseclassic.com



သုတ်ပါထိက ဋီကာ။ ၅၄-၌။မဂ်ဉာဏ်လေးပါး။ ဖိုလ်ဉာဏ်လေးပါး။ အသာဓာရဏဉာဏ်တော် ခြောက်ပါးအားဖြင့် ၁၄-ပါးဟု ဆိုထားသည်။

**ဗုဒ္ဓဘာသာ၊ ဝင်သူမှာ၊ ၅-ဖြာ ယုံကြည်ချက်။** ။ငင်းယုံကြည်ချက် ငါးပါးနှင့် ပြည့်စုံမှ ဗုဒ္ဓဘာသာဝင် အစစ် ဖြစ်ကြောင်းကို သာသာရေးစာပေတို့၌ ဆိုကုန်၏။ (၁) ဗုဒ္ဓ သဒ္ဓဟန-ဘုရား၌ ယုံကြည်ခြင်း၊ (၂) ဓမ္မ သဒ္ဓဟန-ဘုရား၏ တရားတော်၌ ယုံကြည်ခြင်း၊ (၃) သံဃ သဒ္ဓဟန-ဘုရား၏ တပည့်သား သံဃာတော်၌ ယုံကြည်ခြင်း၊ (၄) ကမ္မ သဒ္ဓဟန-ကောင်းကံ့ ဆိုးကံ့ ခေါ် ကံတရား၌ ယုံကြည်ခြင်း၊ (၅) ကမ္မ ဖလ သဒ္ဓဟန-ထိုကံ ၂-ပါး၏ ကောင်းကျိုး, ဆိုးကျိုး ရမှုကို ယုံကြည်ခြင်း။

**ဗုဒ္ဓဘာသာ၊ ဝင်သူမှာ၊ ဂ-ဖြာအင်္ဂါ အဘယ်နည်း?။** ။မဂ္ဂင် ဂ-ပါးကိုပင် ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကျင့်ကြံရသော အင်္ဂါရှစ်ပါးဟု သိပါလေ။

**ဗုဒ္ဓဘုရား၊ အား ဆယ်ပါး၊ ထင်ရှား မိန့်တော်မူ။** ။ငင်း သချုပ်ကို (အားတော် ၁၀-ပါး)၌ ရှုပါလေ။

**ဗုဒ္ဓဘုရား၊ မျိုး ၃-ပါး၊ ကွာခြား ပါရမီ။** ။ငင်း ပုစ္ဆာ၏ သရုပ်ကို (ဘုရားအပြား မျိုး ၃-ပါး)၌ ထင်ရှားပြမည်။

**ဗုဒ္ဓ ဘူမိကြီး ၄-ပါး။** ။ဘုရားဖြစ်နိုင်ရန် အကြောင်း ၄-ပါးဟူ၏။အင်္ဂုတ္တရ အဋ္ဌကထာ ။ဒု။ (၁) ဥဿာဟ-လွန်ကဲသော လုံ့လ,အားထုတ်မှု၊ (၂) ဥမင်္ဂ-လွန်ကဲသော ပညာ,သမ္ပဇဉ်၊ (၃) အဝတ္ထာန- အဓိဋ္ဌာန်ချက်, စိတ်ပြဋ္ဌာန်းမှု၊ (၄) ဟိတ စရိယ-မေတ္တာဘာဝနာစသည့် စရိယ ၃-ပါး။

**ဗုဒ္ဓမြတ်စွာ၊ ဝါဆိုရာ၊ ဌာန၁-၁၇ အဘယ်နည်း?။** ။ငင်း သရုပ်ကို(ဝါတော်ဆိုရာ၊ မြတ်ဗုဒ္ဓါ) ဟူသော ပုစ္ဆာ၌ရှုပါ။

**ဗုဒ္ဓမြတ်မှန်၊ ချီးမွမ်းရန်၊ ၃-တန် ကျမ်းမှာရှိ။** ။အင်္ဂုတ္တိုရ်ဲ သီဟသုတ်လာ။

(၁) စရိယ ဝဏ္ဏ-လေးသခေါ်နှင့် ကမ္မာတသိန်း ကာလပတ်လုံး လူတကာတို့ ပြုနိုင်ခဲကိလေ့စွာသော စွန့်ခြင်းကြီးငါးပါး ပါရမီသုံးဆယ်

www.burmeseclassic.com



စီရင် တတ်သောကြောင့်ရှင်း၊ စလတော- တုန်လှုပ်တတ်သောကြောင့် ရှင်း၊ ပဘင်္ဂုတော များသောအားဖြင့် ပျောက်ပျက်တတ်သော ကြောင့်ရှင်း၊ အဓုဝတော- မမြဲတတ်သောကြောင့်ရှင်း၊ အတာဏတော- ကိုးကွယ်ရာ မရှိသောကြောင့်ရှင်း၊ အလေနတော- ပုန်းအောင်းရာ မရှိသောကြောင့်ရှင်း၊ အသရဏတော- ဆည်းကပ်ရာ မရှိသော ကြောင့်ရှင်း၊ အာသဝတော- အာသဝတရား၏ အာရုံဖြစ်တတ်သော ကြောင့်ရှင်း၊ (၂၀) တုစ္ဆတော-အချည်းနှီး ဖြစ်တတ်သောကြောင့်ရှင်း၊ သုညတော- ဆိတ်သုဉ်းတတ်သောကြောင့်ရှင်း၊ အနတ္တတော-ကိုယ်မဟုတ် သောကြောင့်ရှင်း၊အာဒီနဝတော-အပြစ်ဖြစ်တတ်သောကြောင့် ရှင်း၊ဝိပရိဏာမဓမ္မတော-အသစ်ဖေါက်ပြန်တတ်သောကြောင့်ရှင်း၊ အသာရတော- အနှစ်မရှိသောကြောင့်ရှင်း၊ အဃမူလကတော- ပျက်ခြင်းလျှင်အရင်းရှိ သောကြောင့်ရှင်း၊ဝဓကတော- သတ်ဖြတ်တတ်သောကြောင့်ရှင်း၊ ဝိဘဝတော-ဘဝ အထူးသို့ အဖန်ဖန်ပြောင်းတတ်သောကြောင့်ရှင်း၊ သံဝဋ္ဋဏတော- သင်းချိုင်း၌ ဖြစ်တတ်သောကြောင့် ရှင်း၊ (၃၀)သံခေတ္တတော- အခိုက်အတန့်မျှ ဖြစ်တတ်သောကြောင့်ရှင်း၊ အာမိသတော- အစာကို မှီတတ်သောကြောင့်ရှင်း၊ ဇာတိ ဓမ္မတော- ပဋိသန္ဓေ နေတတ်သော ကြောင့်ရှင်း၊ ဇရာ ဓမ္မတော-အိုတတ်သောကြောင့်ရှင်း၊ မရဏ ဓမ္မတော- သေတတ်သောကြောင့်ရှင်း၊ သောက ဓမ္မတော- စိုးရိမ်တတ်သောကြောင့် ရှင်း၊ ပရိဒေဝ ဓမ္မတော- ငိုကြွေးတတ်သောကြောင့်ရှင်း၊ ဥပါယာသ ဓမ္မတော- ရှိုက်ငင် တက်ချက် ပင်ပန်း တတ်သောကြောင့်ရှင်း၊ သံကိလေသိက ဓမ္မတော- ညစ်ညူး တတ်သောကြောင့်ရှင်း၊ နိယျာနိကဓမ္မတော- လည်းလျှောင်းရာ မရှိသောကြောင့်ရှင်း။ (၄၀) မကောင်းတည်း။

ဘာဝရုပ် ၂-ပါး။ ။အထီး, အမ ဖြစ်ဘို့ရာ အကြောင်းခံ ဖြစ်သောရုပ် ၂-ပါး၊ ရှင်း သရုပ်ကို (ရုပ် ၂၈-ပါး)၌ ကြည့်ပါကုန်။

ဘာသာကြီး ၆-ပါး။ ။ကမ္ဘာပေါ်၌ ဘာသာပေါင်း များစွာရှိသော်လည်း ထင်ရှားသော အယူဝါဒ ဘာသာကြီးမျိုး ၆-ပါး။ (၁) ခရစ်ယာန် ဘာသာ (၂) ဂျိုင်း ဘာသာ၊ (၃) ဗုဒ္ဓဘာသာ၊ (၄) မဟာမေဒင် ဘာသာ၊ (၅) ဟိန္ဒူ ဘာသာ၊ (၆)ဟီဗရူ ဘာသာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါန-သေရည်, အရက်, ဘိန်းစသည် ယစ်မျိုးအလှူ၊ (၂) သမဇ္ဇ ဒါန-ဇာတ်, ရုပ်သေး, အငြိမ့်စသော အဆိုအတီး ကချေသည် သဘင်အလှူ၊ (၃) ဣတ္ထိဒါန-ကာမမှုအတွက် အလိုဖြည့်ကြစေရန် မိန်းမအလှူ၊ (၄) ဥသဘ ဒါန- နွားမတို့အလယ်၌ ထယ်ဝခါနဲ့ညားသော နွားလား နွားသိုးကြီးတို့ကို ပေးလှူခြင်း၊ (၅) စိတ္တ ကမ္မ ဒါန-ကြည့်လိုက်လျှင် ကာမဂုဏ်စိတ်တွေ တဖွားဖွားဖြစ်လာနိုင်အောင် ဆန်းကြယ်လှပစွာ ပြုစုရေးသားထားသော သုခုမ အနုပညာ ပန်းချီကားချပ်များ။

မပေးလှူအပ်သော ဒါနမျိုး ၁၀-ပါး။ ။ငင်း သရုပ်ကို (အပါယ်လားကြောင်း အလှူမျိုး ၁၀-ပါး)၌ ပြပြီးပြီ။

မမေ့နိုင်ခြင်းအကြောင်း ၁၆-ပါး။ ။ငင်း သရုပ်ကို (သတိရခြင်း၏အကြောင်း ၁၆-ပါး)၌ ရှုပါလေ။

မယ်ကမ္ဘာသော်၊ မိန်းမကျော်၊ ၄-ဘော် ကျမ်းဂန်ထွက်။ ။ငင်း သရုပ် (တော်ဝင်သူ ၄-ယောက်) ဟူသော သုတေသန၌ ဆိုခဲ့ပြီ။

မယ်ဘွဲ့ရွေးချယ်၊ လှနတ်မယ်၊ ၆-သွယ် အင်္ဂါစစ်။ ။ ထိုထို မြို့, ရွာ, တိုင်း, နယ် တို့၌ အလှမယ် ရွေးကာ ဘွဲ့ပေးကြရာတွင် ရွေးဦးစွာ အလှလက္ခဏာ ၆-ပါးကို စီစစ်ရမည် ဟူ၏၊ ငင်းသရုပ် (အပြစ် ၆-ပါး၊ ကင်းစင်ပြေား၊ လှထွား ပျိုသူဇာ)၌ ဆိုခဲ့ပြီ။

မယား ၅-ပါး၊ ပယ်စွန့်ထား၊ မိန့်ကြား ဓမ္မသတ်။ ။ကွာစွန့် အပ်သော မယားမျိုး ငါးပါး ဟူ၏၊ ရှေ့ ၃-ပါးကို မကွာလိုက လည်း နေနိုင်သည်၊ ကဝိလက္ခဏာဒီပနီကျမ်းမှ။ (၁) မြူးသောမယား၊ ရှစ်နှစ် ငံ့စောင့်ရမည်၊ (၂) သိမ်းမိန်းမသာ ဖွားသော မယား၊ ရှစ်ယောက် ဆယ်ယောက်အထိ မွေးအောင် စောင့်ငံ့ရမည်၊ (၃) နူသောမယား၊ ကွာလိုက ကွာစေ၊ (၄) လင်စောင် မျှောက်မ ထားသော မယား၊ (၅) အမျိုးတို့၏ အကျင့်တရားကို ဖျက်သော မယား။

မယား အပြား ၇-ပါး။ ။သတ္တဂုံတ္တရပါဠိတော်။ ၄၆၆ ။ဌ။ ၁၇၇။ ဇာတ်ပါဠိတော်။ ပ-အုပ်။ ၇၈ ။ဌ။ ၃၁၃-တို့၌ အကျယ်ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



စားကြောင်း၊ ကြက်၊ ငှက်၊ ဝက်၊ ငါး၊ စသော သားကောင်အပေါင်း၊ (၄) မစ္ဆဝါဏိဇ္ဇ-သေရည်အရက်မျိုး ဟူသမျှ၊ (၅) ဝိသ ဝါဏိဇ္ဇ-အမျိုး သေကြောင်း အဆိပ်ပေါင်း ဟူသမျှ။

**မရှိမသေ အပြုခံရသူ ၁၀-ယောက်။** ။၎င်း သရုပ်ကို (မထေမဲ့မြင် အပြုခံရသူ ၁၀-ယောက်)၌ ရှုပါ။

**မရှက်ရာသည် ၄-ပါး။** ။လွယ်ကူစွာ ကျက်မှတ်နိုင်ရန် စာဏကျပျို့မှ ထုတ်ပြလိုက်သည်။ (၁) ပစ္စည်းဥစ္စာ၊ ရစိမ့်ငှါလျှင်၊ သွားလာလည်းပြု၊ ရောင်းဝယ်မှုတည့်၊ (၂) တခုခုသာ၊ တတ်ပညာကို၊ လိုရာကပ်ချဉ်း၊ သင်ကြားခြင်းနှင့်၊ (၃) မကင်းနိုင်ရာ၊ လူတကာတို့၊ အစာစားခြင်း၊ မရှက်လျှင်းနှင့်၊ (၄) ပေါင်းသင်း မေထုန်၊ကာမဂုဏ်ဟု၊ မြူးခုန်ပျော်ပါး၊ ကိုယ်မယားနှင့်၊ လင်သားချင်းချင်း၊ ခံစားလျှင်းသော်၊ ရှက်ခြင်း စွန့်ရ၊ မှန်မုချတည်း။

**မလွှားရာသား၊ မျိုး ၁၀-ပါး၊ ကျမ်းကား အဘယ်နည်း?။** ။ကြျှ ''မလွှားရာသည်၊ ဆယ်ပါးမည်ကား'' ဟူသော လင်္ကာဖြင့် စိန္တကျော်သူ ဦးသြရေး သြဝါဒထူးပျို့တွင် တွေ့မြင် ဖတ်ရှုဘူး၏။

**မ သတ်ကာရန်၊ ရေးထုံးမှန်၊ ၉-တန် မြန်မာမှု။** ။ကာရန်ပယ် အသံမျိုး ၆၄-ပါးနှင့် ၃၆-ပါးသော ဌာနတို့တွင် ပါဝင်သည့် ဝေါဟာရ၊ အမ်၊ အမ့်၊ အမ်း၊ အိမ်၊ အိမ့်၊ အိမ်း၊ အုမ်၊ အုမ့်၊ အုမ်း။

**မှတ်ချက်။** ။များသောအားဖြင့် မ၊ သတ်နှင့် နိဂ္ဂဟိတ်ခေါ် သေးသေး တင်တို့ကား တူသော သတ်ပုံကာရန် ရှိကြ၏။

**မသာ ချရာ၊ စျာပနာ၊ ၃-ဖြာ မျိုးအပြား။** ။၎င်း သရုပ်ကို (စျာပနမျိုး ၃-ပါး)ဟူသော သုတေသန၌ ဆိုခဲ့ပြီ။

**မသူတော် တရား၊ ၇-ပါး၊ ရှောင်ရှား တိုင်းပြည်သူ။** ။သူယုတ်မာတို့၏ အကျင့်တရား ၇-ပါး၊ ခုဒ္ဒကဝတ္ထု ဝိဘင်းပါဠိတော်မှ။ (၁) အ သဒ္ဓေါ-သဒ္ဓါတရားမရှိ၊ (၂) အ ဟိရိကော- မကောင်းမှု၌ မရှက်တတ်၊

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ကောင်းသော ဘ၀ကြီး ငါးပါး ဟူ၏၊ (၁) သမ္မာ သမ္ဗုဒ္ဓ-ဘုရားဘ၀ အဖြစ်၊ (၂) စက္က ဝတ္တိ ရာဇာ-စကြ၀တေးမင်းကြီး၊ (၃) မဟာ ဗြဟ္မာ-ဗြဟ္မာမင်းကြီး၊ (၄) သက္ကော- သိကြားမင်းကြီး၊ (၅) မာရော- မာရ်နတ်မင်းကြီး။

**မှတ်ချက်။** ။ပေါ်ဘိက္ခု ရဟန်းမဘ၀ကိုလည်း မရကောင်းချေ။

**မိန်းမတို့ မရောင့်ရဲနိုင်ခြင်း တရား ၄-ပါး။** ။များသော အားဖြင့် ရှိတတ်ကြောင်းကို နီတိကျမ်း၌ ဆိုသည်၊ (၁) မေထုနေ- မေထုန်မှု၌ပုဒ်း၊ (၂) ဓနေ-ဥစ္စာစည်းစိမ် ရမှု၌ပုဒ်း၊ (၃) ပုတ္တေ- သားဖွားရေး၌ပုဒ်း၊ (၄) အလင်္ကာရေ-တန်းဆာဆင်ဝတ်ရေး၌ပုဒ်း။

**မိန်းမတို့ မာန်တက်ခြင်း အကြောင်း ၅-ပါး။** ။မာတုဂါမ သံယုတ်လာ အထက်ပါ (မိန်းမတို့၏ အား ငါးပါး)ကိုပင် ဆိုသည်။

**မိန်းမတို့ လော်လည်ခြင်း ၅-ပါး။** ။ငုင်းသရုပ် (လော်လီ ၅-ထွေ)၌ ရှုပါ။

**မိန်းမတို့ သတ္တိ ၄-ပါး။** ။ကျက်မှတ်ရ လွယ်ကူစေရန် စာဏကျပျို့လာ အတိုင်း ထုတ်ပြလိုက်သည်။ မိန်းမဟူသည်၊ ဤမျိုးမည်ကား၊ လူရည်တင့်ထွား၊ ဖိုယောကျ်ားထက်။ (၁) အစား နှစ်ပြန်၊ (၂) ဉာဏ်မှာ လေးဆ၊ (၃) လုံ့လခြောက်ပုံ၊ (၄) ကာမဂုဏ် ရှစ်၊ လွန်၍ဖြစ်၏၊ အနှစ်ပညာ၊ ရွှေသွားကာဖြင့်၊ လူ့ရှာလောက၊ ဆက်ဆံကြလော့။

**မိန်းမဒွါရ ၁၃-ပေါက်။** ။အမဟာ သာဂရ ဘေသဇ္ဇ ကျမ်းကြီးမှ။ (က) မျက်စိ ၂-ပေါက်၊ (ခ) နား ၂-ပေါက်၊ (ဂ) နှာခေါင်း ၂-ပေါက်၊ (ဃ) နို့သားမြတ် ၂-ပေါက်၊ (င) ကျင်ငယ်ပေါက်၊ (စ) ကျင်ကြီး ပေါက်၊ (ဆ) ငယ်ထိပ်ပေါက်၊ (ဇ) သားအိမ်တိုက်ခန်းပေါက်၊ (ဈ) ပါးစပ်ပေါက်၊ ပေါင်း ၁၃-ပေါက် ဖြစ်၏။

**မိန်းမများသော၊ ဆက်ဆံရှာ၊ ၅-ဖြာ အာဝေဏိ။** ။ငုင်းသရုပ်(အာဝေဏိက ဒုက္ခ ၅-ပါး)ဟူသော သုတေသန၌ ဆိုခဲ့ပြီ။

**မိန်းမမြတ် ကျတ်ဝတ် ၅-ပါး။** ။ဇာတ္တိသျှတြမှ ယူပြလိုက်သည်၊ မဟာ သုဒဿနသုတ် ၌လည်း ဤနည်း နှင်နှင် လာ၏။ (၁) လုပ်ငန်းကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



(၂) ဒေါသ မီး- ပြစ်မှားပုတ်ခတ်၊ (၃) မောဟမီး- အမှန်မသိ၊ (၄) ဇာတိ မီး- ပဋိသန္ဓေနေ၊ (၅) ဇရာ မီး-အို၊ (၆) မရဏ မီး- သေ၊ (၇) သောက မီး- စိုးရိမ်ပူမဆွေး၊ (၈) ပရိဒေဝ မီး- ငိုကြွေးရှိုက်ငင်၊ (၉) ဒုက္ခ မီး- ကိုယ်ဆင်းရဲ၊ (၁၀) ဒေါမနဿ မီး- စိတ်ဆင်းရဲ၊ (၁၁) ဥပါယာသ မီး- ဆို့တက်မေ့မျောသွားခြင်း။

**မီးလှုံခြင်း အာပြစ် ၅-ပါး။** ။ပဉ္စင်္ဂုတ္တရ ပါဠိတော်မှ။ (၁) အ စက္ခုသော- မျက်စိနှင့် မသင့်၊ (၂) ဒုဗ္ဗဏ္ဏ ကရဏော- အဆင်းမလှ ပြုတတ်၏၊ (၃) ဒုဗ္ဗလ ကရဏ- အင်အားနည်းအောင် ပြုတတ်၏၊ (၄) သင်္ဂဏိကာရာမ ဗဟုလ- မိတ်ဖွဲ့ပျော်ပါး ချိန်ဆုံးပါးခြင်း၊ (၅) တိရစ္ဆာနကထာနိ ပဝတ္တိ- မင်္ဂဖိုလ် ဖီလာစကားတို့သာ များစွာဖြစ်ခြင်း။

**မီးသတ်ကျင့်ဝတ် ၁၀-ပါး။** ။မီးသတ်အဖွဲ့ဝင်သားများ လိုက်နာ ကျင့်ကြံကြရမည့် ဝတ်တရားဆယ်ပါး၊ မီးသတ်ကျင့်ဝတ် ဥပဒေကျမ်းမှ။ (၁) စည်းကမ်း သေဝပ်ရခြင်း၊ (၂) သူရသတ္တိ ရဲရင့်မှု ရှိရခြင်း၊ (၃) သနား ကရုဏာ ရှိရခြင်း၊ (၄) ယဉ်ကျေး သိမ်မွေ့ရခြင်း၊ (၅) လျင်မြန် ဖျတ်လတ်ရခြင်း၊ (၆) စိတ်ထား တည်ကြည်ရခြင်း၊ (၇) ဝတ္တရား ကျေပြွန်ရခြင်း၊ (၈) သစ္စာ ရှိရခြင်း၊ (၉) ညီညွတ်စည်းလုံးစွာ ရှိရခြင်း၊ (၁၀) ကျမ်းမာ သန်စွမ်းရခြင်း။

## [ မု ]

**မုဋ္ဌော ၉-ဆူ၊ တည်တော်မူ၊ စည်သူ မင်းလောင်းမြွတ်။** ။အလောင်း စည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရာ မလေးကျွန်းမှ သိကြွားနတ်တို့ ဆက်လိုက်သော သရက္ခန်ခေါ် သာရဂန္ဓ နံ့သာသစ်ကို ပုဂံသို့ ဆိုက်ရောက် သောအခါ 'မုဋ္ဌိ' ခေါ် လက်တဆုပ်ပမာဏစီ ဗုဒ္ဓရုပ်ပွားတော် ၉-ဆူ ထုပေါ်မူ၍ စေဘီပုထိုး တည်ထား ကိုးကွယ်တော်မူကြောင်းနှင့် သိရ၏၊ ဤ၌ မုဋ္ဌိ ပါဠိမှ- မုဋ္ဌော ဖြစ်လာကာ လက်တဆုပ်ပမာဏကို ခေါ်ဆို ကြောင်း မှတ်ရာ၏။

အတွင်းမုဋ္ဌော ၉-ဆူ။ (၁) စကြံ မုဋ္ဌော၊ (၂) ဆီးတော မုဋ္ဌော၊ (၃) သစ္စာရ မုဋ္ဌော၊ (၄) ဆည်းလည်း မုဋ္ဌော၊ (၅) ရွှေဟောင်ဦး

www.burmeseclassic.com

www.burmeseclassic.com



**မြန်မြန်သွားရန် မလျော်သူ ၄-မျိုး။** ။လျင်မြန်စွာ သွားခြင်းငှါ မတင့်မလျောက်ပတ် ဟူ၏။ ဓမ္မပဒ ။ဌ။ ပ-အုပ်၊ ၂၄၆။ (၁) အဘိသိက်သွန်းဆဲ သွန်းပြီးသော မင်း၊ (၂) ကကြိုးတန်ဆာ ဆင်ယင်ထားသော မင်္ဂလာဆင်တော်၊ (၃) ရသေ့, ရဟန်း၊ (၄) မိန်းမ။

## [ မြား ]

**မြားရေး ဖ-ပါး၊ သရုပ်ပြား၊ ပိုင်းခြား စေဘန်သိ။** ။ထိုထို ရာဇဝင် မဟာဝင်နိပါတ်တော်တို့၌ လေးပစ်ကစား လေးကင်ပွဲများ ကျင်းပသောအခါ မိမိတို့လေးဖြင့် ပစ်လိုက်သော မြား၏ ဆန်းကြယ်သော အရေးအခင်း ဖ-ပါးကို ခေါ်ဆိုသည်၊ 'ဇေတကုမ္မာ ပြဇာတ်လာ'။

(၁) ဝဇီရဟတ်၊ လက်ရုံးတန်ဆောင်၊ စက်ဘုန်းရောင်နှင့်၊ သက်ဆုံးအောင် ငှက်ဘီလူးကို၊ မထားဘူး သတ်တော့မည်။ နတ်ယန္တရား၊ အဖြောင့်တမျဉ်း၊ တောင့်တွင်သွင်းသည့်၊ စိန်စဉ်းသွား။ အင်းဇယားကျ၊ မြားရေးကို ပြရလျှင်၊ လက်မ တတွက်၊ လျှပ်တပြက်တွင်၊ မြားချက် တထောင်၊ သွားလျက်ဆောင်။ တောင်ဝက်ပတ်၊ တထောင် အကောက်၊ ချောင် တရှောက်မှာ၊ ကြောင်, မျောက်, ယုန်ဝပ်စေတော့၊ လွတ်ရမည် မမှတ်နှင့်၊ ထပ်၍ကျသော "ဝက်ဝေဒိ"မြားရေးလည်း တပါး။

(၂) မြားပြာသာဒ် ဝေ၊ ပတ်ပတ်ခွေတဲ့၊ နေဝန်း လဝန်း၊ လေးကျွန်းပုံစံ၊ ရေကန် ရေတွင်း၊ ပုံးတောင်းစကြာ၊ သက်ဆင်းလာသို့၊ မြားဖြာခြင်း၊ ယင်းကို စက္ကေ၊ ခွေဘိအရေး၊ ဝေဒိ ပေးတဲ့၊ မြားရေးပြ။

(၃) ဝေဿဝဏ္ဏော၊ ရွှေလုံအဖျား၊ သန်လျက်သွားကို၊ မြားမကော။ ဇောဗီသကွက်၊ တာသွင်းစက်ကို၊ တချက်မလွဲ၊ ချိန်တူ အစက်၊ မြူမကွက်၊ ထက်ဝက်ခွဲ၊ စွဲအောင် ပစ်နိုင်သော "ခဂ္ဂဝေဒိ" မြား။

တပါးကေစိ၊ ကဗျည်းတဆူ၊ တနည်းမူ၊ အယူရှိသည်မှာ၊ မိဂါသန၊ သရဘာ သား၊ သေနိဟု၊သုံးလ်ပြား၊ မြီးဖျားသေးမျှင်၊ မွေးတပင်ကို

www.burmeseclassic.com

www.burmeseclassic.com



**လက်အုပ်တင်ချီ၊ အဉ္ဇလီ၊ ၅-မည် အဘယ်နည်း?။** ။၎င်း သရုပ် (အဉ္ဇလီ ၅-သွယ်၊ သိမှတ်ဘွယ်)၌ ဆိုခဲ့ပြီ။

**လက္ခဏာရုပ် ၄-ပါး။** ။ဥပါဒ်, ဌီ,ဘင်,သဘောဖြင့် မှတ်ကြောင်း သိကြောင်း ဖြစ်သော ရုပ်များ၊ ၎င်း သရုပ်ကို (ရုပ် ၂၈-ပါး) ၌ ပြခဲ့ပြီ။

**လက္ခဏာတော်ကြီး ၃၂-ပါး။** ။ယောကျ်ားမြတ်တို့ လက္ခဏာကြီးများ ဟူ၏၊ သို့သော် စကြဝတေးမင်းနှင့် ဗုဒ္ဓဘုရား အတွက်သာ မှတ်ယူ သုံးစွဲကြသည်၊ မဟာပဒါနသုတ်မှ။ သုပ္ပတိဋ္ဌိတ ပါဒ- ပြည့်ဖြိုး ညီညာ သော ခြေဖဝါး အပြင် ရှိခြင်း။စက္ကပူရိတ ပါဒ-၁၀၈-ကွက် စက်လက္ခဏာ တော် အစုံပါသော ခြေဖဝါး။အာယတ ပဏှိက-သူတပါးတို့ထက်လုံးဝန်း ရှည်သော ဖနှောင့်။ ဒီဃင်္ဂုလိက- ရင်းတုတ်ဖျားသွယ် ရှည်လျားညီညာ သော. ခြေချောင်း လက်ချောင်း။ မုဒုတလုဏ ဟတ္ထ ပါဒ- ဖွားစအခါ ကဲ့သို့ အမြဲနူးနယ်သော လက်ခြေများ။ ဇာလက ဟတ္ထ ပါဒ-အတို အရှည် မရှိ ညီညာသော လက်ချောင်း ခြေချောင်း။ ဥဿင်္ခ ပါဒ- မြင့်တက်သော ဖမျက်။ ဧဏိ ဇင်္ဃ-ခြေသလုံး၏ ရှေ့နောက် နံပါး၌ အသားစိုင်များရှိ၍ သလေးစပါးနှင့်တူခြင်း။ ဒီဃ ဟတ္ထ- ကိုယ်ခန္ဓာ အဖြောင့်ထား၍ ဒူးဆစ် များကို မှီသောလက်၊ ကောသောဟိတ ဝတ္ထဂုယှ- အအိမ်ဖြင့် ဖုံးလွှမ်းအပ် သောအင်္ဂါဇာတ်။ (၁၀) ။သုဝဏ္ဏ ဝဏ္ဏ-ရွှေအဆင်းကဲ့သို့ ဝါဝင်း၍လုံးကျစ် သော ကိုယ်အနေ အထား ။သုခုမစ္ဆဝီ-နူးနယ်သော အရေအသား ။ဧကေက လောမ-မွေးညှင်းတတွင်း၌ အမွေးတပင်စီသာ ပေါက်ခြင်း၊ ဥဒ္ဒဂ္ဂ လောမ- ထိုမွေးညှင်းတို့သည် လကျ်ာရစ်လှည့်၍ အဖျားကော့တက်ပြီး မျက်စဉ်း ညိုရောင် ရှိခြင်း၊၊ဗြဟ္မုဇု ဂတ္တ-ဖြောင့်စင်းသော ကိုယ်ခန္ဓာ။ သတ္တုဿဒ- လက်ဖမိုး ခြေဖမိုး ပခုံးစွန်း လည်ကုတ် ၎င်း ၇-ဌာန၌ ပြည့်ဖြိုးခြင်း၊ သီဟ ပုဗ္ဗဍ္ဎ ကာယ-ခြင်္သေ့မင်း၏ ရှေ့ပိုင်း ကိုယ်ကဲ့သို့ ရှေ့နောက် အောက်ထက် ပြည့်စုံသော ကိုယ်။ စိတန္တရံသ-လက်ပြင်ရိုး နှစ်ခုကြား ပြည့်ဖြိုးသော အသား ။နိဂြောဓပရိမဏ္ဍလ-အလံနှင့် အရပ် ညီမျှစွာ ရှိခြင်း ။သမ ဝဋ္ဋက္ခန္ဓ- အညီအမျှလုံး၍ လှသော ပခုံး လည်ပင်း ။ (၂၀) ။ရသဂ္ဂ သဂ္ဂီ-အရသာကို ဆောင်ယူနိုင်သော အကြောကောင်းများ။ သီဟ ဟနု-ခြင်္သေ့၏ အောက်

www.burmeseclassic.com

.www.burmeseclassic.com



# [ သု ]

**သုံးသယ်ခုနစ်မင်းနတ်။** ။ဒ္ဂင်းသရုပ်(အတွင်း ၃၇-မင်း၊ အပြင် ၃၇-မင်း)၌ ရှုပါ။

**သုံးဆယ့်တစ်ဘုံ။** ။ဒ္ဂင်းသရုပ်အဓိပ္ပါယ် (ဘုံ သုံးဆယ့်တစ်) မှာ ကြည့်လေ။

**သုံးဆယ့်နှစ် ကောဋ္ဌာသ။** ။ခန္ဓာကိုယ်၏ ၃၂-ပါးသော အဖို့အစု အစိတ် အပိုင်းများကို ခေါ်ဆိုသည်၊ ဥပရိပဏ္ဏာသပါဠိတော်။ ကေသာ-ဆံပင်၊ လောမာ-အမွေး၊ နခါ- ခြေသည်းလက်သည်း၊ ဒန္တာ-သွား၊ တစော-အရေ၊ မံသံ- အသား၊ နှာရု- အကြော၊ အဋ္ဌိ- အရိုး၊ အဋ္ဌိမိဉ္ဇ- ရိုးတွင်းခြင်ဆီ၊ ဝက္ကံ-အညို့၊(၁၀)။ ဟဒယံ-နှလုံး၊ ယကနံ-အသည်း၊ ကိလောမကံ-အမြှေး၊ ပိဟကံ-အဖျဉ်း၊ ပပ္ဖါသံ-အဆုပ်၊ အန္တံ-အူမ၊ အန္တဂုဏံ-အူသိမ်၊ ဥဒရိယံ အစာသစ်၊ ကရီသံ-အစာဟောင်း၊ မတ္ထလုင်္ဂ-ဦးနှောက်၊ (၂၀)။ ပိတ္တံ-သည်းခြေ၊ သေမှံ-သလိပ်၊ ပုဗ္ဗော-ပြည်၊ လောဟိတံ-သွေး၊ သေဒေါ-ချွေး၊ မေဒေါ-အဆီခဲ၊ အဿု-မျက်ရည်၊ ဝသာ-ဆီကြည်၊ ခေဠော-တံတွေး၊ သိင်္ဃာဏိကာ-နှပ်၊ (၃၀)။ လသိကာ-အစေး၊ မုတ္တံ-ကျင်ငယ်။(၃၂)။

**သုံးဆယ့် နှစ်ပါးသော ကံကြမ္မာ။** ။ဒ္ဂင်းသရုပ် အကျယ်ကို (ကံကြမ္မာ ၃၂-ပါး)၌ ပြခဲ့ပြီ။

**သုံးဆယ့် နှစ်ပါးသော တိရစ္ဆာန ကထာ။** ။ဒ္ဂင်း သုတေသန ရပ်ကို (တိရစ္ဆာနာ၊ ဒွတ္တိံသာ၊ ကထာ ၃၂)ဟူသော သရုပ်၌ ပြဆိုခဲ့ပြီ။

**သုံးဆယ့် နှစ်ပါးသော လက္ခဏာတော်ကြီး။** ။ဒ္ဂင်း သရုပ် အဓိပ္ပါယ် (လက္ခဏာတော်ကြီး ၃၂-ပါး)၌ ရှုပါ။

**သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ။** ။ဒ္ဂင်းသရုပ်အဓိပ္ပါယ် **(မင်္ဂလာတရား ၃၈-ပါး)** ၌ ကြည့်ပါ။

**သုံးပုံဖဲဟူ၊ ခေါ်ဆိုမှု၊ သမုဒြာမှတ် အသို့နည်း?။** ။**သုံးပုံဖဲ ခေါ်ခြင်း၏ မူရင်းမြေပြွတ်ကား ဖဲပေါင်း ၂၄-ချပ် ရှိလေရာ ၈-ချပ် တပုံကျ သုံးပုံပြုကာ စီစဉ်ကစားခြင်းကို အစွဲပြု၍ ခေါ်ဆိုလေသည်။**

www.burmeseclassic.com

www.burmeseclassic.com



(၁၁) ကာရာကမ် သဲကန္တာရ၊ အာရှတိုက်(အေယဲလ်) အိုင်၏တောင်ဖက် ပ...ာက်စတန်၏ အနောက်တောင်ဖက်၌ တည်ရှိသည်၊ စတုရန်း မိုင်ပေါင်း (၁,၀၀,၀၀၀) ခန့်မျှ ရှိ၏။

(၁၂) ကီဇီလ်ကမ် သဲကန္တာရ၊ အာရှတိုက် ပါကစ်စတန် အလယ်ပိုင်း၌ တည်ရှိလျက် အလျားမိုင် (၃၇၀) အနံ (၂၂၀)မိုင်ရှိ၍ စတုရန်း မိုင်ပေါင်း (၇၀,၀၀၀) ခန့် ရှိလျက်၊ အမြင့်ပေ (၁,၆၀၀ မှ ၂,၀၀၀)အထိ ရှိသည် ဟူ၏။

(၁၃) လိုင်ဘီယန် သဲကန္တာရ၊ နိုင်းလ်မြစ်၏ အနောက်ဖက် ဆဟာရ သဲကန္တာရ၏ အရှေ့ပိုင်း၌ တည်ရှိသည်၊ စတုရန်း မိုင်ပေါင်း (၅,၀၀,၀၀၀) ကျော်မျှ ရှိသည် ဟူ၏။

(၁၄) မိုဟက် သဲကန္တာရ၊အမေရိကန် ပြည်ထောင်စု ကိုလိုရာဒို သဲကန္တာရ ၏ မြောက်ဖက်၌ တည်ရှိ၏၊ စတုရန်းမိုင်ပေါင်း (၁၅,၀၀၀)ရှိ လျက် အမြင့်ပေပေါင်း(၂,၀၀၀)မျှ မြင့်သည်ဟူ၏။

(၁၅) နူဘီယန် သဲကန္တာရ၊ ပင်လယ်နီမှစ၍ နိုင်းလင်းမြစ် အနောက်ကွေ့ အထိ ကျယ်ပြန့်လျက် ရှိ၏၊ အမြင့်ပေ(၂,၅၀၀)မျှ ရှိသည်။

(၁၆) ရောင်စုံ သဲကန္တာရ၊ အမေရိကန် ပြည်ထောင်စု အရီဇိုးနား ပြည် နယ်၏ အရှေ့မြောက်၌ တည်ရှိသည်၊ အလျား (၇၅) မိုင်ရှိ၍ အမြင့်ပေ (၅,၀၀၀) မြင့်သည်။

(၁၇) ဆဟာရ သဲကန္တာရကြီး၊ တောင်အာဖရိကနိုင်ငံ၏ မြောက်ပိုင်းမှ ပင်လယ်နီအထိ ကျယ်ပြန့်လျက် စတုရန်းမိုင်ပေါင်း(၃၅,၀၀,၀၀၀) ရှိသည်၊ ပင်လယ်ရေပြင်၏ အောက် ပေပေါင်း (၄၀၀ မှ ၁၁,၀၀၀) အထိ နိမ့်၍ ပင်လယ်ရေပြင်၏ အထက်သို့ ပေပေါင်း (၁,၄၀၀ မှ ၁,၆၀၀) အထိ မြင့်သည်။

(၁၈) တက်ကလာမာကန် သဲကန္တာရ၊တရုပ်ပြည်သူ့သမတနိုင်ငံ ဆင်ကျန် ပြည်နယ်၏ အလယ်ပိုင်းမှ တာရင်မြစ်ဝှမ်းအထိ တည်ရှိ၍ အလျား မိုင်(၇၀၀)မျှ ရှိ၏၊ စတုရန်းမိုင်ပေါင်း(၁,၂၅,၀၀၀) အထိ ရှိလေ သည်။

www.burmeseclassic.com

